
www.burmeseclassic.com

# စုလှပြာ

## မင်းနဲ့အိပ်မက်ကလေး



BURMESE CLASSIC .com

CYBER ART GROUP

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ♦ ၉၅၉/၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၂၀၄/၂၀၀၃ (၃)

၂၀၀၃ ခုနှစ်၊ မေလ၊
အုပ်ရေ-၅၀၀
တန်ဖိုး-၃၀/-

ပုံနှိပ်သူ
ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်စက်
၁၃၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ
ဦးတင့်လွင်(ခ)သော်က၊ သော်ကစာပေ
အမှတ် (၆၀၅)၊ သုမေ္မာလမ်း၊ မြောက်ဥက္ကလာပ
ရန်ကုန်မြို့။

BURMESE CLASSIC .com

# စုဇော်မြ

# မင်း နဲ့ အိပ် မက် ၈ လေး

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သူမတို့ သူငယ်ချင်းတစ်စု ပုဂံသို့ ဘုရားဖူး ရောက်လာစဉ် ရွှေစည်းခုံဘုရား ဆီမီးတစ်ထောင် ပူဇော်ပွဲနှင့် ကြုံကြိုက်နေလေသည်။

ဘူးဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရားများ၏ ဆီမီးတစ်ထောင် ပူဇော်ပွဲများနှင့်လည်း ကြုံကြိုက်နေရ၏။

ဆီမီးတစ်ထောင် ပူဇော်ပွဲများကို သီတင်းကျွတ်လပြည့်နေ့ ညချမ်းတွင် ပြုလုပ်ကြသည်။

မြို့ခံ အိမ်ရှင်က ဆရာဝန်မလေး ယုယုအေးဖြစ်ပြီး ရောက်လာသည့် သူငယ်ချင်းမများကလည်း အားလုံး ဆရာဝန်တွေချည်းပင်။

'ဆီမီးတစ်ထောင်ပူဇော်ပွဲကို လိုက်ပို့ပေးမယ်၊ ဘယ်ဘုရားအရင်သွားမလဲ'

အိမ်ရှင် ယုယုအေး၏ စကားကြောင့် ကျန်ညီသည့် ဆရာဝန်မများဖြစ်ကြသည့် ရွှန်းလဲ့၊ မိုးပြာ၊ ကေနိုင်၊ ဘ[illegible]န် နှင့် ယွန်းနုဝတီတို့အားလုံး ပျော်ရွှင်နေကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဘုရားတွေအားလုံး ဖူးရမယ်ဆိုလို့ ပျော်လိုက်တာကွာ၊ ဒါနဲ့ မေးရဦးမယ်၊ ဘာနဲ့ သွားကြမှာလဲ၊ ခြေလျင်လား၊ မြင်းလှည်းနဲ့လား'

ရွှန်းလဲ့အမေးကို ယုယုအေးက ...

'ငါ့အစ်ကိုက ဂျစ်ကားနဲ့ပို့ပေးမယ်လို့ ပြောတယ်' ဟု ပြောလိုက်သည်။ သူမအစ်ကိုက လှူပျိုကြီးဖြစ်ပြီး ပုဂံမြို့ထဲတွင် တည်းခိုခန်းတစ်ခုဖွင့်ထားသူ ဖြစ်သည်။ ထိုဝင်ငွေဖြင့် မိသားစု စားဝတ်နေရေးအတွက် တာဝန်ယူနေသူပင်။

မိုးပြာက လေသံတိုးတိုးဖြင့် ...

'ဟဲ့ ... နင့်အစ်ကို လှူပျိုကြီးက ငါတို့လို ဆရာဝန်မချောချောတွေကို ဖားထားမှ သူ့အတွက် အလားအလာကောင်းမယ်ဆိုတာ ကြိုတင်ပြီး သိနေတယ်ထင်ပါရဲ့' ဟု နောက်လိုက်သည်။ ယုယုအေးက နှာခေါင်းရှုံ့လိုက်ပြီး ...

'ညည်းတို့ကိုလား စိတ်ဝင်စားမှာ၊ သူက သူ့ဝမ်းတောင် သူမသထာလို့ လှူပျိုကြီး လုပ်နေတာအေ့'

'အဟား ... လှူပျိုကြီးတဲ့လား၊ ညည်းအစ်ကို ခုနစ်ရက်အတွင်း ဖောက်ထိုးမိုးမျှော်ဖြစ်မဖြစ်စောင့်ကြည့် 'နေလိုက်စမ်းပါ' ဟု ဘရစ်နီက မခံချိမခံသာ လေသံဖြင့် ပြန်ပြောသည်။

ဘရစ်နီစကားကြောင့် ယုယုအေး စိုးရိမ်ပူပန်သွားသည့် အမူအရာဖြင့် ...





'ကောင်မတွေနေ့် ... ညည်းတို့အကြောင်းများ မသိဘူးထင်နေလား၊ ငါ့အစ်ကို ဒုက္ခရောက်အောင် ရှုတ်ရှုတ်ရှုတ်မလုပ်ကြနဲ့' ဟု သတိပေးလိုက်သည်။

'ကဲပါ ... စကားရှည်မနေကြပါနဲ့တော့၊ ဘုရားပွဲသွားဖို့ ပြင်ဆင်ကြတော့လေ' ဟု ကေခိုင်က ပြောလိုက်သည်။

ဒေါက်တာယုယုအေး၏ အစ်ကို ကိုလှိုင်းအေးတွင် ကိုယ်ပိုင်ဂျစ်တစ်စီးရှိသဖြင့် ဂျစ်ကားဖြင့် သူမတို့အား ပို့ဆောင်ပေးခဲ့သည်။

'ပထမဦးဆုံး ဘူးဘုရားဘက်သွားကြမယ်၊ ပြီးတော့ အာနန္ဒာ၊ မဟာဗောဓိဘုရားတွေ သွားကြမယ်၊ ရွှေစည်းခုံဘုရားက ညောင်ဦးမှာဆိုတော့ အပြန်မှ ဝင်ကြတာပေါ့'

ဘူးဘုရားဘက်ရောက်တော့ နေဝင်လုဆဲဆဲအချိန်သာ ရှိသေးသည်။ ဆီမီးခွက်များတွင် ဆီမီးထွန်းရန် ဆီဖြည့်နေကြဆဲ ဖြစ်သည်။

ဘူးဘုရားသည် ဧရာဝတီမြစ်ကမ်းတွင် တည်ရှိ၍ မြစ်ပြင်နှင့် အလွန်ပန်းရသည်။ စေတီကိုယ်ထည်မှာ သပိတ်မှောက်ပုံဖြစ်သည်။ သရေခေတ္တရာရှိ ဘောဘောကြီးစေတီ၊ ပုဂံရှိ ကျွဲနားတောင်းစေတီဆန်ဆန် ပုံသဏ္ဌာန်ဖြစ်သည်။ ရှေးကျသည်ဟု ဆိုရပေမည်။ ဘူးဘုရား ရင်ပြင်တော်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်မှအောက်သို့ ငုံ့ကြည့်လျှင် ရောဝတီမြစ်နှင့် ပတ်ဝန်းကျင် ရှုမျှော်ခင်းအလှအပများကို မြင်တွေ့ခံစားရသည်။

'ယွန်းနုဝတီ ဒီနားက လာရပ်ကြည့်ပါဦး'

ယုယုအေးက သူမလက်တစ်ဖက်ကို ဆုပ်ကိုင် ခေါ်လာပြီး ပြောလိုက်သည်။

ပုဂံ၏ နေဝင်ဆည်းဆာအလှသည် ရောဝတီ မြစ်ပြင်ကို ပတ္တမြားရောင်တောက်ပစေပြီး ရှုမောမဆုံးနိုင်စရာ ပန်းချီကားတစ်ချပ်နှင့်တူနေတော့၏။

"ဟိုမှာ မြင်ရတဲ့ အုတ်လှေကားထစ်ကလေးတွေက နေ ဆင်းသွားရင် ရေချိုးဆိပ်ကို ရောက်တယ်'

ယုယုအေးက ပြောပြောဆိုဆို ရေချိုးဆိပ်သို့ ဆင်းသည့် လှေကားမှ ဆင်းသွားသောကြောင့် သူမနောက်မှ ယွန်းနုဝတီလည်း လိုက်၍ဆင်းလာခဲ့သည်။

ရေချိုးဆိပ်အနီးရှိ ကျောက်တုံးကြီးတစ်ခုပေါ်တွင် တက်ပြီးရပ်လိုက်ကြသည်။

လုလွန်းသည့် အရုပ်ကလေးနှစ်ခုနှင့် တူနေတော့သည်။

ညနေဆည်းဆာတွင် လှပသော ဝတ်စုံလေးများ တလွင့်လွင့်ဖြင့် မြစ်တစ်ဖက်ကမ်းကို ငေးမောကြည့်ရှုနေ



BURMESE CLASSIC .com



သည့် သူမတို့ နှစ်ဦး၏ ပုံစံမှာ လန်းဆန်းနုပျို၍ ရွှင်လန်းနေကြသည်။

မြစ်ပြင်ဘက်မှ တဝူးဝူး တိုက်ခတ်နေသည့် လေပြေလေညှင်းကြောင့် သူမတို့၏ နက်မှောင်သော ဆံပင်များ တလွင့်လွင့်နှင့် လှပနေသည်။

ပန်းပိတောက်ဝါတွေ xxxx ရွှေရည်လူးဖူးပွင့်ခဲ့ပြီလေ ချစ်ဦးမေရေ xxxx ပန်းပွင့်ကို လာမ်းလင့်ကာဖြေ ပေးချင်လှပေ xxxx ပေးချင်လှပေ xxxx ချစ်သူ xxxx ချစ်သူ မချူ xxxx ရစ်ဖမ့်ူ ဤမြေ ကုန်ကာဆုံးစေတော့ မတွေ့ရင်မောင်မနေ xxxx မြတ်ဘုရားဟံပါးမှာ xxxx သိထားသက်သေ xxxx တောင်းဆုချွေ xxxxတောင်းဆုချွေ နှစ်သစ်ချစ်ဦး xxxxပျော်မြူးရွှင်ရွှာ တွေ့ပါရစေ နှစ်သစ်ချစ်ဦးမေ xxxx မောင်ခေါ်ရင် မေထူးစေ မေခေါ်ရင် မောင်ထူးပါမယ်လေ xxxx

လွင့်ပျံ့လာသည့် သီချင်းသံကြောင့် သူမတို့ နှစ်ဦး အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

ရောဝတီမြစ်ကမ်း တစ်နေရာတွင် သီချင်းအော်ဆိုပြီး လူးလာခေါက်တုံ့လျှောက်နေသည့် လူတစ်ယောက်ကို မြင်တွေ့လိုက်ရသောကြောင့် အကြီးအကျယ် အံ့သြသွားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူသည် အသက်အစိပ်ခန့်သာ ရှိဦးမည်ဟု ခန့်မှန်းရပြီး ယောပုဆိုးအပြာရောင်ခပ်ရင့်ရင့်ကို ဖွပ်ကျယ်လက်ပြတ်အစိမ်းရောင်အောက်ခံ၍ နုံ့သာရောင်တိုက်ပုံညစ်နွမ်းနွမ်းကို ထပ်ဝတ်ထားသည်။

ခြေထောက်တွင် ကတ္တီပါ ဖိနပ်အဟောင်းတစ်ဖက်ကို စီးထားပြီး ကျန်ခြေထောက်တစ်ဖက်တွင် ဖိနပ်မစီးထားပေ။

''ဟိုလူ့ကြည့်ရတာ ကတ်သီးကတ်သတ်နိုင်လိုက်တာ' ဟု ဒေါက်တာယုယုအေးက ပြောလိုက်ပြီး မျက်မှောင်ကုတ်၍ ကြည့်နေ၏။

ဒေါက်တာယွန်းနုဝတီက ထိုလူ့ကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။

သူ့ပုံစံက သာမန်လူတစ်ယောက်နှင့်မတူဘဲ စိတ်နောက်နေမှန်း သိသာပါသည်။ သူ့မျက်ဝန်းတွေက ရီဝေနေပြီး တည်ငြိမ်မှုမရှိ၊ အဓိပ္ပာယ်မရှိသော အပြုံးများဖြင့် သီချင်းသံကျယ်ကျယ် အော်ဆိုရင်း မြစ်ကမ်းနဖူးသောင်ပြင်ပေါ်မှာ လူးလာခေါက်တုံ့လျှောက်နေပြီး နည်းနည်းမှ မောပန်းပုံမရပေ။

'သူ့ကြည့်ရတာ စိတ်နောက်နေပုံရတယ်'

ယွန်းနုဝတီစကားကြောင့် ယုယုအေး ခေါင်းညိတ်လိုက်၏။ သူမတို့နှစ်ဦးစလုံး ဆရာဝန်ဖြစ်ကာစ မိန်းကလေး





များမို့ ထိုလူရွယ်ကို တစ်ခဏမျှ အကဲခတ်လိုက်ရုံနှင့်ပင် စိတ်နောက်နေသောသူမှန်း သိသာလှသည် မဟုတ်ပါလား ...

ခဏကြာတော့ မြင်ကွင်းက ထူးဆန်းလာသည်။

ထိုလူရွယ်က သီချင်းဆိုပြီး ကသည်၊ ငိုသည်၊ လွမ်းနေသည်။ သူ့အနီးတွင် ကလေးအချို့ရောက်လာကြပြီး လက်ခုပ်လက်ဝါးတီး၍ အားပေးနေကြ၏။

'ဟော့ ... ယွန်းနု၊ ယုတို့ သွားကြည့်ကြရရင် ကောင်းမယ်ထင်တယ်'

'အိုကေ ... အိုကေ'

ဆရာဝန်ပေါက်စတွေဆိုတော့လည်း တစ်ယောက်အပြောကိုတစ်ယောက်က လက်ခံပြီး ထိုလူ့အနားကို လျှောက်လာခဲ့ကြသည်။

ချောချောလှလှ သူမတို့ နှစ်ဦးကို မြင်လိုက်ရသောကြောင့် လူရွယ်က အလွမ်းသီချင်းတစ်ပုဒ်ကို ဟန်နှင့်ပန်နှင့် သီဆိုနေရာမှ ရပ်တန့်ပြီး မျက်နှာခပ်ပြည်တည်ဖြင့် ...

'ဩော် ... မမတို့ပါလား၊ ပွဲလက်မှတ်အဆင်ပြေတယ်နော်' ဟု မေးလိုက်သောကြောင့် သူမတို့နှစ်ဦး ပြုံးစိစိဖြစ်သွားကြသည်။

ကလေးများအားလုံးလည်း အံ့အားသင့်ပြီး ကြည့်နေကြ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

'မမတို့လာမယ်ဆိုလို့ ကျွန်တော်ပွဲကန်ထရိုက် ဦးအောင်မောင်းကို ရှေ့ဆုံးက ဖျာသုံးချပ်မရောင်းဘဲ မမတို့အတွက် ချန်ထားဖို့ အသေအချာ မှာထားပြီးပြီ ကဲ ... မမတို့ ဇာတ်ရုံထဲဝင်ကြလေ'

သူ့စကားကြောင့် မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိကြ၏။

'ခစ် ... ခစ် ... ခစ်'

'ဝါး ဟား ဟား'

'မမတို့ ဘာရယ်နေတာလဲ ... ကျွန်တော်ပြောနေတာ မယုံလို့လား'

သူ့အမူအရာက စိတ်နောက်နေသော်လည်း စိတ်နောက်နေသည့် ပုံစံပျောက်ပြီး လူကောင်းတစ်ယောက်လို ဖြစ်နေသောကြောင့် သူမတို့နှစ်ယောက် ကရုဏာဖြစ်သွားကြသည်။

ဒေါက်တာယွန်းနုဝတီက သူ့မျက်နှာကို စူးစူးစိုက်စိုက် ငေးကြည့်နေရာမှ

'ရှင်က ဇာတ်ရုံထဲ ဝင်နိုင်းနေတယ်၊ ဘယ်မလဲ ဇာတ်ရုံ' ဟု မေးလိုက်သည်။

''ဟုတ်ပါရဲ့ ... ရှင့်ဇာတ်ရုံကော' ဟု ယုယုအေးက လည်း ဝင်ပြောလိုက်သည်။ ထိုအခါကျမှ သူက

'ဇာတ်ရုံ ... ဟုတ်လား၊ ဇာတ်ရုံက အနီးကလေးပါ၊ ဟို ... မကွေးမြသလွန်ဘုရားနားမှာပေါ့'

'ဒါက ပုဂံလေ၊ မကွေးမြသလွန်က အဝေးကြီးမှာရှင့်'

ယွန်းနုဝတီစကားကြောင့် သူ အူကြောင်ကြောင့်ဖြစ်သွားပြီး

'မကွေးမြသလွန်ဘုရားပွဲမှာ' ကျွန်ပတော့ဇာတ်အဖွဲ့ နာမည်အကြီးဆုံးပဲ၊ တစ်နေ့တစ်နေ့ ဖျာကုန်သွားလို့ ကြည့်ချင်တဲ့ လူတွေ မကြည့်ကြရဘူးဗျာ'

သူက လက်နှစ်ဖက်ပိုက်ပြီး မျက်နှာကို မော့၍ ပြောနေပြန်သည်။

'ရှင်က ဇာတ်မင်းသားလား'

'မမတို့ မသိကြတာ အံ့သြဖို့ကောင်းတယ်'

ဝင့်ကြွားစွာ ပြောလိုက်သည့် သူ့အမူအရာကြောင့် ရယ်ချင်စိတ်ကို မျိုသိပ်ပြီး ...

'ဩော် ... မေ့နေလို့ပါ၊ ရှင့်နာမည်လေး ပြောပြပါဦး' ဟု ယုယုအေးက မေးလိုက်သည်

'ကျွန်တော်က ဇာတ်မင်းသား [illegible] ဇိနိပလိနိတိနိပါ'

သူ့စကားကြောင့် သူမတို့ နှစ်ဦး မမျိုသိပ်နိုင်ကြတော့ဘဲ တဟားဟား ရယ်မောလိုက်မိကြသည်။

အနီးရှိကလေးများကလည်း တသောသောရယ်လိုက်ကြ၏။ ကလေးတစ်ဦးက ...





www.burmeseclassic.com

www.burmeseclassic.com

'ဟား ... ဟား၊ ဒီမင်းသားရှုး နာမည်က စိန်ပလိန်တိန်တဲ့ဟေ့၊ စိန်ပလိန်တိန် မုန့်ကြိုးလိမ်၊ ဂိန် ဂိန် ဂိန်'ဟု နောက်လိုက်ရာ သူက စိတ်ဆိုးသွားပြီး သိုကလေးကို သဲပြင့် ကျုံးပက်ပါတော့သည်။

'ဟော့ ... ဟော့ စိန်ပလိန်တိန် ကပြုပါဦးဗျို့'

'မလုပ်ပါနဲ့ကွာ ... ဟိုတစ်နေ့က စိန်ပလိန်တိန်အကကောင်းလို့ ဘုန်းဘုရားရှေ့က ယွန်းပစ္စည်းတွေ ရောင်းတဲ့ အဒေါ်ကြီး တံမြက်စည်းနဲ့ လိုက်ရိုက်တာ ဖနောင့်နဲ့ တင်ပါး တစ်သားတည်း ပြေးရပါရောလား' ဟု ဆယ့်လေးနှစ်ရွယ် ကောင်လေးတစ်ယောက်က ပြောလိုက်သောကြောင့် သူ ဒေါသပေါက်သွားသည်။

'ဟေ့ကောင်တွေ ... မင်းတို့ ငါ့အကြောင်း ဘာ မဟုတ်တရုတ် ပြောနေကြတာလဲကွ'

'ဟုတ်တာပြောတာပဲဗျ၊ ခင်ဗျားကလဲ'

'ဘယ်က ယွန်းခွက်ဆိုင်လဲ ... ငါမသိဘူး'

သူ ခပ်တည်တည်ဖြင့် ဘုမှတ်လိုက်သည်။

'စိန်ပလိန်တိန် လိမ်တယ်ဟေ့'

'မင်းတို့သာ လိမ်နေတာ၊ အားလုံး ငါ့အကြောင်း သိမယ်'

ပြောပြောဆိုဆို သဲများဖြင့် ကျုံးပက်လိုက်သောကြောင့်





ကလေးအုပ်စု ထွက်ပြေးသွားကြတော့၏။

'ဒီအရှုးကြည့်ရတာ သနားစရာပဲနော် ယွန်းနု'

ယွန်းနုဝတီက မျက်နှာလေးညှိုးငယ်ပြီး တစ်ခုခုကို စဉ်းစားနေမိသလို ငြိမ်သက်တွေဝေနေသောကြောင့်

'ဟဲ့ ... ယွန်းနုရယ်၊ ဘာတွေ ဒီလောက်တွေးနေ တာလဲ၊ ယုပြောတာ ကြားရဲ့လားဟင်'

သူမက ယုယုအေးကို လှည့်ကြည့်လိုက်ပြီး ပြောလိုက်သည်။

'စိတ်မကောင်း ဖြစ်မိလို့ပါ မိယုရယ်'

'ဘာဖြစ်လို့လဲဟင်'

'အဲဒီလူကလေ သေသွားတဲ့ ယွန်းနုရဲ့ မောင်လေးနဲ့ တကယ်တူတာ သိလား၊ အရုပ်အငမောင်း ကိုယ်လုံးကိုယ်ထည် မျက်နှာကလဲ ဆင်တယ်၊ မောင်လေးက အသား သတ်ပြီး သူက အသားနည်းနည်း ပိုညိုတယ်၊ ဒါကလွဲရင် အတော်ကို ရုပ်ရည်ချင်း အရုပ်အမောင်းချင်း တူတယ်လေ၊ ဒါကြောင့် သူ့ကို မြင်ရတော့ မောင်လေးညီတွေးကို သတိရ မိတယ်'

'ဟုတ်လား ... ယွန်းနုရေ ယုက ယွန်းနုရဲ့ မောင်လေးကို တစ်ခါမှလဲ မမြင်ဖူးတော့ ဘယ်သိမလဲကွယ်'

ယွန်းနုဝတီတို့ မိသားစုက တောင်ငူမြို့မှာ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြပြီး သူမက ရန်ကုန်ဆေးတက္ကသိုလ်တွင် လာရောက်တက်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့် သူမ၏ သူငယ်ချင်းများက သူမမောင်ဖြစ်သူ ညီထွေးကို မမြင်ဖူးကြခြင်း ဖြစ်၏။

'ဟော ... ဟော ... ဟိုမှာ သူပြန်လာပြီ'

ကလေးများ နောက်ပြေးလိုက်သွားရာမှ သူမတို့ နှစ်ဦးရှိရာသို့ သူပြန်ပြေးလာသည်။

သူက အနီးရောက်တော့ ...

'မမတို့ကို မေးချင်းမယ် ... မမဖင်မီကော ပါမလာခဲ့ဖူးလား'

'ဘယ်က ဖင်မီလဲ'

'ကျွန်တော့်ချစ်သူ မမဖင်မီပေါ့'

သူ့စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

'မမဖင်မီက ဆရာဝန်လေ၊ သူဆေးကုနေရလို့ လိုက်မလာနိုင်ဘူးထင်ပါရဲ့'

သူ့စကားကြောင့် သူမတို့ နှစ်ဦး မျက်လုံးပြူးသွားကြ၏။

'အံမယ် ... အရူးကလဲ အလာကြီးပါလား။ သူ့ချစ်သူက ဆရာဝန်မတဲ့ ... ကြီးကြီးကျယ်ကျယ်ပြောစရာရှားလို့'





ဟု ဒေါ်ဖောင်းသွားမိကြသည်။

'လာ ... သွားကြစို့ ယွန်းနု၊ အရူးကအရူးပါး စိတ်ဆိုးစရာစကားတွေ နားကြားပြင်းကပ်စရာတွေ ပြောနေလိုက်တာ ဟွန်း'

ယုယုအေး စိတ်ဆိုးစွာပြောလိုက်သည်။

ယွန်းနုဝတီက သူ့ကို စာနာသည့်မျက်လုံးများဖြင့် ကြည့်နေရာမှ အကြည့်လွှဲလိုက်ပြီး ယုယုအေး နောက်မှ လိုက်လာခဲ့သည်။

သူကတစ်ယောက်တည်း အော်ဟစ်ပြီး ကျန်ရစ်ခဲ့၏။

'ဗျို့ အစ်မတို့ မမဖင်မီကို တွေ့ရင် ပြောလိုက်ပါနော်၊ သူ့ကို မျှော်ရင်း ကျွန်တော်ပွဲကရတာ မှ(ဒ်) မဝင်ဘူးလို့၊ ဗီလင်တွေ အောက်နေတယ်လို့'

သူမတို့နှစ်ဦး ရယ်လိုက်မိကြပြန်သည်။

❏◗❏


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဘူးဘုရားရင်ပြင်တော်ပေါ်တွင် မိန်းကလေးနှင့် ယောကျ်ားလေးများ အုပ်စုအချို့ ဆီမီးခွက်များကိုယ်စီဖြင့် အလုပ်ရှုပ်နေကြသည်။

'ဟော . . . ယုယုအေး လာလေ'

လူအုပ်ကြားထဲမှ မိန်းကလေးတစ်ယောက်က ယုယုအေးကို လှမ်းခေါ်လိုက်သည်။

'တို့ဘုရားဖူးလိုက်ဦးကြမလို့'

ယုယုအေး ပြန်ပြောလိုက်ခြင်းပါ။

'ဆီမီးမပူဇော်တော့ဘူးလား။ ရန်ကုန်က ရောက်လာတဲ့ မိယုသူငယ်ချင်းတွေကို ဆီမီးထွန်းဖို့ ပြောလိုက်ပါဦး'

'သူငယ်ချင်းတို့ရေ . . . ကြုံတုန်းကြုံခိုက် ဆီမီးပူဇော် သွားကြဦးမလား' ဟု ယုယုအေးက သူငယ်ချင်းများအား လှမ်းခေါ်လိုက်သည်။





ဘုရားရင်ပြင်တော်အပေါ်ဘက် ပစ္စယံတွင် ဆီးမီး ပူဇော်ရန် ဆီမီးခွက်ငယ်များ ပတ်ချာဝိုင်း၍ထားကြသည်။

ထိုဆီမီးခွက်ငယ်များထဲမှ ဆီမီးခွက်ငယ်တစ်လုံးတွင် ယုယုအေးက မီးထွန်းညှိပြီး ပူဇော်ကန်တော့သည်။

ယွန်းနုဝတီအပါအဝင် ကျန်သူငယ်ချင်းများကလည်း သူမ နည်းတူ ဆီမီးခွက်ငယ်တစ်လုံးစီတွင် မီးထွန်းညှိပြီး ပူဇော် ကန်တော့ကြသည်။

'ကဲ သွားကြစို့'

ကိုလင်းအေးက အားလုံးကို ခေါ်ပြီး ဘူးဘုရားရင်ပြင် ထဲမှ ထွက်လာခဲ့ကြသည်။

ဂျစ်ကားအနီးရောက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေပေပြီ။

ဂျစ်ကားပေါ်တက်ထိုင်လိုက်ကြပြီး ဂျစ်ကားထွက်သည် နှင့် ကိုလင်းအေးက ပြောလိုက်သည်။

'အာနန္ဒာဘုရားပြီးတော့ မဟာဗောဓိဘုရား ဖူးပြီးမှ ရွှေစည်းခုံဘုရားကို သွားကြမယ်'

ခပ်ငေးငေးဖြစ်နေသည့် ယွန်းနုဝတီအား မိယုက တံတောင်ဆစ်တစ်ဖက်ဖြင့် တွက်လိုက်ပြီး . . .

'ဟော့ . . . ယွန်းနုငေးလှချည်လား . . .' ဟု ပြုံး၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မငေးပါဘူးကွာ'

'မသိပါဘူး၊ ယူ့စိတ်ထဲမှာ ဟိုအရှုးလေး တွယ်ငြိပြီး ပါလာသလားလို့'

'သနားနေမိတာတော့ အမှန်ပဲကွယ်၊ သူက ကိုယ့်မောင်လေးနဲ့ တူတော့လဲ စိတ်ထဲမှာ သနားနေမိတယ်'

'လူတူမရှား နာမည်တူမရှားတဲ့၊ မေ့ပစ်လိုက်ပါ သူငယ်ချင်းရယ်'

ယုယုအေးစကားကြောင့် ကျန်သူငယ်ချင်းများ စိတ်ဝင်စားသွားကြ၏။

'ဘယ်သူ့အကြောင်း ပြောနေကြတာလဲ' ဟု ဘရစ်နီက မေးသည်။

'လူတစ်ယောက်အကြောင်း ပြောနေတာပါ'

'ဘယ်သူလဲ ... ဘယ်ကလဲ၊ ဒီအရပ်ကပဲလား'

မိုးပြာ ရေပက်မဝင်အောင် မေးလိုက်သောကြောင့် မိယု သက်ပြင်းမှုတ်ထုတ်လိုက်သည်။

'ယူ့မေးခွန်းတွေကလဲ တစ်ထိုင်တည်းများလိုက်တာကွာ၊ ဘယ်ကစဖြေရမှန်းတောင် မသိဘူး'

'ဖြေချင်တဲ့ဆီက စဖြေဟာ' ဟု မိုးပြာ ပြောလိုက်၏။





'သူ့နာမည်က စိန့်ပလိန့်တိန့်၊ အလုပ်က မင်းသားရှုး ဒီအရပ်ကဟုတ်လား မဟုတ်လားတော့ မသိဘူး၊ ကဲ ... ဘာမေးချင်သေးလဲ'

မိယုစကားကြောင့် အားလုံးအံ့အားသင့်နေမိကြ၏။

ကေခိုင်က ဆရာကြီးပုံစံဖမ်းပြီး ပြောနေကျ သူ့လေသံအတိုင်း ဝင်ပြောလိုက်သည်။

'ဟဲ့ ... မိယုရဲ့၊ ဟိုက မသိလို့ အကောင်းမေးတာကို ကောင်းကောင်းဖြေပါတော့လား'

'အမှန်အတိုင်း ဖြေနေတာလေ၊ ဘယ်လိုထင်လို့လဲ'

ကေခိုင်က မိယုကို ဆက်မမေးတော့ဘဲ ယွန်းနုဝတီကို မေးလိုက်သည်။

'ဟုတ်သလား ယွန်းနု၊ ဘယ်က အရှုးနဲ့ ဆုံခဲ့လို့လဲ'

'အရှုးမဟုတ်ပါဘူး၊ စိတ်နည်းနည်း နောက်နေတာပါကွယ်၊ ကောင်လေးက သနားကမားလေးပါ၊ စောစောက တို့နဲ့ မိယု သောင်ခြေပေါ် လျှောက်ရင်း သူနဲ့ ဆုံခဲ့ရတာ'

'အခု ဘယ်မှာလဲ'

'သူ့ ဘာသာကျွန်ရစ်ခဲ့ပြီပေါ့'

သူ့စကားကြောင့် မိုးပြာက

'ခေါ်ခဲ့ရောပေါ့' ဟု ပြောသည်။

'ဘာလို့ ခေါ်ခဲ့ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ငါတို့က ဆရာဝန်တွေပဲ၊ ဆေးကုပေးမလို့ပေါ့၊ ဆရာဝန် ခြောက်ယောက်ပေါင်းပြီး ဆေးကုပေးလိုက်ရင် ဒီလူတော့ အရှုးထောင်ကို တန်းခနဲရောက်သွားမှာ သေချာတယ်ဟေ့'

'အမလေး . . . မလုပ်ပါနဲ့ မိုးပြာရယ်၊ သူ့ချစ်သူ ကလဲ ဆရာဝန်မပဲတဲ့၊ အပြောကတော့ ကြီးသလားမမေးနဲ့'

'ဒါဖြင့် အရာဘူးပေါ့၊ အရူးပါးလေ . . . ဟဲ ဟဲ'

'ငါ့နားထဲမှာ အရူးပါး ပေါ်ပြူလာဖြစ်နေသလိုပဲ၊ တော်ကြစမ်းပါဟယ်၊ နားညည်းနေပြီ'

ရွှန်းလဲ့ ဟန့်တားလိုက်သောကြောင့် အားလုံးနှုတ်ဆိတ်သွားကြ၏။

သူမတို့ စီးလာသည့် ဂျစ်ကားက အာနန္ဒာဘုရားရှေ့တွင် ထိုးရပ်လိုက်သည်။ အားလုံး ဂျစ်ကားပေါ်မှ ဆင်းလိုက်ကြပြီး အာနန္ဒာဘုရားထဲ ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

'အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ရှေးဟောင်းဘုရားကြီးတစ်ဆူပဲ၊ ကျန်စစ်သားမင်းကြီးရဲ့ ကောင်းမှုတော်ဖြစ်တယ်'

အာနန္ဒာလိုဏ်ဂူဘုရားထဲရှိ ဘုရားရုပ်ပွားတော်လေးဆူကို လှည့်လည်ဖူးမြော်နေကြသည်။





'နန္ဒမူလ လိုဏ်ဂူမှာ သီတင်းသုံးရာက ပုဂံနေပြည်တော်ကို ကြွရောက်လာခဲ့ကြတဲ့ ရဟန္တာအရှင်မြတ်တွေကို အကြောင်းပြုပြီး နန္ဒမူလလိုဏ်ဂူ ပုံသဏ္ဍာန်အတိုင်း ဒီအာနန္ဒာလိုဏ်ဂူကြီးကို တည်ဆောက်ခဲ့တာလို့ ရာဇဝင်ကျမ်းတွေမှာ အဆိုရှိခဲ့ကြတယ်'

မြို့ခံပုဂံမြို့သူ ယုယုအေးက ရှင်းပြနေခြင်းပါ။

အာနန္ဒာဘုရားတွင် ပစ္စယာအဆင့်ဆင့်၌ ဆီမီးများ ပူဇော်ထားသည်ကို တွေ့ကြရ၏။

'ဆီမီးတစ်ထောင် ပူဇော်ထားတာ အလွန်ကြည်ညိုစရာ ကောင်းတယ်နော်'

ကေခိုင်က လက်အုပ်ချီ ဖူးမြော်ရင်း ပြောလိုက်သည်။

'ဟုတ်တယ် . . . အလွန်ကြည်ညိုဖွယ်ရာပါပဲ'

လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးလေးဆူမှာ ဘဒ္ဒကမ္ဘာတွင် ပွင့်ခဲ့ပြီးဖြစ်သော ကောကုသန်၊ ကောဏာဂုံ ကဿပ၊ ဂေါတမ စသည့် ဘုရားလေးဆူကို ရည်မှန်း ထုလုပ်ထားခြင်း ဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီးလေးဆူ၏ ရှေ့တွင်လည်း သီး... များ ပူဇော်ထားသည်ကို တွေ့ရသည်။

'အာနန္ဒာဘုရားသမိုင်းကိုတော့ အေး... ပြောပြမယ်၊ ခု မဟာဗောဓိဘုရားဘက် သွား...


www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိဘုရားရှိရာသို့ ထွက်လာခဲ့ကြသည်။

မဟာဗောဓိဘုရား၏ အဝင်ဝ တန်ဆောင်းဘေး အုတ်တံတိုင်းနှစ်ဖက်ပေါ်မှာ ဆီမီးခွက်များ ပူဇော်ထားသည်ကို တွေ့ရသည်။

ဂူဘုရားတစ်ဆူလုံး ဆီမီးများ လင်းထိန်နေသည်။ ဂူအတွင်းတွင် တင်ပျဉ်ခွေရုပ်ပွားတော် ဆင်းတုကြီးတစ်ဆူကို ဖူးမြင်ရသည်။

'ထီးလိုမင်းလိုဘုရင်ရဲ့ ကောင်းမှုတော်ပဲ ကေခိုင်၊ မြဘ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂါယာ မဟာဗောဓိဘုရားရဲ့ ပုံစံကို ယူပြီး တည်ထားခဲ့တာလို့ အဆိုရှိကြတယ်'

ကိုလင်းအေးက ကေခိုင့်အနီးကပ်ပြီး ပြောပြနေ၏။

'အစ်ကိုလဲ ပုဂံသားလို့ မပြောရဘူး။ ဘုရားရာဇဝင်တွေ အတော်ကြေညက်နေပြီနော်'

'ဒီအရပ်ဒေသမှာ ဘုရားတွေရဲ့ နောက်ခံသမိုင်းအကြောင်းအရာတွေကို ကလေးက အစသိကြတယ်၊ ရွှေစည်းခုံ၊ အာနန္ဒာ စတဲ့ ဘုရားတွေမှာ သမိုင်းကြောင်းပြောပြတဲ့ ကလေးတွေရှိတယ်၊ ညီ့သည်တွေနောက် တကောက်ကောက်လိုက်ပြီး ပြောနေကြတာပဲ၊ အကြမ်းဖျင်းတော့ မှတ်လို့ရတာပေါ့ကွာ၊ အသေးစိတ်အချက်အလက်





တွေ သိချင်ရင်တော့ သမိုင်းစာအုပ်တွေနဲ့ ဆက်စပ်လေ့လာကြည့်ရမှာပဲ'

ကိုလင်းအေးက စိတ်ရှည်လက်ရှည် ရှင်းပြနေပြီး ကေခိုင်က ခေါင်းလေးတဆိတ်ဆိတ် ညိတ်၍ ကိုလင်းအေးပြောသမျှ နားထောင်နေသောကြောင့် ဒီယုတို့အုပ်စုက သူတို့နှစ်ဦးကို ကြည့်ပြီး သဘောကျနေကြသည်။

မျက်စပစ်သည့်သူကပစ်၊ မေးငေါ့သည့်သူကငေါ့ဖြင့် တွတ်ထိုးတွတ်ထိုးသဖန်းပိုးလုပ်နေကြသည် မဟုတ်ပါလား ...

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မဟာဗောဓိဘုရားအတွင်းမှ ထွက်လာခဲ့ကြပြီး ဂျစ်ကားပေါ်တက်ကြသည်။ ပြီးတော့ ရွှေစည်းခုံဘုရားရှိရာ ကားကို ကိုလင်းအေးက ဦးတည်ပြီး မောင်းလာခဲ့၏။

ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် ညောင်ဦးမြို့ အနောက်တောင် ယွန်းယွန်းတွင် တည်ရှိသည်။

ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်ကြည်ညိုဖွယ် ကောင်းသော ပုဂံခေတ်ဦး မြေစိုက်စေတီတော်မြတ်ကြီး ဖြစ်သည်။

ကားကို မြေနီလမ်းလေးအတိုင်း ကွေ့ဝင်လာခဲ့ပြီး တစ်နေရာတွင် ရပ်ထားလိုက်သည်။

ဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်းကားလျက် ရှိသည်။

ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်ထဲကို သူတို့ အားလုံးဝင်လာခဲ့ကြသည်။





စေတီတော်ကြီး၏ ပစ္စယာ သုံးဆင့်လုံးမှာ ဆီမီး တစ်ထောင် ထွန်းညှိပူဇော်ထားသည်ကို ဖူးမြော်ရသည်။

လျှပ်စစ်မီးရောင်၊ ဆီမီးရောင်၊ လပြည့်ည၏ လရောင် တို့ဖြင့် ရွှေစည်းခုံစေတီသည် ရွှေရောင်တဝင်းဝင်းနှင့် အလွန် ကြည်ညိုဖွယ် သပ္ပာယ်လွန်းလှသည်။

'အနောက်ဘက် ရင်ပြင်တော်ပေါ်မှာ လူရှင်းတယ် မိယု၊ အဲဒီဘက် သွားကြရအောင်'

ကိုလင်းအေး ပြောလိုက်သည်။ အနောက်ဘက် ရင်ပြင် သို့ ရောက်လာကြသည်။

အနောက်စောင်းတန်းကြီးနှင့် ကပ်လျက် အနောက် ဘက် ရင်ပြင်တော်တစ်နေရာတွင် ထုံးဖြူဖွေးဖွေးနှင့် စေတီ နှစ်ဆူကို ဖူးမြင်မိသည်။

'အဲဒါ ခင်ဦးခင်တန်ဘုရားလေ၊ ကျန်စစ်မင်းကြီးရဲ့ မိဖုရား လေးပါးမှာ ခင်ဦးနဲ့ ခင်တန်မိဖုရားတွေ ပါဝင်ခဲ့ကြ တယ်၊ အဲဒီမိဖုရားနှစ်ပါးနဲ့ သက်ဆိုင်တဲ့ စေတီတွေပေါ့'

မိယုပြောပြလိုက်ပြီးနောက် ထိုစေတီလေးနှစ်ဆူအနီး သို့ ရောက်လာခဲ့ကြ၏။

ခင်ဦးခင်တန်စေတီများကို ဖူးမြော်ကြပြီးနောက် ထို နေရာလေးအနီးမှာပင် သူမတို့အားလုံးရပ်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သာယာသော အသံတစ်သံကို ကြားလိုက်ကြရသည်။

သံမဆိုင်း

တံတိုင်းတဲ့ရိပ်တည့်

မလွင့်ရွှေလှောင်ပ

ရာသောင်းထောင်ဝင်မကျပ်တဲ့ပြင်

ဆွမ်းကပ်သူ လက်မဦးနိုင်ဘု

မကူးသံကြားလည်း

တီးတဲ့ရွှေစည်

မြင့်ဝန်းယောင်ထင်စနိုးဇေယပ

မိုးကပ်ပြုရေအရည်

အတိမ္မမကြွင်း

ဒွါဒသင်ချရားပင်၊ ခါမလင့်ပေဘူး

ငုံပွင့်ကာကြူထုံလို့

ဇေယျာခံ အုံ့ဖွယ်ကိုးကိုလ

တိုးခဝပ်စင်းတဲ့ . . .။

'အဲဒါကတော့ ရွှေစည်းခုံစေတီမြတ်ကြီးရဲ့ အုံ့ဖွယ်ကိုးပါးကို ကင်းဝန်မင်းကြီးက စာစပ်ခဲ့တာပါ'

တစ်ယောက်တည်း ပြောပြီးတစ်ယောက်ဘည်းရွတ်ဆိုဆိုနေသည့် သူက အခြားမဟုတ်။





ရောဝတီမြစ်ကမ်းစပ်သောင်ခြေတွင် တွေ့ခဲ့ရသည့် စိတ်နောက်နေသည့် လူရွယ်ပင် ဖြစ်သည်။

သူ့ကို မြင်တော့ ယုယုအေးက အံ့သြနေသည့် အမူအရာဖြင့် . . .

'အမလေး . . . ဘယ်သူများလဲလို့ လက်သေတ်ပေတော့ စိန်ပလိန်တိန်ကုး'

ယုယုအေးစကားကြောင့် အားလုံးအကြည့်တွေ သူ့ထံ ရောက်သွားကြသည်။

မိုးပြာက သူ့ကို မျက်လုံးပြူး မျက်ဆံပြူးဖြင့် လှမ်းကြည့်နေရာမှ . . .

'ဟဲ့ . . . နင်ပြောတဲ့ အရူးဆိုတာ သူလား' ဟု မေးသည်။

'ဟုတ်တယ် . . . သူ့ကို ပြောတာပဲ'

'ဟယ် . . . ရုပ်ရည်လေးသနားကမ :နဲ့ မယုံနိုင်စရာပါလား'

ရွှန်းလဲ့က မှတ်ချက်ချလိုက်သည်။

'ဟယ် . . . အရူးဟုတ်လို့လား၊ ငါ့ အထင်တော့ စာပေဆရာ ထင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ တစ်ယောက်တစ်ပေါက် ပြောနေတာကို ရပ်ပြီး နားထောင်နေသည့် အသက်ဆယ်နှစ်ရွယ် ချာတိတ်လေး တစ်ဦးက သူ့အကြောင်းကို ပြောပြလိုက်၏။

'ဩော် . . . အစ်မတို့ကလဲ အဲဒီလူက တကယ် အရူး ဗျ၊ ဒီဘုရားကြီးဘေး ထမင်းဆိုင်က ဦးကြီးဝတို့ မွေးစားထား ကြတာ၊ ဦးကြီးဝသားက နိုင်းမကောင်းလို့ဆိုပြီး တစ်ခါ တစ်ခါ ရိုက်ရင် သိပ်သနားဖို့ ကောင်းတာပဲဗျ'

ထိုချာတိတ်လေးစကားကြောင့် အခြားမိန်းကလေးများ ရင်ထဲမှာ သိပ်မခံစားလိုက်ရသော်လည်း ယွန်းနုဝတီရင်ထဲ မှာတော့ များစွာ သနားကရုဏာဖြစ်သွားမိရသည်။

ဩော် . . . ညီထွေးနဲ့ တူတဲ့ လူမို့သနားလိုက်ဟာ၊ မေမေနဲ့ မမတွေသာ မြင်ရင်ဘယ်လိုနေကြမလဲ မသိဘူး

တောင်ငူအိမ်မှာက ဒရိုင်ဘာလဲ မရှိဘူး၊ သူ့ကို အလုပ်တစ်ခုခုပေးပြီး မေမေတို့ မွေးစားဖို့ ပြောရရင် ကောင်း မှာပဲ ဟု တစ်ယောက်တည်း စိတ်ကူးယဉ်နေမိသည် မဟုတ် ပါလား . . .

သူ့အကြောင်း ပြောပြသည့် ချာတိတ်လေး လက်တစ် ဖက်ကို ဆွဲပြီး ခပ်လှမ်းလှမ်းရှိ စကားပင်အောက်သို့ ခေါ် လာခဲ့သည်။





'သူ့အကြောင်း သိချင်လို့ပါ ကလေးရယ်'

'ဘာမေးချင်သလဲ မမ'

'သူ့နာမည်က ဘယ်သူလဲ၊ ပုဂံကပဲလား'

'သူ့နာမည်က ကိုစင်ကြယ်၊ ပုဂံက မဟုတ်ဘူး မမရဲ့၊ ဘယ်အရပ်က ရောက်လာမှန်းလဲ မသိကြဘူး'

'ဟုတ်လား၊ သူပြောတော့ သူ့နာမည်က စိန်ပလိန်တိန် ဆို'

'ဟုတ်ကဲ့ ခင်ဗျာ၊ စိန်ပလိန်တိန်ဆိုတဲ့နာမည်က သူ မင်းသားစိတ်ပေါက်လာတဲ့အခါ ကရင်းခုန်ရင်း ပေးထား တဲ့ နာမည်ပါ'

'ဩော် . . . ဖြစ်ရလေ နာမည်နှစ်မျိုးနဲ့ပါလား'

'သူက အသန့်ကြိုက်လွန်းလို့ ဦးဝကြီးမိန်းမက ရွဲ့ ပြီး ကိုစင်ကြယ်လို့ နာမည်ပေးထားတာ မမရဲ့'

'ကိုစင်ကြယ်နဲ့ မမကို မိတ်ဆက်ပေးပါလား'

'ဟာ . . . . မလုပ်ပါနဲ့ဗျာ . . . ဒီလူက စိတ်မထင်ရင် မထင်သလို ပြောတတ်တယ်ခင်ဗျ၊ သူက သူ့ရည်းစားကို လိုက်ရှာနေတယ်ဆိုလား တစ်ခါတစ်လေ ပြောတတ်တယ်၊ တော်ကြာမမကို သူ့ရည်းစားနဲ့မှားပြီး အတင်းခေါ်ထားရင် ဘယ့်နှယ်လုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်လေးစကားကြောင့် သူမ ခပ်ကြိတ်ကြိတ်ရယ်မောနေမိသည်။

'ဘာတွေ ဒီလောက်သဘောကျနေတာလဲ ယွန်းနု'

'ဩော် ... ဒီချာတိတ်လေးကို ဟိုလူ့အကြောင်းမေးတာပါ'

'စိတ်နောက်နေတဲ့လူလား'

'အဲဒီလို မပြောပါနဲ့ ယုယုရယ်၊ သူ့နာမည်ကကိုစင်ကြယ်တဲ့'

'အမလေး တယ်ခံ့ညားတဲ့ နာမည်ကြီးပါလား။ ဘယ်သူကများ ဒီနာမည်ကို ပေးထားပါလိမ့် ...'

'သူ့ကိုမွေးစားထားတဲ့ ဦးပကြီးထမင်းဆိုင်က ဒီနာမည်ကို ပေးထားတာလို့ ပြောတာပဲ'

'ယွန်းနုက သူ့အကြောင်းကို အတော်စုံစုံ သိနေတာပဲနော်၊ ယုဖြင့် ရန်ကုန်မှာ ကျောင်းသွားနေပြီး မနေ့တစ်နေ့ကမှ ပုဂံကို ပြန်ရောက်လာတာဆိုတော့ ဘာတစ်ခုမှ မသိပါဘူး' ဟု ပြောလိုက်သည်။

'နောက်နေ့ကြုံရင် ဦးပကြီးထမင်းဆိုင်မှာ ထမင်းသွားစားကြရအောင်လား၊ ယွန်းနုဒကာခံပါ့မယ်'

'ဩော် ... ယွန်းနု ယွန်းနု၊ ဘာဖြစ်လို့များ ဒီလူ့ကို ဒီလောက်စိတ်ဝင်စားနေရတာပါလိမ့်'





သူမကို ကြည့်ပြီး မိယု နားမလည်နိုင်သလို ပြောနေမိ၏။

သူမက မိယုကို ဂရုမစိုက်နိုင်ဘဲ ...

'ယွန်းနုက မောင်လေးညီထွေးနဲ့တူလို့ စိတ်ဝင်စားနေမိတာပါကွယ်၊ ပြီးတော့ ကိုယ့်မောင်လေးက မထင်မှတ်ဘဲ ရုတ်တရက်ကြီးဆုံးသွားတာဆိုတော့ မေမေ့ခမြာ အခုထက်ထိ အရူးတစ်ပိုင်း ဖြစ်ပြီး သောကရောက်နေရရှာတုန်းပဲ'

'ခုလို ကြားရတော့ တို့လဲ စိတ်မကောင်းပါဘူးကွယ်၊ ဒါပေမယ့် သူဟာ ယွန်းနုရဲ့ မောင်လေးနဲ့ ဘယ်လောက်ပဲတူတူ ယွန်းနုရဲ့ မောင်လေးတော့ မဟုတ်ဘူးနော်'

သည့်ထက်ပို မပြောသင့်ဟု မိယုနားလည်ပါသည်။ ထို့ကြောင့် စကားကို ဒီမှာပင် ရပ်ထားလိုက်၏။

သူမတို့ အုပ်စု ရွှေစည်းခုံဘုရားထဲမှ ထွက်လာသည့်အချိန်တွင် ယွန်းနုဝတီက နောက်ဆံတင်းနေသည့် မျက်နှာလေးဖြင့် လှည့်ကြည့်လှည့်ကြည့်ဖြစ်နေသော်လည်း စင်ကြယ်က သူမတို့ကို လှည့်ကြည့်ဖော်ပင် မရဘဲ ဘုရားဖူးလာသူ အချို့အား စာဟောဆရာ လုပ်လျက်ရှိ၏။

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

နောက်တစ်နေ့နံနက်တွင် သူမတစ်ယောက်တည်း ရွှေစည်းခုံဘုရားတောင်ဘက်စောင်းတန်းတွင်းသို့ ရောက်လာခဲ့သည်။

သူငယ်ချင်းများ အိပ်ယာကနိုးလာချိန်တွင် သူမက ပြင်ဆင်၍ နှုတ်ဆက်ပြီး ထွက်လာခဲ့ခြင်းရယ်ပါ။

သူမ တောင်ဘက်စောင်းတန်းအတိုင်း လျှောက်လာစဉ် မျှော်လင့်ထားသည့်အတိုင်း သူ့ကို တွေ့လိုက်ရသည်။

သူ့လက်ထဲတွင် ယွန်းဗန်းတစ်ချပ်၊ ရေပုံးတစ်ပုံးကို တစ်ဖက်စီဆွဲထား၏။

"ကိုစင်ကြယ်"

သူမ နှုတ်ဆက်လိုက်သောကြောင့် သူမျက်မှောင်ကုတ်ပြီး အံ့အားသင့်နေသည်။

"ဘာကိစ္စရှိလို့လဲဗျ"





သူမကို ခြေဆုံးခေါင်းဖျားကြည့်ပြီး သူ မေးလိုက်ခြင်းပါ။

"ကိစ္စမရှိပါဘူး။ ကိုစင်ကြယ်ကို မြင်လို့ နှုတ်ဆက်လိုက်တာလေ"

သူမ စကားကြောင့် သူ စဉ်းစားတွေဝေသွားသည်။ ပြီးမှ ...

"ခင်ဗျားနဲ့ ကျွန်တော်က အသိမိတ်ဆွေတွေလား၊ စိတ်မရှိနဲ့နော်၊ ကျွန်တော်က မေ့တတ်လွန်းလို့ပါ"

သူမ စိတ်ဆိုးသွားပြီး မျက်စောင်းခဲလိုက်မိ၏။ ပြီးမှ သက်ပြင်းချလိုက်ပြီး ...

"မနေ့ညနေက သဲသောင်စပ်မှာ ရှင်နဲ့ကျွန်မတို့ ဆုံခဲ့ကြတယ်လေ၊ ရှင်ပဲ နှုတ်ဆက်ခဲ့တယ်မဟုတ်လား"

"ဪ ... သတိရပြီ ဆောရီးပဲဗျာ၊ ကျွန်တော်မှတ်မိပြီ ... မမရဲ့၊ အဟဲ ... ဘုရားလာဖူးတာလား"

"ဟုတ်ကဲ့၊ ဘုရားလာဖူးတာပါ"

သူ့အမေးကို အလိုက်သင့် ဖြေလိုက်ပြီး သူမ တစ်ယောက်တည်း ဆက်လျှောက်လာခဲ့မိ၏။

ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဖူးမြော်ပြီး သူမဘုရားရင်ပြင်တော်ပေါ်တွင် တစ်ပတ်ပတ်၍ လျှောက်နေစဉ် သူမနောက်မှ ခေါ်သံသဲ့သဲ့ကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ...မမ"

ခေါ်သံကြောင့် သူမ လှည့်ကြည့်လိုက်မိ၏။ စင်ကြယ်ကို တွေ့လိုက်ရသည်။ သူ့ လက်ထဲတွင် ယွန်းဗန်းခပ်ကြီးကြီးတစ်ခုကို ကိုင်ထားပြီး ဗန်းထဲတွင် ဆွမ်းတော်ပန်းကန်များကို မြင်တွေ့လိုက်ရ၏။

"ဘာများလဲ ကိုစင်ကြယ်"

သူက ယွန်းဗန်းကို မြှောက်ပြလိုက်ပြီး ...

"ဆွမ်းတော်တင်ပါလား မမ၊ ဆွမ်းတော်တစ်ဗန်းကို ခနှမ်ဆယ်ထဲပါ"

"ဪ ...မင်းက ဆွမ်းတော်ဗန်းရောင်းသလား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဦးကြီးဝတို့ ဆိုင်က ရောင်းနိုင်းတာပါ"

သူမ ဆွမ်းတော်ဗန်းကို လှမ်းယူလိုက်ပြီးနောက် စေတီတော်ပတ်လည်ရှိ ရင်ပြင်တစ်နေရာမှ ဆွမ်းတော်တင်သည့်နေရာလေးကစ်ခုတွင် ဆွမ်းတော်ဗန်းကို တင်လိုက်သည်။ ပြီးတော့ ဆွမ်းတော်ကပ်လိုက်၏။

ဘုရားဆွမ်းတော်ကပ်ပြီး သူမ ထရပ်လိုက်သည့်အခါ သူမအနီးတွင် ရပ်စောင့်နေသည့် သူ့ကို တွေ့လိုက်ရသည်။

"ဪ ...ကိုစင်ကြယ် စောင့်နေတာကိုး မမဆွမ်းတော်ဗန်းဖိုး ပေးရဦးမယ်"





သူမ ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး ငွေတစ်ရာတန်တစ်ရွက်ကို လှမ်းပေးလိုက်သည်။

"ကျွန်တော့်မှာ အမ်းစရာ အကြွေမပါဘူးဗျ"

"မအမ်းနဲ့တော့ ကိုစင်ကြယ်၊ ပိုတဲ့ ငွေသုံးဆယ်ကို ကိုစင်ကြယ်ပဲ ယူထားလိုက်ပါ"

သူမ စကားကြောင့် သူ့မျက်နှာပြုံးမဲ့မဲ့ကြီး ဖြစ်သွားသည်။

"အပိုငွေဟုတ်လား မမ၊ ကျွန်တော်ရသမျှ မုန့်ဘိုးအားလုံး ကိုသာဒင့်ကို ပေးရတယ်၊ မပေးရင် ထိုးလို့၊ ကျွန်တော်လဲ ကြောက်ကြောက်နဲ့ ရသမျှအားလုံး သာဒင့်ကိုပဲ ပုံအပ်ရတာ"

သူ စိတ်ပျက်ဝမ်းနည်းစွာ ပြောနေပုံကို ငေးကြည့်နေမိပြီးသူမ ရင်ထဲမှာ ထိခိုက်နာကျင်နေမိသည်။

"သာဒင်ဆိုတာ ဘယ်သူလဲ"

"သာဒင်ဆိုတာ ဦးဝကြီးရဲ့ သားပါပဲ မမ၊ ထမင်းဆိုင်တစ်ခုလုံးမှာရှိတဲ့ အလုပ်သမားတွေအားလုံးကို အနိုင်ကျင့်တယ်၊ ထိုးတယ်၊ အော်တယ်၊ ငေါက်တယ်"

"သူအနိုင်ကျင့်သမျှ ရှင်တို့က ဒီလိုပဲ ခံနေကြရသလား"



www.burmeseclassic.com

www.burmeseclassic.com

"မခ်ရင် ထမင်းကော်သွားရမှာပေါ့ မခရဲ့၊ အားလုံး အလုပ်မရှိလို့ ထမင်းဆိုင်မှာ နေကြစားကြရတာ"

သူပြောတာလဲ ဟုတ်တာပဲလေ . . . ဟု တွေးပြီး သူမ သက်ပြင်းမောကို ချလိုက်မိသည်။

"ကဲ . . . ကျွန်တော့်ကို သွားခွင့်ပြုပါဦး မမ၊ သိပ်ကြာ နေရင် သာဒင်ထိုးတာ ခံနေရဦးမယ်"

"ကောင်းပါပြီကွယ်"

သူမ မပြန်သေးဘဲ ယွန်းထည်ပစ္စည်းတွေ ရောင်းသည့် တန်ဆောင်းကြီးထဲသို့ ထွက်လာခဲ့သည်။

ထိုတန်ဆောင်းကြီးတစ်လျှောက် ယွန်းထည်ဆိုင်များ ဖြင့် ပြည့်နေ၏။

ရန်ကုန်ပြန်ရောက်လျှင် လက်ဆောင်ပေးရန် ယွန်း ပစ္စည်းအချို့ကို တစ်ယောက်တည်းဝယ်ယူနေမိသည်။

ဟိုရွေး ဒီရွေးဖြင့် ပစ္စည်းတွေ တပွေ့တပိုက်ဖြစ်နေ လေသည်။ ထိုစဉ် သူ့အသံကို ကြားလိုက်ရသည်။

"မမ မပြန်သေးဘူးလား"

"အေးကွယ် . . . မပြန်သေးဘူး ရှင်ကော ဘာလာ လုပ်တာလဲ"

"ဆွမ်းတော်ဝန်းတွေ လာသိမ်းတာလေ၊ မမကို လှမ်း မြင်လိုက်လို့ ဆိုင်မပြန်ဘဲ ထွက်လာခဲ့တာ"





"ဟုတ်လား"

ယွန်းရောင်းနေသည့် ဆိုင်ရှင်မိန်းကလေးနှစ်ယောက် က သူနှင့်ယွန်းနဝတီကို ကြည့်ပြီး အံ့သြနေကြသည်။

"မမ"

"ရှင်"

"ဒါတွေအားလုံး မမဝယ်ထားတာတွေလား"

"ဟုတ်တယ်"

"ဒီဖီးကွက်လေး ကျွန်တော့်ပေးပါလား မမရယ်"

ကလေးတစ်ယောက်လို ပူဆာလိုက်သောကြောင့် သူမ ကရုဏာဖြစ်သွားမိပြီး . . .

"ရပါတယ်ကွယ် . . . ရှင့်အတွက် မမပေးမှာပေါ့" ဟု ပြောလိုက်သည်။

"ကဲ . . . ရော့၊ ဒါ ရှင့်အတွက် လက်ဆောင်"

ခြောက်လက်မခန့်ရှိ ဖီးကွက်ရုပ်နှစ်ရုပ်ကို သူမအား လှမ်းပေးလိုက်သောကြောင့် သူက ဖီးကွက်ရုပ်ကို လှမ်းယူ လိုက်ပြီး . . .

"တစ်ကောင်ပဲ ပေးပါ မမ" ဟု ပြောလိုက်သည်။

သူမက သဘောကျသလို ပြုံးလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖီးကွက်ဆိုတာ တစ်ကောင်တည်း မထားကောင်းဘူး ကိုစင်ကြယ်၊ နှစ်ကောင်တွဲပြီး ထားရတယ်တဲ့၊ ဒါကြောင့် နှစ်ကောင်လုံး ယူသွားပါ"

"အဟီး ... အားလဲနာတယ်၊ ခင်လဲခင်တယ် မမ ရယ်"

"ကဲ ... ကဲ သွားတော့"

"မမပစ္စည်းတွေ ကူသယ်ပြီး ကျွန်တော်လိုက်ပို့ပေးမယ်၊ မမဘာနဲ့ပြန်မှာလဲ"

သူမ ရုတ်တရက်မဖြေဘဲ စဉ်းစားနေစဉ် ယွန်းဆိုင်ပိုင်ရှင် မိန်းကလေးက ...

"မမ မြင်းလှည်းငှားပြီး ပြန်ပေါ့၊ ဘုရားရှေ့မှာ မြင်းလှည်းတွေရှိတယ်" ဟု ပြောလိုက်၏။

"မြင်းလှည်းဂိတ်အထိ လိုက်ပို့ပေးမယ်နော် မမ"

သူက ပြောပြောဆိုဆို အကြွတ်အိတ်ကြီး နှစ်လုံးဖြင့် အပြည့်ထည့်ထားသည့် သူမ ဝယ်ယူထားသော ယွန်းထည်များကို မြင်းလှည်းဂိတ်ရှိရာသို့ သယ်ဆောင်သွားသည်။

ဒီလိုဆိုတော့လဲ သူ့ကို ကြည့်ရတာ စိတ်နောက်နေသည့် လူတစ်ယောက်နှင့်မတူပါလား ... ဟု တွေးနေမိလေသည်။





"ဒီက မမနဲ့ ကိုစင်ကြယ်က ခင်နေကြတာလားဗျှင်"

"ဟုတ်တယ် ... သူက သနားစရာပဲနော်"

"သနားစရာကောင်းတာပေါ့ မပြောနဲ့ မမရေ၊ ကိုစင်ကြယ်က ရိုးလည်းရိုးတယ်၊ အေးလဲအေးတယ်၊ ဆိုင်ရှင်နိုင်းသမျှတွေ ကြုံးရုန်းပြီး လုပ်ရှာတာ၊ ဒါပေမယ့် တစ်ခါတစ်ခါတော့ မင်းသားစိတ်ပေါက်ပြီး သီချင်းဆိုတာတို့ ကခုန်တာတို့ ရှိတာပေါ့လေ၊ အဲဒါကို ဆိုင်ရှင့်သားက ကိုယ်ချင်းမစာ ဘဲ ရိုက်လား ပုတ်လား ယိုးလား ကြိတ်လားနဲ့ သိပ်နှိပ်စက်တာ၊ တကယ်တော့ ကိုစင်ကြယ်ဟာ အဘိတ်မေ့နေတဲ့ လူတစ်ယောက်ပဲ၊ ကျွန်မတို့ဖြင့် သနားလို့ငိုတောင်ငိုချင်တယ်"

"အို ... သူ့အဖြစ်က ဒီလောက်တောင်ပဲ ဆိုးသလားကွယ်"

"ဆိုးရှာတယ် မမ၊ သူ့ဘဝသူ မမှတ်မိကာအားပိုးဆုံးပေါ့၊ တချို့က ပြောကြတာတော့ ကိုစင်ကြယ်ဟာ ခေတ်ပညာတတ်တစ်ယောက်ပဲလို့ ထင်မိတယ်ကွဲ၊ တခါတစ်ခါ အင်္ဂလိပ်စကားတွေဘာတွေ တစ်လုံးစ နှစ်လုံးစ ပြောတတ်သတဲ့"

"ဦးဝကြီး သူ့အိမ်ကို ပြန်ပို့ဖို့ ဆေးမကုပေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"မကုပေးဘူး၊ ဘယ်အရပ်က ခေါ်လာမှန်းတောင် မသိကြရဘူး၊ ဦးဝကြီးကို မေးလို့မရဘူး၊ သူက စင်ကြယ် ကို ကျွေးထားရတဲ့ ကိစ္စကိုပဲ ရေးကြီးခွင့်ကျယ်လုပ်နေတာ"

"ဩော် . . . ဖြစ်မှ ဖြစ်ရလေ"

သူက ကရုဏာဖြစ်စွာညည်းညူလိုက်မိသည်။

"မမတို့သနားရင် ရန်ကုန်အထိသာ ခေါ်သွားကြပါလား၊ ရန်ကုန်ကဆွေသည်တွေလာရင် သူ့ကို ခေါ်သွားဖို့ ကျွန်မတို့တော့ တိုက်တွန်းတာပဲ၊ ဒါပေမယ့် ဒီနေ့အထိ တစ်ယောက်မှ ခေါ်သွားမယ့်သူ မတွေ့သေးဘူး"

"မမတို့ခေါ်သွားရင်တောင် ဦးဝကြီးက ထည့်ပါ့မလား မသိဘူး"

သူမ တွေးတွေးဆဆ ပြောလိုက်မိခြင်းပါ။

"ဒါတော့ ဘယ်သိပါ့မလဲ မမရယ်၊ ဒါနဲ့မမက ဘယ်မှာ တည်းတာလဲ"

"မမက ဆရာဝန် ယုယုအေးတို့ အိမ်မှာ တည်းတာပါ၊ ယုယုအေးက မမရဲ့သူငယ်ချင်းလေ၊ အားလုံးစုစုပေါင်း မမတို့အလည်လာကြတာ ငါးယောက်ကွယ့်"

"အားလုံးဆရာဝန်တွေ ချည်းပဲလား"





"ဟုတ်တယ် . . . ဆရာဝန်တွေချည်းပဲ၊ ဒါကြောင့် ကိုစင်ကြယ်ကို ဆေးကုပေးဖို့ ရန်ကုန်ခေါ်သွားရင် ကောင်းမလားလို့"

"သိပ်ကောင်းတာပေါ့ မမရယ်၊ ဒါဖြင့် ကျွန်မဖေဖေ ကို ပြောလိုက်မယ်လေ၊ ကျွန်မအဖေက ရပ်ကွက်လူကြီးရှင့်"

"ဒါဖြင့် အဆင်ပြေတာပေါ့ ညီမရယ်၊ ဒီကိစ္စကို သူငယ်ချင်းတွေနဲ့ မမ တိုင်ပင်လိုက်ဦးမယ်၊ သွားမယ်နော်"

နှုတ်ဆက်လိုက်ပြီး မြင်းလှည်းဂိတ်ရှိရာသို့ လျှောက်လာခဲ့လေသည်။

စင်ကြယ့်ကို မြင်းလှည်းတစ်စီးအနီးတွင် ရပ်နေတာ တွေ့လိုက်ရသည်။

"မမ ဒီမြင်းလှည်းနဲ့ လိုက်သွားပါလား၊ ဒါကျွန်တော့် သူငယ်ချင်း မြင်းလှည်း"

သူ ငှားထားသည့် မြင်းလှည်းပေါ်◌ ့ သူမ တက်လိုက်၏။

ယွန်းပစ္စည်းများကို မြင်းလှည်းလှည်းပေါ်သို့ တင်ပေးလိုက်သည်။

"မမ နောက်နေ့လာဦးမှာလား"

သူမ အော်မေးလိုက်သောကြောင့် သူမ ခေါ်[illegible] လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမပေးတဲ့ ဇီးကွက်ရုပ်လေး ကျွန်တော်အိပ်တဲ့ ကွပ်ပျစ်ခေါင်းရင်းက ထရံမှာ ချိတ်ထားမယ်၊ ဘုရားရှိခိုးပြီးရင် ဇီးကွက်ရုပ်တွေကိုလဲ ရှိခိုးမယ်"

သူ့ စကားကြောင့် သူမရယ်ချင်မိသလို စိတ်မကောင်းလည်း ဖြစ်သွားမိသည်။

သူက တစ်ချက်တစ်ချက် စိတ်ဖောက်ပြန်တတ်သလို အတွေးအခေါ်ကလည်း လွဲချော်နေတတ်သည် မဟုတ်ပါလား ...

"ဇီးကွက်ရုပ်ကို မရှိခိုးရဘူး" ဟု နောက်နေ့မှ အသေအချာပြောပြရန် သူမအရေးတကြီး တွေးနေမိသည်။

❑ ✣ ❑



## အခန်း (၅)

ထိုမနက်ညနေ။

ယုယုအေးတို့ အဘိုး၏ ဖိတ်ခေါ်ချက်ကြောင့် အဘိုး၏ မြေးတစ်ဝမ်းကွဲ လက်ထောက်ကထိက ဇေယျာဝင်းနှင့် အတူ သူ၏ သူငယ်ချင်း စောမင်းခိုင်တို့ ရောက်လာကြသည်။

"နောက်ကျလှချည်လားကွ၊ ငါက စောစောရောက်မယ် ထင်နေတာ"

ဇေယျာဝင်းနှင့် စောမင်းခိုင်တို့ နှစ်ဦးကို ယုယုအေး၏ အဘိုး ဦးငွေဆောင်က ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

"ကျွန်တော့် သူငယ်ချင်းပေါ့ အဘိုး၊ သူက ညောင်ဦး ရွှေစည်းခုံဘုရားဖူးပြီးမှ ပုဂံမြို့ဘက်သွားမယ်ဆိုပြီး ပြောတာနဲ့ ရွှေစည်းခုံဘုရားဖူးပြီးမှ ရောက်လာခဲ့ကြတာ"

ဇေယျာဝင်းက အကျိုးအကြောင်းရှင်းပြလိုက်သောကြောင့် ဦးငွေဆောင် ပြုံးပြုံးကြီး ကျေနပ်သွားရသည်။

"သူက မင်းလိုပဲ ကျောင်းဆရာလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com




စောမင်းနိုင်ကို အကဲခတ်ကြည့်ပြီး မေးလိုက်သည်။

“မဟုတ်ဘူး ... အဘိုး၊ သူက စာရေးဆရာပါ၊ ပုဂံ သမိုင်းနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ရေးနေတဲ့သူပဲ၊ ဒါကြောင့် ပုဂံကို လာပြီးလေ့လာတာပါ၊ ပုဂံဘုရားတွေနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို ရှာဖွေစုဆောင်းနေတယ် လေ”

“ဪ ... ဟုတ်လား စီးပွားဖြစ်ရေးတာလားကွယ့်”

“မဟုတ်ဘူး ... အဘိုး ကျွန်တော်က ဝါသနာအရ သမိုင်းစာအုပ်တွေရေးတဲ့ စာရေးဆရာပါ၊ စီးပွားရေးအနေနဲ့ ကတော့ ကွန်ပျူတာ ကုမ္ပဏီတစ်ခုနဲ့ OFFSET ဆယ်လုံး ထောင်ထားတယ်”

“ဒါဖြင့် လူတော်တစ်ယောက်ပေါ့ကွယ်”

စောမင်းနိုင်ကို အထင်ကြီး ချီးကျူးဟန်တွေ ဦးငွေ ဆောင် မျက်နှာတွင်မြင်ရသည်။

စောမင်းနိုင်၏ သန့်ပြန့်ချောမောသောရုပ်ရည်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားဆင်ပြင်ပုံတို့ကြောင့် မြင်မြင်ချင်း ခင်မင်သွားသည်။

“ပုဂံမှာ အတော်နဲ့ပြီလားကွယ့်”





“လေ့လာနေဆဲပါပဲ ခင်ဗျာ၊ ကျွန်တော်ရောက်လာတာ သုံးရက်ပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ပုဂံနဲ့တော့ မစိမ်းပါဘူး၊ ဒါပါဆိုရင် ပုဂံကိုရောက်တာ သုံးခေါက်ရှိပါပြီ အဘိုး”

သူ ယဉ်ကျေးစွာ ပြန်ပြောလိုက်သည်။

“ရွှေစည်းခုံဆိုလို့ မေးရဦးမယ်၊ ကျန်စစ်သားမင်းရဲ့ ကျောက်စာတွေ လေ့လာပြီးပြီးလား၊ ရွှေစည်းခုံဘုရား အရှေ့ ဘက်မုခ်မှာ ရှိတယ်ကွယ့်”

“လေ့လာနေဆဲပါပဲ အဘိုး”

“မင်းသိချင်တာတွေရှိရင် အဘိုးရဲ့မြေး မောင်လင်း အေးကို ခေါ်ပြီး နေရာအနှံ့လိုက်ပို့နိုင်း၊ သူက ပုဂံမှာတော့ TOURIST GUIDE လုပ်လို့ရတယ်၊ သူ မသိတာ ဘာမှမရှိ ဘူး”

“ဟုတ်ကဲ့ အဘိုး”

ကိုလင်းအေးက ခပ်လှမ်းလှမ်းမှာ ထိုင်လျက်က ပြုံးနေသည်။

ဇေယျာဝင်းက ညနေစာစားပြီး ညှော်ခန်းထဲသို့ ထွက်လာသည့် ယုယုအေးနှင့် သူငယ်ချင်းများကို လှမ်းကြည့် ပြီး မိတ်ဆက်ပေးလိုက်သည်။

“ဟော့ .. မိယု၊ နင့်ကို ငါ့သူငယ်ချင်းနဲ့ မိတ်ဆက် ဦးမယ်၊ သူက ငါ့သူငယ်ချင်း စောမင်းနိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရာတွေ ရေးဖို့ စုဆောင်းနေတယ်၊ အဲဒါ နင်တို့ မောင်နှမ ကူညီသင့်သလောက် ကူညီကြပါ၊ ငါက နှစ်ရက်သုံးရက်နေရင် ရန်ကုန်ပြန်တော့မှာ''

ယုယုအေးက ဖော်ရွေသောအပြုံးဖြင့် စောမင်းနိုင်ကို ပြုံးပြလိုက်သည်။ ပြီးတော့ပြောသည်။

''ဟုတ်ကဲ့ ... လိုအပ်တဲ့အကူအညီရှိရင် ကျွန်မကို ပြောပါ၊ ကဲ ... အားလုံးဆုံကြတုန်း ကျွန်မ သူငယ်ချင်းတွေနဲ့လဲ မိတ်ဆက်ပေးဦးမယ်၊ သူက ကေနိုင်၊ ကေနိုင်နဲ့ အတူရပ်နေတဲ့သူက ဘရစ်နီ၊ ဟိုမှာ ထိုင်နေတဲ့ နှစ်ယောက်က ရွှန်းလဲ့နဲ့မိုးပြာ၊ သူကတော့ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း ယွန်းနုဝတီ၊ သူတို့အားလုံးကျွန်မလိုပဲ ဆရာဝန်တွေချည်းပဲ'' ဟု မိတ်ဆက်ပေးလိုက်၏။

''တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ''

''တွေ့ရတာ ဝမ်းသာပါတယ်ရှင်''

နှစ်ဦးနှစ်ဖက် နှုတ်ဆက်လိုက်ကြသည်။

စောမင်းနိုင်က ဆရာဝန်မလေးတွေကြားထဲမှာ ယွန်းနုဝတီကို မြင်မြင်ချင်း စိတ်ဝင်စားနေမိ၏။

ယွန်းနုဝတီကအခြား မိန်းကလေးများနှင့် မတူဘဲ စိတ်ဝင်စားစရာအကောင်းဆုံးဟု ထင်မိသည်။ အမူအရာနှင့်





မတူဘဲ သူမက ထူးထူးခြားခြား လှနေသည်မဟုတ်ပါလား ...

သူမမျက်နှာက သွယ်လျပြီး ဖြူနုလှပနေသည်။ မျက်ခုံးနှစ်တန်းက နက်မှောင်ပြီး ထူထဲကာ စင်ရော်တောင်ကဲ့သို့ ကော့ပျံနေ၏။ မျက်လုံးတွေ ဝိုင်းစက်ကြည်လင်သည်။ နှာတံချွန်ချွန် အောက်နှုတ်ခမ်းအနည်းငယ်တွဲသော်လည်း ကြည့်၍လှ၏။ အသားအရေ ဝါဝင်းစိုပြေပြီး သွယ်သွယ်လျလျ ဆရာဝန်မလေး။

သူမ မျက်နှာကို တမေ့တမောငေးကြည့်နေမိသည်။ သူ့ကို သူငယ်ချင်းဖြစ်သူ ဖေယျာဝင်းက သူ့လက်မောင်းကစ်ဖက်အား အသာဆွဲဆိတ်ပြီး သတိပေးလိုက်မှပင် သတိဝင်လာရသည်။

''ပုဂံအနီးတဝိုက်ကကျေးရွာတွေကို ရောက်ပြီးပြီလား''

ဦးငွေဆောင် ၏ အသံကြားမှပင် ပျာပျာသလဲအမူအရာဖြင့် ...

''မရောက်သေးပါဘူး အဘိုး၊ နောက်ရက်တွေမှပဲ သွားရောက်လေ့လာဖို့ စဉ်းစားထားပါတယ်ခင်ဗျာ'' ဟု ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းနန်းသူရွာနဲ့ ဖွားစောရွာတွေဘက်မှာ ငါ့အမျိုးတွေ ရှိတယ်ကွ၊ မောင်စောမင်းခိုင်သွားချင်ရင် မောင်လင်းအေးကို လိုက်ပို့နိုင်းပေါ့ သူ့ဂျစ်ကားနဲ့ လိုက်ပို့ပေးလိမ့်မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

"မင်းနန်းသူရွာက ဘုရားတွေစုံတယ်၊ လေးမျက်နှာဘုရား၊ ဘုရားသုံးဆူ၊ သမ္ဗျုလဘုရားနဲ့ နန္ဒမညာဘုရားတွေ သွားဖူးဖို့ အစီအစဉ်ရှိတယ်၊ ကျွန်မတို့နဲ့အတူ ကိုစောမင်းခိုင် လိုက်ခဲ့ချင်လိုက်ခဲ့ပါ"

ယုယုအေးစကားကြောင့် ဇေယျာဝင်းက ဝမ်းသာအားရအမူအရာဖြင့် ...

"ဟာ ... ဒါဖြင့် ငါ့သူငယ်ချင်းကို နင်တို့နဲ့ ထည့်လိုက်မယ်၊ ဘယ်တော့ သွားကြမှာလဲ",

"မနက်ဖြန်မနက်လေ"

"အိုကေ ... အိုကေ၊ ဒါဖြင့် နင်တို့အုပ်စုနဲ့အတူ ငါတို့လဲ လိုက်ခဲ့မယ်"

ယုယုအေး၏ မိခင် ဒေါ်သန်းနွဲ့က လက်ဖက်ဗန်းကိုင်ပြီး ရေနွေးကြမ်းခရားအိုး လာချသည်။

"ကဲ ... သုံးဆောင်လိုက်ပါဦး၊ မောင်ရင်တို့ အတွက်ဘာမှလဲ ဖော်ဖော်ရွေရွေ ညှေ့မခံရဘူး" ဟု ဒေါ်သန်းနွဲ့က ပြောလိုက်သည်။





မေမေ ... သမီးတို့ ဘုရားတွေ လိုက်ဖူးဦးမယ်၊ သီတင်းကျွတ်ပွဲတော်နဲ့ဆုံနေတော့ ညဘက်စည်ကားတယ် မေမေရဲ့"

"ကဲ ... ကဲ၊ သူငယ်ချင်းတွေပျော်ပျော်ပါးပါး ဘုရားသွားဖူးကြတာကောင်းတာပေါ့"

သူမတို့အုပ်စု ယခုညတွင်လည်း ဘုရားစုံဖူးရန် ထွက်လာခဲ့ကြ၏။

ကိုလင်းအေးပင် ကားမောင်းမည်ဖြစ်ပြီး ဇေယျာဝင်းတို့ နှစ်ယောက်ကို ခေါ်ချင်သော်လည်း ကားမဆန့်သောကြောင့် ကိုလင်းအေးမျက်နှာပုပုဖြင့် ထွက်လာခဲ့ရ၏။

စောမင်းခိုင်က ယွန်းနုဝတီ သူ့မျက်စိအောက်မှ ပျောက်ကွယ်သွားမှာကို စိုးရိမ်မိသလို သူမတို့နောက်မှ လိုက်သွားလိုသော်လည်း တစ်ယောက်မှမခေါ်ကြသဖြင့် လိုက်ခွင့်မရဘဲ မျက်နှာညှိုးညှိုးဖြင့် ကျန်ရစ်ခဲ့လေသည်။

"မနက်ဖြန် မနက်စောစော သူတို့အုပ်စုနဲ့ မင်းနန်းသူရွာကို လိုက်သွားဖို့ လာခဲ့ကြပေါ့ကွာ"

ဦးငွေဆောင်ပြောလိုက်သည်။

"လိုက်တော့လိုက်ချင်တယ် အဘိုးရဲ့၊ ကားက ဆန့်ပါ့မလား မသိဘူး" ဟု ဇေယျာဝင်းက အားတုံ့အားနာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ကျပ်ကျပ်တိုးတိုး စီးသွားကြတာပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ၊ အဲဒီလို ပေါင်းပေါင်းသင်းသင်းသွားကြရမှ ပျော်စရာကောင်းတာ"

အဘိုးစကားကြောင့် သူတို့ နှစ်ဦးစလုံး ခေါင်းညိတ်လိုက်ကြသည်။

❑ ✣ ❑





## အခန်း (၆)

နောက်တစ်နေ့နံနက်တွင် ယုယုအေးတို့ မောင်နှမနှင့်အတူ သူမ မင်းနန်သူရွာသို့ လိုက်မသွားဖြစ်ခဲ့ပေ။

"ဘာဖြစ်လို့လဲ ယွန်းနုရယ်၊ ကားကြပ်လို့လား"

အားလုံးစိတ်မကောင်းဖြစ်နေသည့် အမူအရာဖြင့် မေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး ယွန်းနုသိပ်နေမကောင်းလို့ပါ"

"ဒါဖြင့် ယွန်းနုနဲ့အတူ ကျေခိုင်ပါနေခဲ့မယ်"

"ယွန်းနုက ရွှေစည်းခုံဘုရားဘက် သွားမလို့"

ယွန်းနုရွှေစည်းခုံဘုရားဘက် သွားမည်ဆိုသဖြင့် အားလုံးသဘောပေါက်သွားကြ၏။

ညက သူငယ်ချင်းများအား ထိုကိစ္စကို ပြောပြတိုင်ပင်ခဲ့ပြီး ဖြစ်သည်။

စင်ကြယ်ကို သူမတို့နှင့်အတူ ရန်ကုန်သို့ ခေါ်သွားပြီး ဆေးကုသပေးရန် တိုင်ပင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက စင်ကြယ်ကို သနားကရုဏာဖြစ်ပြီး ရန်ကုန်သို့ ခေါ်သွားရန် သဘောတူညီခဲ့ကြသည်။

ယွန်းနုဝတီ မပါသောကြောင့် စောမင်းခိုင် ရင်ထဲမှာ ကသိကအောက်ဖြစ်လျက် ငူငူငိုင်ငိုင်ဖြင့် ဂျစ်ကားပေါ် ပါသွားတော့၏။

သူ့ ခံစားချက်ကို ဖေယျာဝင်းမှလွဲ၍ မည်သူမျှ နားမလည်နိုင်ကြပေ။

ယွန်းနုဝတီနှင့် ကေခိုင်တို့နှစ်ယောက် ရွှေစည်းခုံဘုရားရှိရာသို့ မြင်းလှည်းဖြင့် ထွက်လာခဲ့ကြသည်။

ဘုရားဖူးပြီး ရင်ပြင်တော်ထဲရှိ ဇရပ်တစ်ခုထဲမှာ ထိုင်နေကြသည်။

သူ့ကို တွေးရနိုးဖြင့် စောင့်မျှော်နေမိသော်လည်း စင်ကြယ်၏ အရိပ်အယောင်ကိုပင် မမြင်ရပေ။

သူ ဘာဖြစ်လို့ရောက်မလာပါလိမ့် ...

ဆွမ်းတော်ဇန်းတွေ လာရောင်းတာလဲ မတွေ့ရဘူး

သူမ တမျှော်မျှော်ဖြစ်နေတာကို ရိပ်မိသည့် ကေခိုင်က ...

"ယွန်းနုပြောတော့ သူက ဆွမ်းတော်ဇန်းတွေ လာရောင်းတယ်ဆို၊ ခု သူ့အရိပ်အယောင်တောင် မမြင်ရဘူး မဟုတ်လား "





"ယွန်းနုလည်း သူ့ကို မျှော်နေတာ၊ မနက်ဆယ့်တစ်နာရီတောင်ခွဲပြီ၊ သူ့ဆိုင်မှာ ထမင်းသွားစားရင် တွေ့လိမ့်မယ် ထင်တယ်"

သူမတို့နှစ်ယောက် ရင်ပြင်ထဲမှ ထွက်လာကြပြီး ဘုရားစောင်းတန်းထဲရှိ ယွန်းထည်ပစ္စည်းဆိုင်လေးရှိရာ သူမ လျှောက်လာခဲ့သည်။ ဆိုင်ရှင်မိန်းကလေးက သူမကို မြင်မြင်ချင်း နှုတ်ဆက်လိုက်၏။

"ဪ ... မမကိုး၊ ဘာယူဦးမလဲ မမ"

"ဒီနေ့ ဘာမှမဝယ်သေးဘူး၊ ရန်ကုန်ပြန်မယ့်နေ့မှာ လိုအပ်တာလေးတွေ ထပ်ဝယ်ဖို့ စဉ်းစားထားတယ်၊ ဒါနဲ့ ဒီမနက် ကိုစင်ကြယ်ကို တွေ့သေးလား"

"မတွေ့ဘူး ... မမ"

"ကိုစင်ကြယ် ကိစ္စ ညီမလေးအမေကို ပြောပြပြီးပြီလား"

"ညက မေ့မေ့ကို အကျိုးကြောင်းပြောပြလိုက်တယ် မမ၊ မေမေက ကိုစင်ကြယ်ကို ဆေးကုပေးမယ့် ကိစ္စအတွက် ကူညီမယ်လို့ ပြောပါတယ်"

သူမ စကားကြောင့် ယွန်းနုဝမ်းသာသွားသည်။

"ဦးဝကြီးဆိုင်က ဘယ်နားမှာလဲ ညီမ"



www.burmeseclassic.com

www.burmeseclassic.com

"ဟို ဘက်စောင်းတန်းဘေးမှာပါ မမ၊ လိုက်ပို့ပေးရမလား"

"ကိစ္စမရှိပါဘူး။ လိုက်မပို့နဲ့တော့၊ မမတို့ဘာသာသွားပါ့မယ်၊ နေ့လည်စာစားရင်း အကဲခတ်ရတာပေါ့ကွယ်"

"ကောင်းပါတယ် မမ"

"ဒါဖြင့် မမတို့ကို ခွင့်ပြုပါဦး"

သူမနှင့် ကေခိုင်တို့ နှစ်ဦးနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ တစ်ဖက် စောင်းတန်းအနီးရှိ ဦးဝကြီး၏ ထမင်းဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

သင်းပျံ့မွှေးကြိုင်သော ဟင်းရနံ့များက ဆီးကြိုလိုက်၏။

"အစ်မတို့ ထိုင်ကြပါ . . . ဘာစားကြမလဲ"

ဆိုင်ရှင်ဦးဝကြီး ကြိုဆိုလိုက်သည်။

သူမတို့ စားပွဲတစ်လုံးကွင် ဝင်ထိုင်လိုက်ကြသည်။

ဦးဝကြီးက ဆိုင်အတွင်းဘက်သို့လှမ်းကြည့်ပြီး . . .

"ထမင်းနှစ်ပွဲ၊ ငါးပိတို့စရာ၊ ဟင်းလိုက်ပွဲတွေ အစုံလာခဲ့ကြစမ်း၊ ဘာဟင်းစားမလဲ အစ်မတို့၊ ကြက်သားဟင်း ဝက်သားဟင်း၊ ငါးဟင်း၊ ဆိတ်ကလီစာ၊ တရုတ်ကြော်တွေလဲ ရှိတယ် ကုန်းဘောင်ကြီးကျော်တို့၊ ကြက်သားလုံးကြော်တို့၊ မြေပဲ ပြောင်းဖူးကြော်တို့ အများကြီးရှိတယ်နော်"





"ကြက်သားဟင်း နှစ်ပွဲပေးပါ"

"ကြက်သားဟင်း နှစ်ပွဲ ယူလားဟေ့၊ ဘယ်လိုလဲကွ တစ်ယောက်မှလဲ မရှိကြပါလား။ ဖိုးတုံးတော့ ဘယ်ရောက်နေလဲ၊ စင်ကြယ်ရော"

ဆိုင်ထဲမှ စင်ကြယ်ထွက်လာသည်။ သူမတို့ကို သူက ရုတ်တရက် မမြင်ပေ။

"ဟေ့ကောင် စင်ကြယ်၊ ထမင်းပွဲပြင်ဖို့ ပြောနေတာ မကြားဘူးလားကွ"

"ကြားပါတယ် ဦးလေးကြီး"

"ကြားရင်ပြင်လေကွာ၊ မင်းတို့ ဒီလောက်တောင် နှောင့်နှေးကြန့်ကြာနေရင် ထမင်းလာစားတဲ့ ဧည့်သည်အားလုံး ထွက်ပြေးသွားကြမှာပေါ့" ဟု ငေါက်ငမ်းလိုက်၏။

ငွေသိမ်းသည်ကောင်တာတွင် ထိုင်နေသည့် ဦးဝကြီး၏ သားဖြစ်သူ သာဒင်က စင်ကြယ်ကို လှမ်းကြည့်ပြီး . . .

"ဧည့်သည်တွေ စောင့်နေတာကြာပြီကွ၊ နားမလည်ဘူးလား တိရစ္ဆာန်" ဟု အော်လိုက်သည်။

စင်ကြယ်အူကြောင်ကြောင်အမူအရာဖြင့် ထွက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ့်ပုံစံကို ကြည့်ရတာ မသပ်ရပ်၊ အညံ့စားပုဆိုးတစ်ထည်ကို စွပ်ကျယ်လက်ပြတ်ဖြင့် တွဲပြီး ဝတ်ထားသည်။

ငါးမိနစ်ခန့်ကြာတော့ ထမင်းပန်းကန်များနှင့်အတူ စင်ကြယ်ပြန်ရောက်လာသည်။

သူမတို့ထိုင်နေသည့် စားပွဲသို့ ရောက်လာပြီး ထမင်းပန်းကန်များကို စားပွဲပေါ် ချလိုက်သည်။

"ကိုစင်ကြယ်"

သူမ လေသံတိုးတိုးဖြင့် ခေါ်လိုက်မှပင် သူက သူမတို့နှစ်ဦးကို သတိပြုမိသွားပြီး ဝမ်းသာပျော်မြူးသွားသည့်အမူအရာဖြင့် ...

"ဩော် ... မမပါလား၊ ကျွန်တော်စောစောက မမြင်ဘူး" ဟု ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

ဒါကို သာဒင်က လှမ်းကြည့်နေရာမှ စကားမရှိစကားရှာသည်ဟု ထင်သွားပြီး လှမ်းအော်လိုက်သည်။

"ဟေ့ကောင် ... စင်ကြယ်၊ ထမင်းလာစားတဲ့လူတွေစိတ်ရှုပ်အောင် ဘာတွေပြောနေတာလဲကွ၊ သွားစမ်း၊ ဟင်းပန်းကန်တွေသွားယူ၊ လက်ဆေးရေပါတစ်ခါတည်းယူခဲ့"

ဟု အသံမာမာဖြင့် ပြောလိုက်သည်။

"ဒါကျုပ်အသိဗျ"





စင်ကြယ် မခံချင်လွန်းသဖြင့် ပြန်ပြောလိုက်မိခြင်းပါ။

သူ့စကားကြောင့် ဦးဝကြီးနှင့် သာဒင်တို့ မယုံနိုင်ဖြစ်သွားကြ၏။

"ဟေ့ကောင် ... စင်ကြယ်၊ ဘာတွေပြောနေတာလဲ"

"အမှန်ပြောနေတာဗျ"

"စကားရှည်လိုက်တာကွာ၊ သွားစမ်း ... ဟေ့ကောင်"

စင်ကြယ်က သာဒင့်ကို မကျေမနပ်လှမ်းကြည့်ပြီး ဟင်းပွဲများ ယူရန် အထဲသို့ ဝင်သွားသည်။

"အတော် မကောင်းတဲ့ကောင်ပဲ၊ အရူးက အရူးပါးအဖေရဲ့" ဟု သာဒင် မကျေမနပ် ပြောနေသည်။

"တော်ပါတော့ကွာ၊ ဧည့်သည်တွေ စိတ်ညစ်နေပါ့မယ်၊ ဒီကောင့်ကြောင့် စိတ်ညစ်ရပေါင်းများပြီ"

စင်ကြယ်က ဟင်းပွဲများယူပြီး ပြန်ရောက်လာသည်။ ပြီးတော့ ငါးပိ၊ တို့စရာ၊ လက်ဆေးရေ သည်တို့ လာချပေးသည်။

"မမအတွက် အသည်းအမြစ်တစ်ပွဲ ယူလာခဲ့တယ်၊ ဒါက မမတို့မှာထားတဲ့ ကြက်သားနှစ်ပွဲ"

ယွန်းနုက သူ့ကို ပြုံးပြလိုက်ပြီး ထမင်းကိုင်၍ [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝကြီးက ထမင်းစားပွဲပေါ်မှ ဟင်းပန်းကန်များကို လှမ်းကြည့်လိုက်ပြီး မျက်မှောင်ကုတ်သွားသည်။

"ဟော့ကောင် ... ဧည့်သည်မမှာတဲ့ ကြက်အသည်းအမြစ်ကို ဘာဖြစ်လို့ ယူလာရတာလဲကွ"

ဦးဝကြီးစကားကြောင့် သူမတို့နှစ်ဦး ထမင်းစားနေရင်း မျက်နှာတွေကွက်ခနဲ ပျက်သွားကြသည်။

'ဟော့ကောင် ... ငါမေးတာဖြေစမ်း''

"ကြက်အသည်းအမြစ်က မမအတွက် ကျွန်တော်ဝယ်ကျွေးတာပါ ဦးလေး။ မမတို့ စားပြီးငွေရှင်းရင် အဲဒီဟင်းပွဲဖိုး ကျွန်တော်ပေးမှာပါ"

သူ့စကားကြောင့် ဦးဝကြီးတို့သားအဖ နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"မင်းကပေးရအောင် ပိုက်ဆံဘယ်ကရလဲကွ" ဟု သာဒင်က လှမ်းမေးလိုက်သည်။

"ကျွန်တော်ရတဲ့ မုန့်ဖိုးငွေ အချို့ထဲက စုထားတာပေါ့ဗျ။ ဒါ ဘာဆန်းလဲ"

သူက သာဒင်ကို ပြန်ပြောလိုက်သည်။

သာဒင်က ငွေရှင်းကောင်တာမှ ထလာပြီး သူ့အနီးရောက်လာ၏။ ပြီးတော့ သူ့ကို ဆွဲခေါ်သွားသည်။

သာဒင်နှင့်သူ ငြင်းခုံသံများကို ကြားနေရသည်။





"ဟော့ကောင် ... မင်းမှာ ခိုးထားတဲ့ပိုက်ဆံ ဘယ်လောက်တောင်ရှိသလဲပြောစမ်း ရိုးရိုး ... ရှားတားလုပ်ရင် လက်သီးစာမိမယ်"

"ဘုရားဖူးတွေ ပေးသွားတဲ့ မုန့်ဖိုးငွေပါဗျ။ ကျွန်တော်က ဘုရားသမိုင်းအကြောင်းတွေ ရှင်းပြလို့ ပေးသွားကြတာပါ"

"မင်းပြောတိုင်း ယုံရမှာလား ဟော့ကောင်၊ ဒါဆိုင်က ခိုးထားတာ၊ မသိဘူး ထင်နေသလား"

သာဒင်အသံက ခပ်တိုးတိုးပြောနေရာမှ ကျယ်လောင်လာ၏။

"ဆိုင်က ခိုးရအောင် ခင်ဗျားတို့ ပိုက်ဆံထည့်တဲ့ အံဆွဲကို သော့ခတ်ပြီး သားအဖနှစ်ယောက် တစ်ယောက်တစ်လှည့် ခါးကြားထိုးထားကြတာပဲ မဟုတ်လား။ ကျုပ်က ဘယ်လိုလုပ်ပြီး ခိုးမလဲ"

"လူပါးဝတဲ့ကောင်ကဲ့ကွာ ..

"ဝုန်း"

ထိုးကြိတ်သံ၊ လဲပြိုသံများကို ကြားလိုက်ရသည်။

သူမက ထမင်းစားနေရာမှ ဇွန်းခက်ရင်းကို ပစ်ချပြီး ထရပ်လိုက်မိ၏။ ပြီးတော့ ဦးဝကြီးကိုကြည့်ပြီး တုန်ရင်နေသည့်အသံဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"တော်ကြပါတော့ရှင်၊ သူ့မှာ အပြစ်မရှိပါဘူး၊ သူနဲ့ ကျွန်မက ခင်မင်နေကြတဲ့သူတွေပါ၊ ဒါကြောင့် သူက ကျွန်မ အတွက် ဟင်းတစ်ပွဲလာကျွေးတာပါ၊ ဒီလောက်အထိ ပြဿနာကြီးဖို့ မကောင်းပါဘူးရှင်၊ သူ့ကို ခေါ်လိုက်ပါဦး"

သူမ ခပ်တင်းတင်းပြောလိုက်သောကြောင့် ဦးဝကြီး မျက်စိမျက်နှာ ပျက်သွားသည်။

"ဟေ့ကောင် ... သာဒင် ဒီမှာညှော်သည်တွေ စိတ်ညစ်နေပြီကွ၊ တော်ကြစမ်း၊ စင်ကြယ် ... မင်းထွက်လာ ခဲ့ဦး၊ ဒီမှာ ညှော်သည်တွေက မင်းကို တွေ့ချင်နေတယ်"

ဦးဝကြီး အသံကျယ်ကျယ်ကြောင့် ဆူဆူပူပူအသံများ ရပ်သွားပြီး သာဒင်ထွက်လာသည်။ သူ့နောက်မှ စင်ကြယ် ထွက်လာ၏။

စင်ကြယ်နှုတ်ခမ်းတွင် သွေးစအချို့ကို တွေ့လိုက်ရ သောကြောင့် သူမတို့နှစ်ဦးလုံး စိတ်ထိခိုက်သွားကြသည်။

"ဘယ်လိုဖြစ်တာလဲ ကိုစင်ကြယ်၊ နှုတ်ခမ်းကွဲသွား တာလား၊ ကျွန်မဆေးထည့်ပေးမှ ဖြစ်မယ်ထင်တယ်"

သူမ ကြင်နာစွာပြောလိုက်သည်။

စင်ကြယ်က သူမကို ဘာမှ ပြန်မပြောဘဲ သာဒင်နှင့် ဦးဝကြီးကို မျက်နှာထားဆိုးဆိုးဖြင့် စိုက်ကြည့်နေရာမှ ...



"ဒီမှာ ... ခင်ဗျားတို့ သိပ်လွန်လာပြီနော်၊ ခုချိန်က စပြီး ခင်ဗျားတို့ဆိုင်မှာ ကျုပ်အလုပ် မလုပ်နိုင်တော့ဘူး" ဟု ပြတ်သားစွာ ပြောလိုက်သည်။

သူ့စကားကြောင့် သားအဖနှစ်ယောက်လုံး မယုံနိုင် လောက်အောင် အံ့ဩသွားကြ၏။

စင်ကြယ့်အပေါ် အသက်ရှူခွင့်လေးတောင် မရှိ လောက်အောင် သားအဖနှစ်ယောက်လုံး နှိမ်ကွပ်ထားခဲ့ကြ သည် မဟုတ်ပါလား ...၊ သို့သော် စင်ကြယ်က သစ်တုံး တစ်တုံးလို နေရာမရွေ့ပဲ သူတို့ဆိုင်မှာ တွယ်ကပ်နေခဲ့လေ သည်။

ခုတော့ ... စင်ကြယ်က ခေါင်းငုံ့မခံတော့ပြီ။

"မင်းက ဒီမှာ မနေတော့ ဘယ်သွားနေချင်သလဲ"

"နေချင်တဲ့ဆီ နေမယ်ဗျာ"

"မင်းကများ လှုပါးဝလို့ ထမင်းငတ်ချင်သလား ... ဟေ့ကောင်၊ ငါထပ်ထိုးလိုက်ရ" ဟု သာဒင်က ခြိမ်းခြောက် လိုက်၏။

သို့သော် သူက လုံးဝကြောက်ရွံ့ဟန်မပြဘဲ လှောင် ပြောင်ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ကျုပ်ယောက်ျား တစ်ယောက်ပဲ၊ ထမင်းမငတ်အောင် ရှာစားတတ်ပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးသည်နှင့် ဆိုင်အပြင်ဘက်သို့ ထွက်သွားပြီး ဘေးဘက်အဖီလေးထဲ ဝင်သွားသည်။

ပြီးတော့ ဗီးကွက်ရှပ် နှစ်ရှပ်ယူပြီး သူမတို့အနီးသို့ ပြန်ရောက်လာသည်။ ခါးပိုက်ထဲမှ ငွေနှစ်ရာကျပ်ကို ယူထုတ်ပြီး သာဒင်ကို လှမ်းပေးလိုက်သည်။

"ရော့ . . . ဒီမှာ အသည်းအမြစ်တစ်ပွဲဖိုး"

"ဟာကွာ . . . ငါဆွဲထိုးလိုက်ရ"

သာဒင်ဒေါသကို မျိုသိပ်ထားရသည့် မျက်နှာဖြင့် ပြောလိုက်သည်။

"ကျပ်ညှော်သည် ကျပ်ညှော်ခံတာ ဘာဖြစ်လဲဗျ"

သူ့အမူအရာက ခါတိုင်းနှင့်မတူဘဲ အတော်ရဲတင်းပြီး မျက်နှာထား တင်းမာနေသောကြောင့် သာဒင်နှင့် ဦးဝကြီးတို့ ဘာမှဆက်မလုပ်ဘဲ အကဲခတ်ကြည့်နေကြသည်။

ထိုစဉ် ဆိုင်ထဲမှ အသားညိုညို ခပ်ဝဝ အမျိုးသမီးကြီး တစ်ယောက် ထွက်လာသည်။ ဦးဝကြီး၏ ဇနီးဖြစ်၏။

"အဲဒါသာကြည့်တော့ အရပ်ကတို့ရေ ညှော်သည်တွေ ထမင်းလာစားတိုင်း ဒီကောင်လေးနဲ့ ပတ်သက်ပြီး ခဏခဏ စိတ်အနှောင့်အယှက်ဖြစ်ကြရတာပဲ၊ သူ့လမ်းသူလျှောက်ဖို့ နှင်ထုတ်လိုက်ပါဆိုလဲ ပြောမရဘူး၊ စိတ်နောက်နေတဲ့လူ





ခေါ်ထားတော့ ဘယ်အဆင်ပြေပါ့မလဲ . . . ကိုဝကြီးရယ်"ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်သည်။

ယွန်းနဝတီက ဦးဝကြီးမိန်းမဆိုသူ ဒေါ်ဝေကို ကြည့်လိုက်ပြီး . . .

"သူ့ကို ဘယ်ကခေါ်လာတာလဲအဒေါ်" ဟုမေးလိုက်သည်။

"မိန်းကလေးက စပ်စုလှချည်လား၊ ဘာကိစ္စ သူ့အကြောင်းစုံစမ်းနေတာလဲ"

ဒေါ်ဝေက သူမပုံစံအတိုင်း အာကျယ်အာကျယ်နှင့် မျက်နှာထားဆိုးစွာ ပြောလိုက်သည်။

"ကျွန်မတို့က ဆရာဝန်တွေပါ၊ ပုဂံက သူငယ်ချင်းဆီ အလည်လာရင်း သူ့ကို တွေ့ပြီး သနားလို့ပါအဒေါ်"

"ဒါဖြင့်လည်း ခေါ်သွားလေ၊ ဆိုင်မှာ တစ်နေ့တစ်နေ့ ဒီကောင့်ကြောင့် တက်နေတဲ့ အကုသိုလ်က တောင်လိုပုံနေပြီ"

ဒေါ်ဝေစကားကြောင့် ဦးဝကြီး မကျေမနပ်ဖြစ်သွားသည်။

"ဒီမှာ . . . ရှင်မ၊ ငါက မင်းတို့အဖော်ရအောင် ခေါ်လာတာကွ၊ မင်းနေ့စဉ် ဆူဆူပူပူလုပ်နေလဲအလကားပဲ၊ ဘာမှမတတ်နိုင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် ပြောနေတာပေါ့၊ ခေါ်သွားချင်တဲ့လူ ရှိရင် ယည့်လိုက်ပါလို့"

ဦးဝကြီး စဉ်းစားနေသည်။

ဆိုင်အတွက် ဒီကောင်ရှိနေတာ အတော့်ကို အဖော်ရသည် မဟုတ်ပါလား . . . ရေခပ်လဲဒီကောင်၊ ထင်းခွဲလည်း ဒီကောင် . . . ထမင်းအိုးငှဲ့လဲ ဒီကောင်၊ စားပွဲထိုးလဲ ဒီကောင်၊ တံမြက်စည်းလှည်းလဲ ဒီကောင် . . .

ဒီကောင်သာ ထွက်_ သွားလျှင် ခက်ရချည်ရဲ့ . . . ဟု တွေးပြီး စိတ်ညစ်နေမိသည် မဟုတ်ပါလား . . .

"သူ့ကို ဘယ်အရပ်က ခေါ်လာတယ်ဆိုတာ ကျွန်မ တို့ကို ပြောပြပါလား ဦးလေး၊ ဒါမှ သူ့ကို ဆေးကုပေးတဲ့ အခါမှာ သဲလွန်စတစ်ခုခုရမယ်လေ"

"သူ့ကို ရေနံချောင်းအ  တွေ့ခဲ့တာပဲ၊ ကြည့်ရ တာ ကားတစ်စီးစီးပေါ်က ပြုင ျပြီး ကျန်ခဲ့တာ ဖြစ် ကောင်း ဖြစ်လိမ့်မယ်၊ လမ်း...မှာ သတိမေ့ပြီး လဲနေတာ တွေ့ခဲ့ရတယ်၊ အဲဒီနေ့က ညှို့နက်သန်းခေါင်အချိန်မတော် ကြီး ကျုပ်ကလဲ ရန်ကုန်က ပြန်အလာ သူ့ကို တွေ့ခဲ့ရ တာပဲ"

"သူ့ကို ဦးလေးစတွေ့ကတည်းက အတိတ်မေ့နေ သလား"





"ဟုတ်တယ်၊ ကျုပ်လဲသူ့ကို ကျုပ်ကားပေါ်တင်ပြီး ပုဂံအရောက်ခေါ်လာခဲ့တယ်၊ ဒီရောက်တော့ မြို့က ဆရာဝန် ပြပြီး ဆေးကုပေးခဲ့တယ်၊ ခေါင်းကို ဆောင့်မိခဲ့တယ် ထင်ပါရဲ့ သူ့ဘဝသူမေ့နေတာပဲ၊ ကျုပ်တို့လဲ သနားတာနဲ့ ဆိုင်မှာပဲ တင်ကျွေးထားတာ ၆ လလောက်ရှိပြီ ဆိုပါတော့ဗျာ"

"သူ့ကို ကျွန်မတို့ ဆေးကုပေးပါရစေလား"

"ကလေးမတို့က ရန်ကုန်မှာ နေကြတာလား"

"ဟုတ်ကဲ့ အားလုံး ရန်ကုန်မှာပါပဲ"

"ဒါဖြင့်လည်း သူ့သဘောမေးကြည့်ပါ"

ဦးဝကြီးက သိပ်လက်မလွှတ်ချင်သော်လည်းမပိုင် ဝက်မွေးဘဝမို့ ကပ်သီးကပ်သပ်လုပ်ရန် မဖြစ်နိုင်ကြောင်း နားလည်ပါသည်။

"ကျွန်တော်မမနဲ့ လိုက်သွားမယ်၊ မမက ဆရာဝန် ဟုတ်လား၊ ကျွန်တော့်မမ ဇင်မီလဲ ဆရာဝန်ပဲ"

သူက ဝမ်းသာအားရပြောလိုက်၏။

"ကဲ ဒါဖြင့် ကျွန်မတို့ ပြန်တဲ့နေ့ လာခေါ်မယ်နော် ကိုစင်ကြယ်"

စင်ကြယ်က ခေါင်းခါရမ်းလိုက်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာ မနေခဲ့ချင်တော့ဘူး ခင်ဗျာ၊ ဘုန်းကြီးကျောင်းမှာတည်းပြီး စောင့်နေမယ်" ဟု ပြောလိုက်သောကြောင့် သာဒင်က မျက်စောင်းလှမ်းထိုးလိုက်သည်။

"ကျွန်မတို့ကို ခွင့်ပြုပါဦးနော်"

သူမ နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

သူက သူမနောက်မှ ပြေးလိုက်လာသည်။

"မမ . . . မမ ကျွန်တော့်ကို ဘုန်းကြီးကျောင်းမှာ လာခေါ်ပါနော်၊ ကျွန်တော်နဲ့ခင်တဲ့ ဘုန်းကြီးကျောင်းရှိတယ်"

"ဘယ်ကျောင်းလဲ"

"ရွှေဂူကြီးဘုရားနားက ဘုန်းကြီးကျောင်းပါ၊ အခုတစ်ခါတည်း ဘုရားသွားဖူးရင်း လိုက်ခဲ့ပါလား"

"ကောင်းသားပဲ"

သူက ယနေ့မှ ဝင့်ကြွေးကုန်ခမ်းသွားသူ တစ်ယောက်ကဲ့သို့ သာဒင်တို့ဆိုင်ဘက်သို့ လုံးဝ လှည့်မကြည့်တော့ပေ။

သူ့မျက်နှာရွှင်လန်းနေတာ ကြည့်ပြီး ယွန်းနုဝတီရင်ထဲမှာလည်း ပျော်ရွှင်မိ၏။

❑ ✣ ❑





## အခန်း (၇)

ရွှေဂူကြီးသည် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုဖြစ်သည်။ ထိုဂူဘုရားသည် ကြေးပလ္လင်မြင့် အထက်တွင် တည်ရှိ၍ မြောက်ဘက်သို့ မှန်လှည့်နေသည်။ ဂူဘုရားသည် အချိုးအစားကျန၏။

ဘုရားရင်ပြင်တော်ပေါ်ရှိ ထနောင်းပင်ရိပ်အောက်မှာ သူမတို့ သုံးဦးရပ်နေကြသည်။

ဘုရားဖူးအပြီး ဤနေရာလေးတွင် ရပ်နေကြခြင်းဖြစ်၏။

"မမ ကျွန်တော့်ကို ရန်ကုန်ကို တကယ်ခေါ်သွားမှာလား"

သူက မဝံ့မရဲအမူအရာဖြင့် မေးလိုက်ခြင်းပါ။

"တကယ်ခေါ်သွားမှာပေါ့ကွယ်၊ ရန်ကုန်မှာဆရာဝန်နဲ့ပြရမယ်"

"မမလဲ ဆရာဝန်ပဲမဟုတ်လား၊ မမကိုယ်တိုင်ကုပေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရောဂါကု ဆရာဝန်တွေက ကုမှရတာကွယ့်၊ မမတို့က စိတ်ရောဂါကု ဆရာဝန်မဟုတ်ဘူး"

"မမ ့ ... မမက ဒေါက်တာဖင်မီရဲ့ သူငယ်ချင်းပဲလား ဟင်"

သူက သူမမျက်နှာကို တစိမ့်စိမ့်အကဲခတ်ကြည့်နေရာမှ မေးလိုက်သည်။

"ဒေါက်တာဖင်မီရဲ့ သူငယ်ချင်းမဟုတ်ပါဘူးကွယ်"

သူမ အဖြေစကားကြောင့် သူ့မျက်နှာပေါ်တွင် ဝမ်းနည်းအားငယ်မှုများ ဖုံးလွှမ်းသွားသည်။

"ဒါဖြင့် ကျွန်တော်ရန်ကုန်ကို မလိုက်ချင်တော့ဘူးဗျာ"

"ဘာဖြစ်လို့လဲ ကိုစင်ကြယ်ရဲ့၊ ဖင်မီနဲ့ မမတို့က သူငယ်ချင်းတွေ မဟုတ်ပေမယ့် ဖင်မီ့ကို ရန်ကုန်မှာတွေ့မှာပါ"

"ကျွန်တော်က မမဖင်မီကို သိပ်တွေ့ချင်တာပဲ"

"တွေ့ချင်ရင် ရှာပေးမှာပေါ့ကွယ်"

"တကယ်ပြောတာလား မမ"

"တကယ်ပြောတာပါ"

ရွှေဂူကြီးဘုရားရင်ပြင်တော်ပေါ်မှနေ၍ ပတ်ဝန်းကျင်ရှုခင်းများဆီသို့ သူမငေးမောကြည့်ရှုနေမိသည်။





နတ်လှောင်ကျောင်း၊ ပုထိုးများ၊ ဆင်ပြဂူ၊ မြင်းပြဂူ၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ အာနန္ဒာ၊ အတွင်းစည်းခုံဘုရား၊ ဆုတောင်းပြည့်ဘုရား၊ သဘက်ကျဘုရား၊ ရှုဥ္စာမဏိစေတီ စသည်တို့ကို လှမ်း၍ဖူးမြော်ရသည်။

"မမ"

"ဘာလဲ ကိုစင်ကြယ်"

"ဒီမှာ ကြည့်ပါဦး"

"ဟင် ချိုးကလေးပါလား"

ဘယ်အချိန်က သူဖမ်းယူလိုက်မှန်းမသိပါ။ သူ့လက်ထဲတွင် အဖြူရောင်ချိုးငှက်လေးကို တွေ့လိုက်ရ၏။

"မမအတွက် လက်ဆောင်လေ ကျွန်တော်ဖမ်းလိုက်တာ"

သူမ သက်ပြင်းမောကို ချလိုက်မိ၏။ ကောင်ကလေး ချိုးငှက်လေးကို တစ်လှည့်၊ သူ့ကို တစ်လှည့် မျက်လုံးပြူး မျက်ဆံပြူးဖြင့် ငေးကြည့်နေသည်။ ပြီးတော့ပြောသည်။

"ချိုးလေးက လှလိုက်တာ၊ ဘယ်လိုလုပ်ပြီး ဖမ်းလိုက်တယ် မသိဘူး၊ သူ့လက်ထဲကို ရောက်လာတာ မြန်လိုက်တာနော်"

သူ့လက်ထဲမှ ချိုးငှက်လေးကို သူမ လှမ်းယူလိုက်၏။

"ဒီငှက်လေးရဲ့ ကူသံကိုကြားရတိုင်း ကျွန်တော့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာယာ ကဲ့ မမရဲ့ အမုန်းတရားတွေ ငြိမ်းချမ်းပါစေ''

''ရှင်ဘာတွေ ပြောနေတာလဲ''

''မမဇင်မီပဲ ကျွန်တော့်ကို မုန်းတယ်ဆို''

ရုတ်တရက် သူ့မျက်နှာအမူအရာ တစ်မျိုးဖြစ်သွားသောကြောင့် ဆရာဝန်တွေ ပိပိနားလည်လိုက်ကြ၏။

ဇင်မီနှင့် ပတ်သက်သည့် အတိတ်အကြောင်းအရာများကို သတိရစိတ်က ပေါ်လာတတ်ပြီး မှားယွင်းနေမိခြင်းပါ။

''ကိုစင်ကြယ် ရှင်သတိထားမှပေါ့၊ ကျွန်မတို့ဟာ ဒေါက်တာဇင်မီ မဟုတ်ဘူး၊ ကျွန်မတို့ကို ရှင့်ချစ်သူနဲ့ မှားနေရင် ရှင့်ကို ရန်ကုန်ခေါ်သွားဖို့ ခက်ခဲလိမ့်မယ်''

သူမ မျက်နှာထားတည်တည်ဖြင့် ပြောလိုက်သည်။

''ကျွန်တော် သတိထားပါမယ့် မမရယ်၊ မမဇင်မီ မဟုတ်ရင် မမက ဘယ်သူလဲဟင်''

''ကျွန်မက ဒေါက်တာယွန်းနုဝတီ၊ သူက ဒေါက်တာကောခိုင်ဦး၊ နောက်ထပ်ဆရာဝန်မလေးယောက်နဲ့ ရှင့်ကို မိတ်ဆက်ပေးရဦးမယ်''

''နာမည်တွေ များလွန်းရင်း ကျွန်တော်မမှတ်မိဘူးဗျ၊ အဲ . . . မမနာမည်ကိုတော့ အသေအချာမှတ်ထားမယ်နော်''

သူပြောလိုက်သောကြောင့် သူမ ခေါင်းညိတ်လိုက်သည်။





ရွှေဂူကြီး ရင်ပြင်ပေါ်တွင် လေကတဝူးဝူးတိုက်လျက်ရှိ၏။ သူမ၏ ဆံပင်မှ ဆံမြိတ်များက လွင့်နေသည်။

လေတိုက်လွန်းသဖြင့် ထနောင်းပင်မှ သစ်ရွက်ချင်းထိခတ်သံကိုပင် ကြားနေရ၏။

လေအဝှေ့တွင် သူမပုခုံးထက်မှ အညာလျှော်တဘက်လေး လေဖြင့် လွင့်ခနဲပါသွားသည်။

''ဟင်''

စင်ကြယ်က လျှော်တဘက်လေး လွင့်ပါသွားသည့်နေရာသို့ ပြေးလိုက်သွားသည်။

လျှော်တဘက်လေးက ထနောင်းပင်၏ အကိုင်းတစ်ကိုင်းပေါ်တွင် သွားငြိနေသောကြောင့် စင်ကြယ်က ထနောင်းပင်ပေါ် တွယ်တက်လိုက်သည်။

''ဟဲ့ . . . ဟဲ့ . . . နေပါစေ၊ တော်ကြာ ချော်ကျရင် ဒုက္ခရောက်နေပါ့မယ်ကွယ်''

သူမ စိုးရိမ်ပူပန်စွာ အော်ဟစ်လိုက်သည်။

သူက ဂရုမစိုက်ပဲ သစ်ကိုင်းကြီးမှ တစ်ဆင့်သစ်ကိုင်းလေးပေါ်သို့ လှမ်းတက်ပြီး တဘက်လေးကို လှမ်းယူလိုက်သည်။ ပြီးတော့ ထနောင်းပင်ပေါ်မှ ပြန်ဆင်းလာသည်။

''ဒီလောက်ပဲ မိုက်ရသလားကွယ်၊ လျှော်တဘက်လေး တစ်ထည်အတွက် သက်စွန့်ဆံဖျား ကြိုးစားနေလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒရော့ . . . မမ"

သူက သူမ၏ လျှော်တဘက်လေးကို လှမ်းပေးလိုက်၏။

"မယူချင်တော့ဘူး သီလား၊ အတော်ကြိုဟ်မွှေတဲ့ လျှော်တဘက်ပဲ"

သူမ စိတ်ပျက်လက်ပျက် ပြောလိုက်ခြင်းပါ။

"ဟာ . . . မယူချင်တော့ရင် သိပ်ကောင်းတာပဲ၊ ကျွန်တော်လဲ ခေါင်းပေါင်းလိုနေတာနဲ့အတော်ပဲ၊ မနက်မနက်ချမ်းတဲ့အခါ ခေါင်းပေါင်းပေါင်းရမယ်"

သူက အလိုက်ကန်းဆိုးမသိစွာ ပြောလိုက်သော်လည်း သူမတို့နှစ်ဦး စိတ်မဆိုးနိုင်ကြဘဲ ရယ်မောလိုက်မိကြသည်။

"ကျွန်တော့်ကို ပေးမှာလားဟင် မမ"

"ယူလိုက်ပေါ့ကွယ်"

"ဒီတဘက်လေးကို ကျွန်တော်အမှတ်တရ ရှိရှိသေသေ သိမ်းထားမှာပါ မမရယ်၊ ကျွန်တော်နဲ့ ထိုက်တန်လို့ ထနောင်းပင်ပေါ် ရောက်သွားတာဆိုတော့ သေချာသိမ်းထားမှ ဖြစ်မှာပေါ့"

လျှော်တဘက်လေးကို ခေါင်းမှာပေါင်းရင်းပြောလိုက်သည်။





သူမဘာမှ မပြောဘဲ သူ့လှုပ်ရှားမှုများကို ငေးငေးကြည့်နေမိသည်။

"ကိုစင်ကြယ်"

"ဗျာ"

"မမက ရှင့်ကို ဒီလျှော်တဘက်လေးလ[illegible]ဆောင်[illegible] တဲ့အတွက် တစ်ခုတောင်းဆိုမယ်နော်"

"ပြောပါ မမ"

"ဟောဒီ ငှက်ကလေးကို သွားလိုရာသွ[illegible]ဖို့ မလွှတ် လိုက်ချင်တယ်"

"မမသဘောပါပဲ"

သူမ ချိုးငှက်ကလေးကို လွှတ်လိုက်၏။ ချိုးငှက်လေးက သူမလက်ထဲမှ ရုတ်တရက်ပျံထွက်သွားသည်။

သူက ခပ်ငေးငေးကြည့်နေရာမှ ဘာမှ မပြောဘဲ ငြိမ်နေသည်။

"ကိုစင်ကြယ် . . . ရှင်ပြောတဲ့ ဘ[illegible]ကြီးကျောင်းက ဘယ်နားမှာလဲ"

"ဟိုမှာ မြင်[illegible] ရတဲ့ ဘုန်းကြီးကျောင်းပဲ"

သူက ခပ်လှမ်း[illegible]ခါးရှိ ဘုန်းတော်ကြီးကျောင်းတစ်ခုကို လက်ညှိုးညွှန်ပြလ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

"မမတို့ ပြန်တဲ့နေ့ကျရင် အဲဒီဘုန်းကြီးကျောင်းမှာ သာခေါ်ရမလား"

"ကျွန်တော် ဒီနေရာလေးမှာပဲ စောင့်နေမယ်လေ၊ မမတို့ ပြန်မယ့်နေ့ကို ပြောပါ"

"မမတို့ ပြန်ဖို့က သုံးလေးရက်လိုသေးတယ်"

"ဒါဖြင့် ဒီနေရာလေးကို နေ့ဟိုင်းလာတွေ့မျာ၊ ကျွန်တော်စောင့်နေမယ်"

ကလေးဆိုးတစ်ယောက်လို သူပြောနေတာကိုကြည့်ပြီး သူမတို့နှစ်ယောက်လုံး ရယ်မောလိုက်မိကြသည်။

ဆရာဝန်မတွေမို့ သူ့ကို သနားစရာဝေဒနာသည် တစ်ယောက်အဖြစ် မြင်နေကြသော်လည်း ပတ်ဝန်းကျင်မှ မြင်သူအချို့ကမူ ဒီမိန်းကလေးတွေ အရှုးနားလာပြီး ဘာတွေ ဖြစ်နေကြပါလိမ့် ...ဟု ကိုယ်နှင့်မဆီမဆိုင် ရိုင်းရိုင်းပျပျ ဝေဖန်နေကြသည် မဟုတ်ပါလား ...

❑ ✣ ❑





## အခန်း (၈)

"မင်းအစီအစဉ်ကောင်းပါတယ် စောမင်းနိုင်"

ဦးငွေဆောင်စကားကြောင့် ဖေယျာဝင်းနှင့်စောမင်း တို့ နှစ်ယောက်ဝမ်းသာ[illegible]င်သွားကြပြီး ...

"ကျွန်တော်လဲ ပုဂံရောက်လာကတည်းက စိတ်ကူး နေမိခဲ့တာပါ၊ မယုယုအေးတို့ မိန်းကလေးအုပ်စုကို မြင်ပြော ပိုပြီး အကောင်အထည်ပေါ်သွားတာပေါ့"

"ပုဂံရဲ့ ရှုခင်းနဲ့သဘာဝအလှတွေကို ပေါ်ဖော်ထုတ် ပေးရာရောက်တာပေါ့၊ မိန်းကလေးတွေရဲ့ မြန်မာဆန်တဲ့ အလှကိုလဲ ပြသခွင့်ရတာပေါ့ကွာ"

အဘိုးကြီးက ထင်တာထက်ပိုပြီး နေ မိသူဖြစ်သည်။

ယုယုအေးတို့ ဆရာဝန်မအဖွဲ့မှာ အားလုံးရုပ်ရည် ပြေပြစ်ချောမောလှပသောကြောင့် ထိုမိန်းက လေးအဖွဲ့ကို ပုဂံ နောက်ခံ ရှုခင်းများဖြင့်တွဲပြီး ဓာတ်ပုံရိုက်ယူရန် ပြီးတော့ ပြက္ခဒိန်ထုတ်ရန် ဦးငွေဆောင်နှင့် တိုင်ပင်နေကြခြင်းဖြစ် သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကျွန်တော်တို့ မယုယုအေးကို ပြောလိုက်မယ် နော် အဘိုး၊ သူ့ သူငယ်ချင်းတွေအားလုံးကိုပါ ပြောပေးဖို့ တောင်းဆိုရမယ်"

ဇေယျာဝင်း ပြောလိုက်၏။ သူ့ဘေးတွင် ထိုင်နေသည့် စောမင်းနိုင်က ရင်ခုန်နေမိ၏။

ပိန်းကာလေးအုပ်စု ပြင်ကြဆင်ကြပြီး အိမ်ထဲမှ ထွက်လာတာကို မြင်လိုက်ကြရသည်။

အားလုံးထဲမှာ ယုယုအေးတို့က သနပ်ခါးပါးကွက် ဝါဝါလေးဖြင့် ထူးခြားစွာလှနေသည်။

"ငါ့မြေးတွေ အားလုံး လာထိုင်ကြပါဦး၊ အဘိုး ပြောစရာ ရှိတယ်"

ဦးငွေဆောင်က အားလုံးကို ညှိခန်းထဲမှာ ထိုင်ရန် ခေါ်လိုက်သည်။ ယုယုအေးက ဘိုးအေကို အံ့ဩသလိုကြည့်ပြီး ဝင်ထိုင်လိုက်သောကြောင့် ကျန်သူငယ်ချင်းများအားလုံးလည်း သူမနှင့် အတူထိုင်လိုက်ကြသည်။

"မောင်ဇေယျာဝင်းနဲ့ မောင်စောမင်းနိုင်တို့က ပုဂံနောက်ခံရှုခင်းတွေကို ဓာတ်ပုံရိုက်ပြီး ပြက္ခဒိန်ထုတ်ဖို့ အစီအစဉ်ရှိတယ်တဲ့၊ အဲဒါ ငါ့မြေးတွေလဲ ကူညီကြဖို့ အဘိုး တိုက်တွန်းချင်တယ်"





ယုယုအေးက မျက်မှောင်ကုတ်၍ စဉ်းစားနေပြီး . . .

"ကျွန်မတို့ အကူအညီလိုတယ် ဟုတ်လား" ဟု ဇေယျာဝင်းအား မေးလိုက်သည်။

ဇေယျာဝင်းက ခေါင်းညိတ်လိုက်ပြီး သူ့ကိုယ်စား ဦးငွေဆောင်ကပင် ဖြေလေသည်။

"ပုဂံရှုခင်းတွေကို နောက်ခံထားပြီး မြန်မာမိန်းကလေးတွေရဲ့ အလှနဲ့တွဲပြီး ဓာတ်ပုံရိုက်ချင်တယ်တဲ့၊ အဲဒါသမီးတို့ ကူညီ လိုက်ကြပါကွယ်"

အဘိုးစကားဆုံးတော့ ဘရစ်နီက နှုတ်သွက်လျှာသွက်ဖြင့် ပြောလိုက်သည်။

"အမလေး . . . ကျွန်မတို့ပုံတွေ ပြက္ခဒိန်ထုတ်မှာလား၊ တော်ကြာ အိမ်မြှောင်နဲ့ ကြွက်တွေလန့်ပြီး ထွက်ပြေးကုန်ပါဦးမယ်"

သူမ စကားကြောင့် အားလုံးရယ်မောလိုက်ကြသည်။

ဇေယျာဝင်းက သူ့ပုံစံအတိုင်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့်

"အမလေး ခင်ဗျားတို့အားလုံး အချောအလှတွေချည်းပဲ၊ အိမ်မြှောင်တွေ ကြွက်တွေ လန့်မပြေးဘူး၊ ပြက္ခဒိန်ကြည့်တဲ့သူတွေ လိပ်စာစုံစမ်းပြီး လိုက်လာမှာပဲ စိုးရိမ်ရတာ"

"တကယ်လား . . . တကယ်လား" ဟု ဘရစ်နီက နောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလဲ့ကလည်း

"ကျွန်မတို့ မော်ဒယ်လ်ဂဲလ် ဖြစ်တော့မယ် ဆိုပါတော့" ဟု ပြောလိုက်သည်။

"ကဲပါ . . . စကားတွေတောင်လို မောက်မနေကြပါနဲ့၊ အဘိုးပြောတာ နားထောင်ကြပါဦး"

ကိုလင်းအေး ဝင်ပြောလိုက်ခြင်းပါ။

"အဘိုးပြောချင်တာ ပြောလို့ပြီးပြီ၊ ကြုံဟုန်းကြုံခိုက် အကူအညီ ပေးလိုက်ကြဒါ၊ ဒါပါပဲ"

ပုဂံကိုရောက်လာပြီး ဤအိမ်မှာပင် တည်းခိုရသောကြောင့် အိမ်ရှင်ဖြစ်သူ အဘိုး၏စကားကို အားလုံးလက်ခံကြရသည်မဟုတ်ပါလား . . .

ဤသို့ဖြင့် ဖေယျာဝင်းနှင့် စောမင်းနိုင်တို့၏ အစီအစဉ်အတိုင်း ဓာတ်ပုံရိုက်ရန် သူမကိုလိုက်ပါလာခဲ့ကြရသည်။

ကိုလင်းအေးက မအားသဖြင့် သူတို့နောက်ကို မလိုက်နိုင်ဘဲ ဖေယျာဝင်းက ကားမောင်းပြီး သူ့ဘေးတွင် စောမင်းနိုင်က ထိုင်၍ပါလာခဲ့သည်။

"ဟိုနေရာလေးက သိပ်လှတယ်ဗျာ"

"ဘယ်နေရာလဲ"

"အရိမဒ္ဒနလှေဆိပ်လေ၊ အဲဒီနေရာမှာ ရပ်မယ်"





ပုဂံအရှေ့ဘက် သရပါတံခါးဆီသို့ ဦးတည်ပြီး မောင်းလာခဲ့ရာမှ ပြောလိုက်ခြင်းဖြစ်သည်။

အရိမဒ္ဒနလှေဆိပ်သည် သရပါအနီးတွင် ရှိ၏။

ဖေယျာဝင်းက ကားကိုအရိမဒ္ဒနလှေဆိပ်အနီးတွင် ရပ်လိုက်၏။

မြို့ရိုးဟောင်းနှင့် ကပ်လျက်ရှိသော ရေပြင်ပေါ်တွင် လှေငယ်အချို့ကို တွေ့ရသည်။

"ကဲ . . . ကားပေါ်က အားလုံးဆင်းကြပါခင်ဗျာ"

မိန်းကလေးအုပ်စု ကားပေါ်မှ ဆင်းလိုက်ကြ၏။

အားလုံးထဲမှာ ယွန်းနုဝတီက ပိတောက်ချိုက်ယဘီနှင့် အကျီလက်ရှည်အဝါနုတို့ကို ဝတ်ထားသောကြောင့် မြန်မာဆန်ပြီး လှပနေသည်။

သူမထုံးထားသည့် ဆံထုံးကလည်း ဝိုင်းဝိုင်းမြင့်မြင့်ကြီးမို့ ပိုပြီးမြန်မာဆန်နေ၏။

"ဘယ်လိုပုံမျိုး ရိုက်မှာလဲ" ဟု ဘရစ်နီက အော်ပြီး မေးလိုက်သည်။

"လှေဆိပ်ပေါ်တက်လာတဲ့ ဟန်ကလေးလိုချင်တယ်၊ ပြီးတော့ လှေပေါ်က ဆင်းတဲ့ဟန်မျိုး၊ အရိမဒ္ဒနလှေဆိပ်ဆိုတဲ့ ဆိုင်းဘုတ်လေးပါအောင် ရိုက်ယူမယ်"

စောမင်းနိုင် ပြောလိုက်ခြင်းရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သရုပ်ဆောင်မော်ဒယ်လ်ဂဲလ်က ဘယ်သူလဲ" ဟု ယုယုအေးက မေးလိုက်သည်။

"အားလုံးထဲမှာ မြန်မာဆန်ဆုံးဝတ်စားပြင်ဆင်ထားတဲ့ မယွန်းနုဝတီပဲ သရုပ်ဆောင်ပေးဖို့ တောင်းဆိုချင်ပါကယ်"

စောမင်းနိုင်စကားကြောင့် အားလုံးအံ့သြသွားကြသည်။

ယွန်းနုဝတီက သူ့ကို အမှတ်မထင် လှမ်းကြည့်လိုက်မိတော့ သူ့အကြည့်စူးစူးများနှင့် ရင်ဆိုင်လိုက်ရသည်။

ဘာကြောင့်ရယ်မသိ သူမရင်ဖို့သွားမိသည်။

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ ယွန်းနုဝတီက တို့အားလုံးထဲမှာ အလှဆုံးပဲဆိုတော့ သူ့ကို ပွဲဦးထွက် မော်ဒယ်လုပ်နိုင်းတာပေါ့၊ တို့ကတော့ သူ့လို မလှပေါင်" ဟု ဆံပင်နီကြောင်ကြောင်နှင့် မိုးပြာကပြောလိုက်သည်။

"ငါက အရုပ်အဆိုးဆုံးဆိုတော့ ငါ့အလှည့်ရောက်ပါ့မလားဟဲ့" ဟု ကေခိုင် ပြောလိုက်သည်။

"ရောက်မှာပါ စိတ်ချ၊ အားလုံးတစ်ယောက်မကျန် မော်ဒယ်လ်ဂဲလ်လုပ်ရမယ်" ဟု ဖေ့ယျာဝင်းက ပြောလိုက်သည်။

"မယွန်းနုဝတီ ကျေးဇူးပြုပြီး သရုပ်ဆောင်ပေးပါဦး" စောမင်းနိုင် ယဉ်ယဉ်ကျေးကျေး ပြောလိုက်၏။



သူမ လှေဆိပ်သို့ ဆင်းသွားသည်။ ပြီးတော့ ကမ်းစပ်ရှိ လှေငယ်တစ်စီးပေါ်သို့ အသာတက်လိုက်၏။

"လှေပေါ်မှာ ထိုင်နေတဲ့ ပုံလေးအရင်ဦးဆုံးရိုက်မယ်၊ ကဲ . . . အဆင်သင့်ဖြစ်ရင်ပြော"

စောမင်းနိုင်က ကင်မရာထိုးချိန်ပြီး ပြောလိုက်သောကြောင့် သူမလှေပေါ်မှာ ထိုင်ပြီး အနေအထားလှပအောင် ပြုပြင်နေမိ၏။

စောမင်းနိုင်က ကင်မရာထဲမှနေ၍ သူမအလှကို တိတ်တခိုးငေးမောကြည့်ရှုနေမိသည်။

သူမအလှကား ကြည့်လေလှလေ၊ ရိုးရိုးလေးနှင့် ဆန်းနေသည်။ သူမကို မြင်မြင်ချင်းစွဲလမ်း တပ်မက်မိသောကြောင့် တကူးတက ဓာတ်ပုံရိုက်ရန် အကွက်ဆင်ကြံစားခဲ့ရခြင်းဖြစ်သည်။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့လိုက်ရ၏။

သူတို့အုပ်စု ဓာတ်ပုံရိုက်တာကို ကလေးအချို့နှင့် လူသုံးလေးယောက် ရပ်ကြည့်နေကြသည့်ကြားမှ လူရွယ်တစ်ယောက်ပြေးထွက်လာပြီး လှေအနီးသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသူ့ကို မျက်လုံးပြူးမျက်ဆံပြူးဖြင့် ကြည့်နေကြစဉ် သူက သူ့လက်ထဲမှ အနီရဲရဲနှင်းဆီပန်းလေးကို သူမအားလှမ်းပေးလိုက်ပြီး ...

"မမ ... ဒီမှာ နှင်းဆီပန်း၊ ဒါလေးပန်ပြီး ရိုက်ရင်ပိုလှမှာပဲ" ဟု ပြောလိုက်သည်။

သူကား စင်ကြယ်ရယ်ပါ။

သူမ အံ့သြပြီး စင်ကြယ့်ကို ငေးစိုက်ကြည့်နေမိသည်။ ပြီးမှ စင်ကြယ်လှမ်းပေးနေသည့် အနီရောင်နှင်းဆီပွင့်လေးကို လှမ်းယူလိုက်သည်။

"ဟောကောင် ... မင်းကဘယ်သူလဲ၊ ဘာရှုပ်တာလဲကွ" ဟု ဗေယျာဝင်းက မကျေမနပ် အော်ပစ်လိုက်သည်။

စောမင်းခိုင်က ကျွန်ုပ်မဆည်နိုင်လောက်အောင် မျက်နှာတစ်ခုလုံးနီးမြန်းထူအမ်းသွားပြီး စင်ကြယ်ကို ဒေါသဖြင့်ကြည့်လိုက်၏။ ပြီးတော့ပြောသည်။

"မင်းက ဓာတ်ပုံရိုက်တဲ့ကြားထဲ ဘာကိစ္စဝင်ပါရတာလဲကွ၊ မင်းဘယ်သူလဲ" ဟု မကျေမနပ် မေးလိုက်သည်။

"ဟောကောင် ... ခုထွက်သွားစမ်း၊ ဒါမိန်းကလေးတွေဓာတ်ပုံရိုက်နေတာကွ၊ ဘယ်ကကောင်လဲ"

ဗေယျာဝင်းက မအော်ပစ်လိုက်သည်။

စင်ကြယ်စိတ်ဆိုးသွား၏။





တကယ်ဆို ဒီနေ့မနက် အိပ်ရာ မှနိုးချိန်ကတည်းက နှင်းဆီပန်းအနီတစ်ပွင့်ဝယ်ပြီး ရွှေဂူကြီးဘုရားမှာ မမကို စောင့်မျှော်နေခဲ့မိသည် မဟုတ်ပါလား ...

နေ့လယ်စောင်းသည်အထိ မမရောက်မလာသောကြောင့် စိတ်ညစ်ညစ်ဖြင့် ကိုသံချောင်း၏ မြင်းလှည်းကြုံလိုက်စီးပြီး ထွက်လာခဲ့မိရာ မမျှော်လင့်ပဲ မမတို့ကို အရိမဒ္ဒနလှေဆိပ်မှာတွေ့လိုက်ရသောကြောင့် ဝမ်းသာအားရ မြင်းလှည်းပေါ်မှ ဆင်းပြေးလာခဲ့မိသည်။

ပြီးတော့ မမထိုင်နေသည့် လှေကလေးနားသို့ အပြေးလာခဲ့မိပြီး နှင်းဆီပန်းလေး ပေးလိုက်ခြင်းပါ။

ဒါကို ငနဲနှစ်ကောင်က ရိုင်းရိုင်းပျပျသူ့ကို နှင်ထုတ်ခဲ့သည်။

ထို့ကြောင့် သူအတော်စိတ်ဆိုးသွားမိ၏။

"ဟောကောင် ... ပြောနေတာ မကြားဘူးလား"

"ခင်ဗျားတို့က ကျုပ်ကို ဘာကိစ္စရန်လိုနေတာလဲ"

"မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်တာလဲကွ၊ ဒီကောင်ပြဿနာကောင်ပဲ" ဟု ဗေယျာဝင်းက ပြောနေသည်။

"ဒီမှာ ... ခင်ဗျားတို့ ဓာတ်ပုံရိုက်တဲ့ကိစ္စ ကျုပ်ဘာကန့်ကွက်လို့လဲ၊ ကျုပ်ဘာသာပန်းပေးတဲ့ကိစ္စကိုလည်း ခင်ဗျားတို့ ကန့်ကွက်ဖို့မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူပြန်ပြောလိုက်သည်။

သူတို့အနီးတွင် ရပ်နေသည့် လူတစ်ယောက်က စင်ကြယ်ကိုကြည့်ပြီး ...

"ဒီကောင် အရှုးသာဆိုတယ် အလာကြီးပဲ ဟဲ ... ဟဲ၊ ချက်နဲ့လက်နဲ့ ပြန်ပြောတတ်တယ်"

"ဘာအရူးဟုတ်လား"

ထိုလူစကားကြောင့် ဖေယျာဝင်း ပြုံးတုံးပြုံးတဲ ပြန်မေးလိုက်သည်။

"ဟုတ်တယ်ကွ ... အဲဒါ အရှုး၊ ကောင်းကောင်း စိတ်မနှံ့ဘူး၊ ဒါပေမယ့်သွားတော့ မစမ်းနဲ့ မခံဘူးကွ"

ထိုလူစကားကြောင့် ဖေယျာဝင်းနှင့် စောမင်းခိုင်တို့နှစ်ယောက် မျက်နှာတွေအကြည့်ရဆိုးလောက်အောင် ခပ်မဲ့မဲ့ ဖြစ်သွားကြ၏။

"လက်စသတ်တော့ မင်းကအရှုးကိုး"

စောမင်းခိုင်စိတ်ပျက်လက်ပျက် ပြောလိုက်သောကြောင့် သူက ...

"ကျုပ် မရှူးဘူး၊ ခင်ဗျားတို့သာ အရှုး" ဟု ပြန်ပြောလိုက်၏။

"အို ... တော်ကြပါတော့ရှင်၊ ဓာတ်ပုံရိုက်မှာ ရိုက်ကြစမ်းပါ၊ ဟိုမှာ ... ယွန်းနုစောင့်နေတာကြာလှပြီ"





ယုယုအေးသတိပေးလိုက်မှပင် ဓာတ်ပုံရိုက်ရန် သတိရသွားမိကြပြီး စောမင်းခိုင်က သူမကို ကင်မရာဖြင့် ထိုးချိန်လိုက်၏။

"ပြုံးနော် ... ယွန်းနု၊ စောစောကလို ပြုံးလိုက်ပါဦး"

စောမင်းခိုင် လှမ်းပြောလိုက်ခြင်းပါ။

သူမ စိတ်ညစ်နေမိသော်လည်း ပြုံးလိုက်သည်။

ကြည်လင်ချိုမြသော အပြုံးရယ်ပါ။

သူမကို ဓာတ်ပုံရိုက်ယူရင်း စောမင်းခိုင် ရင်တထိတ်ထိတ်ခုန်နေမိ၏။

တက္ကသိုလ်မှာ မိန်းကလေးတွေ ဒီလောက်ပေါပါလျက် အချစ်နှင့် အချစ်နှင့်မဆုံခဲ့ဖူးသည့် စောမင်းခိုင်နှလုံးသားထဲတွင် ယွန်းနုဝတီဆိုသည့် မိန်းကလေးတစ်ယောက်သာ ဖွဲ့ပြီ နိုင်မာစွာ ဝင်ရောက်ခဲ့ပြီ မဟုတ်ပါလား ...

"ငါးပုံခြောက်ပုံလောက်ရိုက်မယ်၊ လှေပေါ်က ဆင်းတဲ့ဟန်လေးကို ရိုက်ဦးမယ်"

သူမလှေပေါ်မှ ဆင်းသည့်ဟန်အမူအရာလေးကို ပြုပြင်လိုက်ရသည်။

သူက သူမလှေပေါ်မှ ဆင်းသည့်ပုံစံလေးကို ထပ်ခါတလဲလဲ ရိုက်ယူလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... လုံလောက်ပြီ ဒီပြင်ဘုရားတွေရောက်မှ ဆက်ပြီး ဓာတ်ပုံရိုက်ဦးမယ်၊ အဲ့ဒီထဲကမှ ကောင်းတဲ့ပုံကို ရွေးရမှာ"

စောမင်းခိုင်ပြောလိုက်သည်။

"ကျွန်မတို့အလှည့် ဘယ်တော့ရောက်မှာလဲ" ဟု ရွှန်းလဲ့က မေးလိုက်သည်။

"အခုရောက်ပါပြီ၊ ကျွန်တော့်အလှည့်လဲရောက်ပြီ အိမ်ရှင်ဖြစ်တဲ့ မယုယုအေးအရင်သရုပ်ဆောင်ပေးပါ"

"ဒီနေရာမှာပဲ ရိုက်မှာလား"

ယုယုအေးက မေးလိုက်သည်။

"သဗ္ဗညု၊ အာနန္ဒာ၊ ရွှေဂူကြီးဘုရားတွေကို နောက်ခံထားပြီး ရိုက်မလားလို့ စဉ်းစားထားတယ်"

"ယုက လှည်းယဉ်လေးနဲ့ ရိုက်ချင်တယ်၊ လှည်းယဉ်လေးနဲ့ပုံကို ရိုက်ပေးပါလား"

"လှည်းယဉ်က ဘယ်ကရမလဲ"

"ငှားရမှာပေါ့"

"ဒီအနီးအနားမှာ ငှားရင်ရမလား"

"ရမှာပေါ့"

သူတို့ ပြောနေတာကို ဘေးမှရပ်ပြီး နားထောင်နေသည့် အသက်ခပ်ကြီးကြီး လူတစ်ယောက်က ...





"လှည်းယဉ်လိုလို့လား၊ လှည်းယဉ်လိုချင်ရင် ကျုပ်ငှားမယ်လေ၊ ကျုပ်မှာအလှဆင်ထားတဲ့ လှည်းယဉ်တစ်စီးရှိတယ်"

"ဒါဖြင့်သွားယူလိုက်ပါလား ဦးလေး၊ မြင်ကွင်းကောင်းတဲ့ ဘုရားတွေကြားမှာ မိန်းကလေးတွေ လှည်းယဉ်စီးနေတဲ့ ပုံရိုက်မယ်"

"ဒါဖြင့် ခဏစောင့်၊ ကျုပ်သွားယူလိုက်မယ်"

အဘိုးကြီးက သူ့လှည်းကို ယူရန် ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်ခွာသွားတော့၏။

❏ ✣ ❏



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အားလုံးလှည်းယဉ်ကို စောင့်နေကြစဉ် ယွန်းနုဝတီ အနားမှာ စင်ကြယ်က လာရပ်ပြီး စကားတတွတ်တွတ်ပြော နေသည်။

"မမ ... နှင်းဆီပန်းအဝါရောင်လေး ပန်ချင်ရင် ပြောနော်၊ ကျွန်တော်သွားပြေးဝယ်လိုက်မယ်၊ ကျွန်တော့် အသိနှင်းဆီခြံက ပန်းတွေသိပ်လှတာပဲ"

"ရပါတယ် ... မပန်တော့ပါဘူးကွယ်"

"မမဓာတ်ပုံ ကျွန်တော့်လဲပေးနော်၊ သိပ်လှတာပဲဗျာ၊ မမက ရုပ်ရှင်မင်းသမီးမေသန်းနုနဲ့ တူသလိုပဲ"

သူ့စကားကြောင့် သူမပြုံးလိုက်မိသလို ကျန်မိန်းက လေးများအားလုံးလည်း ပြုံးလိုက်ကြသည်။

စောမင်းခိုင်တို့ နှစ်ယောက်ကတော့ မပြုံးနိုင်ကြဘဲ သူ့ကို ခပ်မဲ့မဲ့ ကြည့်နေကြ၏။

"မမတို့ လေ့စီးပါလား ... ကျွန်တော်လှော်ပေးမယ်"

"မစီးတော့ဘူး"





"ဒီနေ့မနက် ကျွန်တော်အိပ်ယာကနိုးတာနဲ့ ရွှေဂူကြီး ဘုရားကို မမရောက်လာမယ်ထင်ပြီး မျှော်လိုက်ရတာဗျာ၊ လည်ပင်းကို ညောင်ရေအိုးဖြစ်သွားတာပဲ"

သူက သူ့ခံစားချက်အမှန်ကို ပြောနေတာဖြစ်သော် လည်း ဖေယျာဝင်းနှင့် စောမင်းခိုင်တို့နှစ်ယောက်က နားမခံ သာဘဲ မြင်ပြင်းကတ်နေမိကြသည်။

"လာ ... မမ ဘုရားသွားဖူးရအောင်၊ ရွှေဂူကြီးဘုရား ရင်ပြင်တော်ပေါ်က ထနောင်းပင်အောက်မှာရပ်ပြီး ချိုးငှက် ကလေးလွှတ်နေတဲ့ မမရဲ့ အနေအထားလေးကို ဓာတ်ပုံရိုက် ပေးဖို့ ဟို သူကောင်းသားနှစ်ယောက်ကို ပြောလိုက်ပါလား"

သူ့စကားကြောင့် စောမင်းခိုင်တို့ နှစ်ယောက် မခံမရပ် နိုင်ဖြစ်သွားကြသည်။

"အံမယ် ... အရှုးက တစ်မူးသာနေလိုက်တာ၊ မင်းနဲ့ ဘာဆိုင်လို့ တွေ့ကရာလျှောက်ပြောနေရတာလဲ၊ နားရှုပ် လိုက်တာကွာ"

ဖေယျာဝင်းက ခပ်တည်တည်ငေါက်လိုက်သည်။

" ဆိုင်လို့ပြောတာပေါ့ဗျ၊ ကျုပ်ပါးစပ်နဲ့ ကျုပ်ပြောတာ ဘာဖြစ်လဲ"

သူ ဒေါပွပွဖြင့် ပြန်ပြောလိုက်သည်။

"ဟော့ကောင် အရူး၊ ခုထွက်သွားစမ်း၊ ကြာရင်



www.burmeseclassic.com

www.burmeseclassic.com

ငါသည်းခံမှာ မဟုတ်ဘူးနော်''

ဇေယျာဝင်းစကားကြောင့် ယွန်းနုဝတီမျက်စိမျက်နှာ ပျက်သွားသည်။ ကေခိုင်လည်း စိတ်မကောင်းဖြစ်သွား၏။

''သူ့ကို ဒီလိုမပြောပါနဲ့၊ သူက ကျွန်မရဲ့ မိတ်ဆွေပါ''

ယွန်းနုဝတီစကားကြောင့် စောမင်းခိုင်တို့ အံ့အားသင့်သွားကြသည်။

''ကျွန်တော်က မမတို့နဲ့အတူ ရန်ကုန်လိုက်သွားတော့မှာ ခင်ဗျားတို့ဘာတွေပဲ ပြောပြော အရေးမစိုက်ဘူး''

သူ့စကားကြောင့် မျက်လုံးပြူးသွားကြသည်။

ဇေယျာဝင်းက

''ဟင် ... တကယ်လား ယုယုရယ်၊ ဒီကောင်က ရန်ကုန်အထိ လိုက်မှာလား'' ဟု မယုံနိုင်သည့် မျက်နှာဖြင့် မေးလိုက်သည်။

''ဟုတ်တယ် ကိုဇေယျာ ကျွန်မတို့အားလုံးသူ့ကို ရန်ကုန်ခေါ်သွားဖို့ အစီအစဉ်ရှိတယ်''

ယုယုအေးအဖြေကြောင့် နှစ်ယောက်လုံးမျက်နှာတွေ မည်းသည်းသွားကြသည်။

''ဒီအရူးကိုများ အကောင်းအကန်းလုပ်ပြီး ရန်ကုန်အထိ ခေါ်သွားကြမလို့လား၊ မိယုတို့က တစ်မျိုးပဲနော်''

ဇေယျာဝင်း ဝေဖန်လိုက်သော်လည်း ယုယုအေးက





ဂရုစိုက်ပုံမပြ။

''ဒါတော့ ကျွန်မတို့အားလုံးက ဆရာဝန်တွေချည်းပဲလေ၊ ဒါကြောင့်မို့ သူ့ကို ရန်ကုန်ခေါ်သွားပြီး ဆေးကုပေးမလို့''

ဆရာဝန်မအုပ်စု၏ အစီအစဉ်ကို သူတို့ဖျက်၍လည်း ရမည် မဟုတ်သောကြောင့် ဘာမှဝင်မပြောကြတော့ဘဲ နှုတ်ဆိတ်သွားကြသည်။

သို့သော် စင်ကြယ်ကိုတော့ ပိုပြီး မြင်ပြင်းကတ်နေမိကြသည်။

''ဟော ... လှည်းရောက်လာပြီ''

လှည်းယဉ်လေးက သူတို့အနီးသို့ ရောက်လာ၏။

နွားတစ်ကောင်သာဆွဲသည့် လှည်းယဉ်လေးဖြစ်ပြီး အမိုးမပါ ပက်လက်ဖြစ်၏။

လှည်းရပ်လိုက်သည်နှင့် စင်ကြယ်ကဘာမပြော ညာမပြော လှည်းပေါ်သို့ ခုန်တက်ပြီး [illegible]လိုက်သည်။

''ဟော့ကောင် ... လှည်းပေါ်မှာ မိန်းကလေးတွေချည်း ထိုင်ရအောင် စီစဉ်ထားတာကွ၊ စိန်ကောင်း ကျော်ကောင်း ရောင်းဝယ်တဲ့ နေရာမှာ ဆေးရိုးသည်က ကန့်လန့် ကန့်လန့် ဖြစ်နေတယ်ဆိုတာ ဒီဇာတ်လမ်းမျိုးပေါ့''

လှည်းဆရာက မလိုလားစွာပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

လှည်းဆရာမောင်းချလိုက်မှပင် သူက လှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

"မမ ... လှည်းပေါ်ကောင်းကောင်းတက်နော်၊ ချော်ကျနေဦးမယ်"

သူစိုးရိမ်တကြီးပြောလိုက်ပုံကို ကြည့်ပြီး စောမင်းခိုင် နှာခေါင်းရှုံ့သွားသည်။ သူ့ရင်ထဲမှာ အတော်ပင် ကသိကအောက် ဖြစ်သွားမိ၏။

ယွန်းနှကို ပိုးပန်းမယ်ကြံကာရှိသေးသည်၊ အရှုးက ကန့်လန့်ကန့်လန့်နှင့်မို့ အလွန်ဖိလင်အောက်သော အဖြစ်မျိုးပါပဲ ...

မိန်းကလေးအားလုံးလှည်းပေါ်သို့ တက်လိုက်ကြ၏။

လှည်းက တအိအိထွက်သွားသလို မိန်းကလေးအုပ်စု လှည်းပေါ်မှာ ကန့်ကလျပါသွားကြလေသည်။

"ကျွဲနားထောင်းဘုရားဘက်ကို အရင်မောင်းပါဦးလေ၊ ပြီးမှ တခြားဘုရားတွေသွားမယ်"

ဖေယျာဝင်း ကားစက်နှိုးနေရာမှ လှည်းဆရာကြားအောင် လှမ်းအော်လိုက်သည်။

ဂျစ်ကားက ကားရှေ့မှ ခပ်ဖြည်းဖြည်းမောင်းသွားပြီး လှည်းယဉ်က ကားနောက်မှ လိုက်ပါလာခဲ့သည်။

လှည်းယဉ်အနောက်ဘက်မှ ပြေးလိုက်နေသူကတော့





စင်ကြယ်ပင် မဟုတ်ပါလား ...

နေပူကျဲကျဲအောက်တွင် စင်ကြယ်တကောက်ကောက် ပြေးလိုက်နေ၏။

"နေပူလိုက်တာ ယွန်းနုရယ်၊ ကေခိုင်မကြည့်ရက်တော့ဘူး၊ သူ့ကို လှည်းပေါ်ခေါ်လိုက်ပါလား"

"ဟုတ်ပါရဲ့ လှည်းပေါ်ခေါ်လိုက်ပါကွယ်" ဟု ကေခိုင်နှင့် မိုးပြာတို့က မကြည့်ရက်နိုင်တော့သလို ပြောလိုက်ကြသည်။

"လှည်းက မဆန့်တော့ဘူးဗျ"

အပေါက်ဆိုးဆိုး လှည်းဆရာအဘိုးကြီးက သူ့လှည်းပေါ်မလိုက်စေချင်သလို လှည်းကို မရပ်ဘဲ ခပ်မြန်မြန်မောင်းထွက်လာခဲ့သည်။

"သြော် ... ကိုစင်ကြယ်၊ သူဟာ မောင်လေး ညီထွေးလိုပါပဲလား ... တစ်ခုခုကို တဖွတ်ထိုးလုပ်ချင်ရင် ပြောမရဘူး သူ့စိတ်ထဲရင်ထဲ ရှိတဲ့အတိုင်း လုပ်တတ်တဲ့သူပဲ"

စင်ကြယ့်ကို ငေးစိုက်ကြည့်နေရာမှ မောင်လေးညီထွေးကို ပြန်လည်သတိရမြင်ယောင်နေမိသည်။

သံယောဇဉ်ဆိုတာ မထင်မှတ်ဘဲလည်း ရစ်ပတ်နှောင်ဖွဲ့သွားတတ်တဲ့ အရာမျိုးပါလား ...

❑ ✥ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျွဲနားတောင်းဘုရားအနီးတွင် လှည်းယဉ်ဖြင့် မိန်းကလေးသုံးယောက်တို့ ဓာတ်ပုံရိုက်ကြ၏။

ယုယုအေး ကေခိုင်နှင့် မိုးပြာတို့ သုံးဦးလှည်းယဉ်စီးနေသည့် ပုံဖြစ်သည်။

ပြီးတော့ သဗ္ဗညုဘုရားနောက်ခံထားပြီး လှည်းယဉ်ပေါ်တွင် ယွန်းနုဝတီ တစ်ယောက်တည်း ထီးဆောင်း၍ ထိုင်နေသည့်ပုံကို ရိုက်ကြသည်။

သဗ္ဗညုဘုရားအနီးမှာ မာ◌ပ်ပုံရိုက်ပြီး အာနန္ဒာဘုရားဘက်သို့ ခရီးဆက်ကြသောအခါ ယွန်းနုလိုက်မသွားဖြစ်တော့ဘဲ နေရစ်ခဲ့၏။

"ယွန်းနုနေခဲ့တော့မယ်"

"ဘာဖြစ်လို့လဲ ယွန်းနုရဲ့"

ယုယုအေးက ခပ်တိုးတိုးမေးလိုက်သည်။





"ယွန်းနုတို့သွားသမျှ နေရာအားလုံး ကိုစင်ကြယ်က လျှောက်လိုက်နေတာ မိယုရဲ့၊ ဒါကြောင့်မို့ နေပူထဲမှာ သူ့ကို မပြေးလိုက်စေချင်တော့ဘူး"

"အင်း . . . ဒါလဲ ဟုတ်တာပဲလေ၊ လှည်းဆရာကလဲ သဘောဆိုးလိုက်တာ၊ လှည်းမဆန့်တော့ဘူးချည်းပဲ အော်နေတယ်၊ ယွန်းနုက ဒီနေရာမှာပဲ နေခဲ့မှာလား"

"ကိုစင်ကြယ်နဲ့အတူ မြင်းလှည်းငှားပြီး ရွှေဂူကြီးပြန်မယ်၊ ရွှေဂူကြီးဘုရားကနေ စောင့်နေမယ်လေ"

"ကောင်းပြီလေ၊ ယုတို့ ရွှေဂူကြီးဘက် ရောက်ဦးမှာပဲ၊ ဒါနဲ့ ယွန်းနုတစ်ယောက်တည်း သွားမှာလား။ ဘယ်သူ့ကို ခေါ်သွားဦးမှာလဲ"

"အားလုံး ဓာတ်ပုံရိုက်နေကြတော့ ဘယ်သူ့ကိုမှ ခေါ်မသွားတော့ဘူး။ ယွန်းနုဘာသာ သွားမယ်လေ"

မြင်းလှည်းနှင့် ဂျစ်ကားထွက်သွားသည့်အချိန်တွင် ယွန်းနုက စင်ကြယ်နှင့်အတူ ကျန်ရစ်ခဲ့၏။

"ဟင် . . . မယွန်းနုဘာဖြစ်လို့ နေခဲ့တာလဲ"

စောမင်းနိုင်က မျက်စိမျက်နှာပျက်ပျက်ဖြင့် လှမ်းမေးလိုက်သည်။

"ဩော် . . . ယွန်းနုကရွှေဂူကြီးဘုရားကနေ သွားစောင့်နေမှာပါ"


www.burmeseclassic.com

www.burmeseclassic.com



"ကိုစင်ကြယ်နောက်ကတကောက် ကောက် ပြေးလိုက်နေလို့ ယွန်းနုစိတ်မကောင်းဖြစ်သွားတာ ထင်တယ်"

"ဟုတ်ပါရဲ့ဗျာ၊ ဒီလူကလဲ နွားလှည်းနောက်တကောက်ကောက်ပြေးလိုက်နေတယ်လို့ တကယ့်လူပဲဗျာ၊ မယွန်းနုကလဲ သူ့ကို တော်တော်သံယောဇဉ်ကြီးပုံရတယ်နော်"

သူက အသံကို ထိန်း၍ပြောရင်း ယွန်းနုနှင့်စင်ကြယ်တို့နှစ်ဦး ကျွန်ရစ်ခဲ့ကြတာကို မကျေမနပ်ဖြစ်လျက်ရှိ၏။

ယွန်းနုနှင့်စင်ကြယ်တို့ မြင်းလှည်းငှားပြီး ရွှေဂူကြီးဘုရားရှိရာသို့ လာခဲ့ကြသည်။

ဘုရားရှေ့ရောက်တော့ မြင်းလှည်းပေါ်မှ ဆင်းပြီး တစ်နေ့က ရပ်နေခဲ့သည့် ထနောင်းပင်ရိပ်အောက်သို့ ရောက်လာခဲ့ကြသည်။

"မမ ကျွန်တော်ငှက်ကလေးဖမ်းပေးဦးမယ်နော်"

"မလုပ်နဲ့ ကိုစင်ကြယ်၊ ကျွန်မ ဘုရားရှိခိုးရဦးမှာ"

ပြောပြောဆိုဆို သူမဘုရားရှိခိုးရန် ထွက်လာခဲ့၏။

သူမဘုရားရှိခိုးနေစဉ် စင်ကြယ်က ချိုးငှက်ဖမ်းရန် ထနောင်းပင်ပေါ်တက်နေသည်။

သူမဘုရားရှိခိုးအပြီး စင်ကြယ်ကို လှည့်ပတ်ရှာနေမိသည်။





စင်ကြယ်အသံမပေးဘဲ ချိုးငှက်လေးတစ်ကောင်ကို အမိအရဖမ်းယူခဲ့၏။

ပြီးတော့မှ ပြုံးစိစိဖြင့် အမူအရာဖြင့် ထနောင်းပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဝုန်း"

စင်ကြယ် ခုန်ဆင်းလိုက်သောကြောင့် သူမလန့်သွား၏။

"မမ"

"ဟယ် ... ကိုစင်ကြယ်၊ ငှက်လေးဖမ်းတာလား"

"ဟုတ်တယ် မမရဲ့၊ မမနဲ့ ဒီငှက်လေးဓာတ်ပုံရိုက်ဖို့ ကျွန်တော့်က တမင်ဖမ်းပေးတာ"

"မမဓာတ်ပုံမရိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ မမ"

"ဘာမှ မဖြစ်ဘူး မရိုက်ချင်တော့လို့"

အမှန်တကယ်လည်း မော်ဒယ်လ်ဂဲလ်လုပ်ပေးရန် သူမရင်ထဲမှာ စေတနာမရှိတော့ပါ။

ထိုလူနှစ်ဦး၏ စိတ်သဘောထားကို အထင်တသေးဖြစ်နေမိသည်မဟုတ်ပါလား ...

စင်ကြယ်တစ်ယောက် နွားလှည်းနောက်မှ တကောက်ကောက်ပြေးလိုက်နေတာကို မြင်ပါလျက်နှင့် နွားလှည်းသ



www.burmeseclassic.com

www.burmeseclassic.com



ကို မတားပေးကြသည့်အပြင် သူတို့ နှစ်ဦး စီးလာသည့် ဂျစ်ကားပေါ်သို့လည်း မခေါ်ကြပေ။

သူမကို့ လိုလိုလားလားပြောဆိုဆက်ဆံနေသည့် လူမှန်းသိပါလျက် ဥပေက္ခာပြုနိုင်လွန်းသည့် သူတို့စိတ်ဓာတ်ကိုလည်း အံ့လည်းအံ့သြ ရွံ့လည်းရွံ့မုန်းနေမိ၏။

"မမ ... စိတ်မဆိုးပါနဲ့ဗျာ၊ ဒီငှက်လေးလွှတ်နေတဲ့ပုံကို ဓာတ်ပုံရိုက်ပါလား"

သူက အားတက်သရောပြောနေသည်။

"မရိုက်ချင်တော့ပါဘူး ကိုစင်ကြယ်၊ ကဲ ... အဲဒီငှက်ကလေးမမကိုပေးစမ်း"

"တပင်တပမ်းဖမ်းထားရတာ၊ မမဘာလုပ်မလို့လဲ"

သူက ချိုးငှက်လေးကို လှမ်းပေးပြီး စိုးရိမ်ပူပန်စွာ မေးလိုက်သည်။

ငှက်လေးကို လှမ်းယူပြီး သူမပုခုံးပေါ်အသာတင်လိုက်သည်။ ငှက်ကမပျံဘဲ သူမပုခုံးထက်မှပင် နားနေသောကြောင့် နှစ်ယောက်လုံး ကျေနပ်စွာ ရယ်မောလိုက်မိကြသည်။

"ဒီနေ့မနက် မမအလာကို စောင့်နေရတာ မောလိုက်တာမပြောနဲ့ ... စိတ်ထဲမှာသည်းမခံနိုင်တော့လို့ ကျွန်တော်တစ်ယောက်တည်း မြင်းလှည်းကြုံနဲ့လိုက်သွားခဲ့တာလေ၊ မမနဲ့





တွေ့လိုတော်သေးတာပေါ့ဗျာ၊ နို့မဟုတ်ရင် ကျွန်တော်အရမ်းကို ဝမ်းနည်းမိမှာပဲ"

"ဒီလောက်တောင် မမျှော်နဲ့လေ ... ပြန်တဲ့နေ့လာခေါ်မယ်လို့ ပြောထားသားပဲ မဟုတ်လား"

"ကျွန်တော်လေ မမဇင်မီနဲ့ အရမ်းတွေ့ချင်တယ်၊ ရန်ကုန်လိုက်ရမယ်ဆိုတော့ ဘယ်လိုပျော်နေမိမှန်မသိဘူး"

သူ့အတွေးနှင့်သူ ပျော်နေပုံရသည်။

"ကိုစင်ကြယ် မမပြောဘာနားထောင်ပါ"

"ဟုတ်ကဲ့"

"မမတို့အတူ ရန်ကုန်လိုက်ခဲ့ရင် မမတို့အားလုံးရဲ့စကားကို ရှင်နားထောင်ရမယ်နော်"

"ဟုတ်ကဲ့ ... နားထောင်ပါ့မယ် မမ"

"အားလုံးစကားကို လက်ခံပြီး လေးလေးစားစားဆက်ဆံမှ ရှင့်ကို သနားကြမှာ၊ ဒါမှ ဆေးကုပေးကြမယ်လေ"

သူက ရုတ်တရက်ငိုင်တွေသွားပြီး ...

"မမ ရန်ကုန်ရောက်ရင် ကျွန်တော်က ဘယ်အိမ်မှာနေရမှာလဲ၊ မမဇင်မီနဲ့ ဘယ်တော့တွေ့ရမှာလဲ" ဟု မေးလိုက်သည်။

"ဒေါက်တာဇင်မီကို မြင်ရင်ရှင်မှတ်မိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှတ်မိတာပေါ့ မမရဲ့၊ မမဖင်မီကအရမ်းချော တယ်၊ အသားညိုချောလေ"

"ရှင်က ဖင်မှီကို မှတ်မိနေပြီး ရှင့်ကိုယ်ရှင် ဘယ်သူ လဲဆိုတာကိုတော့ မမှတ်မိဘူးလား ကိုစင်ကြယ်"

"ကျွန်တော့်နာမည် ကျွန်တော်စဉ်းစားလို့မရဘူး၊ ကျွန်တော့်မျက်စိထဲမှာတော့ မမဖင်မီကို မြင်ယောင်နေမိတာ အမှန်ပဲမမ"

စိတ်နောက်သူအချို့၏ ထုံးစံအတိုင်း သူတို့ရင်ထဲမှာ အလွန်စွဲလမ်းနေတတ်သည့် အရာမျိုးကို မှတ်မိနေတတ်ပြီး မိမိကိုယ်ကို မမှတ်မိသည့် လူမျိုးတွေရှိသည်။

ဖင်မီနှင့်ပတ်သက်ပြီး သူ့ရင်ထဲမှာ စွဲလမ်းငြိတွယ်နေ သည့် သံယောဇဉ်တွေ နိုင်မာလှကြောင်း သူမသဘောပေါက် နားလည်နေမိ၏။

❑ ✣ ❑



# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁)

သူမတို့ ရန်ကုန်ပြန်ကြမည့်နေ့တွင် နံနက်စောစောပင် အိမ်မှ ထွက်လာခဲ့ကြပြီး ရွှေဂူကြီးဘုရားအနီးရှိ ဘုန်းကြီးကျောင်းတွင် သူ့ကိုသွားခေါ်ခဲ့ကြသည်။

သူက ဘုရားပေါ်သွားစောင့်နေသောကြောင့် ဘုန်းကြီးကျောင်းမှာ ရှာမတွေ့ဘဲ ဘုရားသို့ လိုက်လာခဲ့ရသည်။

အမြန်ဟီးနိုးကားရှည်ကြီးဖြင့် သူမတို့အုပ်စု ပြန်လာခဲ့ကြခြင်းပါ။

စင်ကြယ်က လွယ်အိတ်စုတ်တစ်လုံး၊ ဖီးကွက်ရုပ်တစ်ကောင်ဖြင့် ကားပေါ်တက်ခါနီး ဘယ်မှာ ထိုင်ရမှန်းမသိဘဲ ကြိုတင်ပြီး မေးနေသည်။

"မမ ကျွန်တော်ဘယ်မှာထိုင်ရမလဲ၊ မမနားမှာလာထိုင်ရမလား"

သူ့အမေးကို ယွန်းနုဝတီက မဖြေမီကေနိုင်က ဖြေလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"ကိုစင်ကြယ်က ယောကျ်ားလေးဆိုတော့ ရှေ့ခုံမှာ
ာစ်ယောက်တည်း သတ်သတ်မှတ်မှတ်ထိုင်ပေါ့၊ ကျွန်မတို့
ခြောက်ယောက်က နှစ်ယောက်တစ်ခုံဆိုတော့ ကိုစင်ကြယ်
လာထိုင်လို့ မရဘူး"

သူက သဘောပေါက်သွားသည့် အမူအရာဖြင့် ကား
ပေါ်သို့ တက်သွားပြီး ဒရိုင်ဘာဘေးရှေ့ခုံတွင် ဝင်ထိုင်လိုက်
သည်။

သူမတို့အားလုံးကို စောမင်းနိုင်က ကားဂိတ်လိုက်ပို့
လေသည်။ ဖေယျာဝင်းက ပြန်သွားပြီဖြစ်သည်။

"အားလုံးရဲ့လိပ်စာတွေ ဒီမှာ ရေးပေးသွားကြပါ၊
ရန်ကုန်ရောက်ရင် ကျွန်တော်အလည်လာခဲ့မယ်"

စောမင်းနိုင်၏ အော်တိုစာအုပ်လေးထဲတွင် တစ်
ယောက်တစ်လှည့် ရေးလိုက်ကြ၏။

"ကျွန်မတို့က ရန်ကုန်ရောက်ရင် တစ်လလောက်ပဲ
န်ကုန်မှာနေကြရတော့မယ်၊ ပြီးရင် ပို့စ်တင်ကျတဲ့ ဆီသွား
ကြရမှာ"

ကေနိုင်က ဒီလိုပြောတော့ စောမင်းနိုင်မျက်နှာညှိုးကျ
သွားသည်။





ယွန်းနုဝတီကို အကြီးအကျယ်စိတ်ဝင်စားနေမိသော
ကြောင့် ရန်ကုန်ရောက်လျှင် ဖွင့်ဟပြောပြပြီး လက်ထပ်ရန်
စိတ်ကူးယဉ်နေမိသည် မဟုတ်ပါလား ...

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ရန်ကုန်ရောက်ရင် ကျွန်တော်
လာတွေ့ဖြစ်အောင်တွေ့မယ်၊ အဲဒီကနေတစ်ဆင့် ခင်ဗျားတို့
ပို့စ်တင်ကျတဲ့မြို့တွေကို အလည်လာခဲ့မယ်လေ"

သူပြောပြီး ရယ်မောနေလေသည်။

သဘောကောင်းပြီး နူးညံ့သိမ်မွေ့ဟန်ပေါ်နေသည့်
သူ့မျက်နှာက ခပ်ဝိုင်းဝိုင်း ဖြစ်သော်လည်း လေးထောင့်ဆန်
သည်။

ယောကျ်ားပီသသော မျက်နှာအနေအထားပေါ်တွင်
ကျွဲကောကိုင်း မျက်မှန်နက်ကို တပ်ထားသောကြောင့် ပိုပြီး
ရင့်ကျက် ခန့်ညားနေသည်ဟု ထင်ရသည်။

အရပ်မမြင့်လှသော်လည်း သူ့ကိုယ်လုံးကိုယ်ထည်
အချိုးအစားနှင့် ကြည့်၍ကောင်းသည်။

"ကဲ ... သွားမယ်နော် ကိုစောမင်းနိုင်"

ယုယုအေးက နှုတ်ဆက်လိုက်၏။

"ရှင်ပါတစ်ခါတည်းလိုက်ခဲ့ဖို့ကောင်းတယ် ကိုစော
မင်းနိုင်၊ ဒါမှပျော်စရာကောင်းမယ်လေ"

ဘရစ်နီကပြောလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

"အေးဗျာ . . . ကျွန်တော်လည်း ခင်ဗျားတို့နဲ့အတူ တစ်ခါတည်း လိုက်ခဲ့ချင်တာပါပဲ၊ ဒါပေမယ့် ကျွန်တော့် လုပ်ငန်းတွေ မပြီးပြတ်သေးတော့လဲ နေရစ်ခဲ့ရဦးမယ်"

သူ့စကားကြောင့် စိတ်မကောင်းဖြစ်သွားကြသည်။

ဒီရက်တွေအတွင်း ဘုရားဖူးလိုက်၊ ဓာတ်ပုံရိုက်လိုက် နှင့် စောမင်းခိုင်နှင့် သူမတို့အားလုံး တရင်းကနှီးခင်မင်နေကြပေပြီ။

အားလုံးနှုတ်ဆက်ပြီး ကားပေါ်ရောက်လာကြသည်။

ကားထွက်တော့ စောမင်းခိုင်တစ်ယောက်တည်း မျက်စိတစ်ဆုံးငေးမောကြည့်ရှုပြီး ကျန်ခဲ့လေသည်။

ယွန်းနုဝတီတို့အုပ်စုကတော့ ကားထွက်သည်နှင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ပျော်ရွှင်စွာ ကြည့်လိုက်မိကြသည်။

မိုးပြာက စင်ကြယ်ကို လှမ်းကြည့်ပြီး . . .

"သူ့ကို ခေါ်လာတာကိုတော့ ဟုတ်ပါပြီ၊ ရန်ကုန် ရောက်ရင် ဘယ်အိမ်မှာထားကြမလဲ"

"ဘရစ်နီတို့ အိမ်မှာထားရင် ကောင်းမယ်ထင်တယ်၊ ဒါမှမဟုတ် ရွှန်းလဲ့တို့အိမ်မှာ ထားပေါ့၊ မိုးပြာတို့ အိမ်ကတော့ လူအရမ်းများတယ်၊ တိုက်ခန်းကလဲ ကျဉ်းကျဉ်းလေး၊ ငါရယ်





ယုယုအေးရယ် ယွန်းနုရယ်က အဆောင်မှာ နေကြရတာ ဆိုတော့ ခေါ်ထားလို့ ဖြစ်မှာမဟုတ်ဘူး"

ကေခိုင် စဉ်းစဉ်းစားစား ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်နော်၊ နင်တို့သုံးယောက်က အဆောင်မှာ စုပြီးနေဟာဆိုတော့ ငါတို့ပဲ တာဝန်ယူထားရမလိုဖြစ်နေပြီ၊ ဒါပေမယ့် ငါတို့ခေါ်တဲ့နောက် သူက လိုက်ပါ့မလား"

ဘရစ်နီက ပြောလိုက်ခြင်းပါ။

"မလိုက်လို့ရမလားဟဲ့၊ တို့က သူ့ကို ဆေးကုပေးဖို့ ခေါ်လာကြတာပဲ"

မိုးပြာက ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒါ ယွန်းနုရှည်တာလေ၊ ရန်ကုန်မှာသူတောင် အဆောင်ငှားနေရတာများ ရှုပ်ရှုပ်ယှက်ယှက် ဒီလူ့ကို ခေါ်လာရတယ်လို့" ဟု ရွှန်းလဲ့ပြောလိုက်သောကြောင့် ယွန်းနုက . . .

"အို . . . ဒီလို မပြောပါနဲ့ ရွှန်းလဲ့ရ . . . သူ့ကို စိတ် ရောဂါကုဆေးရုံပြကြည့်ပြီးရင် သောက်ဆေးလေးဘာလေး ပေးပြီး ရက်ချိန်းပြန်ချိန်းမှာပါ၊ အဲဒီအခါကျတော့ တောင်ကြီး ကို ပို့ထားလိုက်မယ်လေ" ဟု ယွန်းနုဝတီက ပြောလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

"နှင့်အိမ်က လက်ခံပါ့မလား"

"ဘာဖြစ်လို့ လက်မခံရမှာလဲ၊ သူ့ကိုမြင်ရင် တစ်အိမ်လုံးဝမ်းသာကြမှာပဲ၊ မေမေသာသူ့ကို တွေ့ရင် ဟင်းကောင်းတွေချက်ကျွေးနေမှာ သေချာတယ်၊ သူဟာ ကိုယ့်မောင်လေးနဲ့ သိပ်တူတဲ့လူပဲ၊ သူ့ကို ကိုယ်သနားတယ်"

"သနားတယ်ဆိုတာ ချစ်တယ်ဆိုတာထက် ဆိုးတယ်ဟော့ ... သတိလဲထားပါဦး ကျောင်းအစ်မရယ်"

ယုယုအေးနောက်လိုက်သောကြောင့် သူမနှုတ်ခမ်းစူသွားသည်။

"သူ့ကို စေတနာသန့်သန့်နဲ့ ခေါ်လာကြပြီးမှ တစ်ယောက်ကိုတစ်ယောက် မနောက်ကြကြေးကွာ"

"ဟုတ်ပါပြီ၊ ရန်ကုန်ရောက်ရင်သာ အခုလောလောဆယ် သူ့ကို ဘယ်မှာထားရမလဲဆိုတာ ဆုံးဖြတ်ကြပါ"

"ကျွန်မအိမ်ကို ခေါ်သွားမယ်၊ ကျွန်မတို့ခြံထဲမှာ ကားဂိုဒေါင်အလွတ်တစ်လုံးရှိတော့ ကြွက်ခြောက်ဖော်ရတာပေါ့၊ ခွေးစာကျွေးဖော်လည်း ရတာပေါ့"

ဘရစ်နီစကားကြောင့် အားလုံးဝိုင်းရယ်လိုက်ကြသော်လည်း ယွန်းနုက မရယ်မောနိုင်ပေ။

"တို့ကနောက်တာပါ ယွန်းနုရယ်၊ ညည်းမောင်လေးကို ကောင်းကောင်းကျွေးပြီး ကောင်းကောင်းထားပါ့မယ်၊





ဒါပေ မယ့် ဒက်ဒီနဲ့မာမီက အိမ်ကြီးပေါ်မှာတော့ ခေါ်ထားမှာ မဟုတ်ဘူးနော်"

ဘရစ်နီ၏ မိဘများက ချမ်းသာကြွယ်ဝကြပြီး ဆရာစံလမ်းတွင် ခြံနှင့်ဝင်းနှင့် ဖြစ်၏။

အမြင်ကျယ်ပြီး ခေတ်မီသူများမို့ သူ့ကို ခေါ်သွားပြီး အကျိုးအကြောင်းပြောပြလျှင် လက်ခံမှာ သေချာသည် မဟုတ်ပါလား ...

ထို့ကြောင့် လောလောဆယ် ဘရစ်နီနောက်ကို ထည့်ပေးလိုက်ရန် ဆုံးဖြတ်ချက်ချလိုက်ကြရ၏။

နေ့လယ်ခင်း ပြည်မြို့တွင် ကားရပ်တော့ သူက အားလုံးစားဖို့အတွက် ထမင်းထုပ်တွေဆင်းဝယ်ပေးသည်။

"ရေသန့်ဘူးလဲ ဝယ်ခဲ့၊ သုံးလုံးနော်"

"မကေခိုင်အတွက် သီးစုံပဲဟင်းဝယ်လာခဲ့၊ ယွန်းနုအတွက်ကတော့ ကြက်သားကြော်"

"ဘို့အတွက် ကျွဲကောသီးတစ်လုံးဟော့"

မှာသမျှ ပစ္စည်းအားလုံးတစ်ခုမကျန် ဝယ်ချလာသဖြင့် လက်ထဲမှာမနိုင် တနင့်တပိုးဖြစ်နေသည်။

ကားပေါ်ရောက်တော့ သူက အရွှန်းဖောက်လိုက်သေးသည်။



www.burmeseclassic.com

"ကံကောင်းလို့ ပုဆိုးကျွတ်မကျတယ် မမတို့ရယ်၊ ကျွန်တော့်လက်ထဲက ပစ္စည်းတွေကြည့်ပြီး ကျွန်တော့်ကို အရူးလို့ထင်နေကြတာ"

သူ့စကားကြောင့် မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်မိကြသည်။

ယွန်းနုကသတိရပြီး ...

"သြော် ... ကိုစင်ကြယ်အတွက်ကော ဘာဟင်းနဲ့ ဝယ်ခဲ့သလဲ၊ ခုနက စားချင်တာဝယ်ဖို့ ပြောမလို့ပဲ"

"ကျွန်တော်လား ... ဘဲဥငါးခြောက်ချဉ်ဟင်းလေ၊ ဇာတ်သမားတွေအတွက်တော့ ပင်တိုင်ဟင်းပေါ့ဗျာ"

သူ့စကားကြောင့် အားလုံးအံ့သြသွားကြပြီး သူ့မျက်နှာကို အကဲခတ်ကြည့်နေမိကြသည်။

သူက ဘာမှမပြောတော့ဘဲ ထမင်းထုပ်ကို ဖွင့်၍ပလုတ်ပလောင်း စားနေသည်။

□✣□



www.burmeseclassic.com



## အခန်း (၂)

ရန်ကုန်ရောက်တော့ ကားဆိုက်လိုက်သည်နှင့် ကိုယ့်ပစ္စည်းကိုယ်ဆွဲပြီး အဝေးပြေးဟီးနိုးကားကြီးပေါ်မှ ဆင်းလိုက်သည်။

စင်ကြယ်က ...

"ရန်ကုန်ရောက်ပြီလား မမ၊ ကျွန်တော့်ကို မမအဝတ်အိတ်နဲ့ခြင်းတောင်းတွေပေးပါ"

ယွန်းနုလက်ထဲမှ ပစ္စည်းများကို တစ်ခုမကျန်ယူပြီး သယ်ပေးသည်။

"အံမယ် ... မျက်နှာလိုက်လှချည်လား ငါတို့ပစ္စည်းတွေပါ သယ်ပေးစမ်း" ဟု ရွှန်းလဲ့က မကျေမနပ် ပြောလိုက်သည်။

"ရပါတယ် မမခြောက်ယောက်လုံးရဲ့ပစ္စည်းတွေ အားလုံး ကျွန်တော်တစ်ခေါက်ပြီး တစ်ခေါက်သယ်မယ်၊ ဒီနားမှာ ရပ်စောင့်နေကြပါ"



www.burmeseclassic.com

www.burmeseclassic.com

သူဒီလိုပြောတော့ အားလုံးရယ်လိုက်မိကြသည်။

ကေနိုင်က သဘောကောင်းသူမို့ ...

"ရပါတယ်ကွယ် ... ကိစ္စမရှိပါဘူး၊ ဒါနဲ့ရှင်က မမတို့ ပစ္စည်းတွေ ဘယ်မှာသွားထားမလို့လဲ"

"အဲ ... အဲဒါတော့ ကျွန်တော်လဲ မသိဘူး"

"အလကားပါကွယ် ... ရွှန်းလဲ့က တမင်နောက်နေတာပါ၊ ဒီနေရာကနေ ကားငှားပြီး ပြန်ကြမှာ"

ယွန်းနုကပြောလိုက်သည်။

"ကက ကားငှားပြီး နှစ်စုခွဲပြီး ပြန်ကြမယ်၊ ကေနိုင်ရယ်၊ မယုရယ်၊ ယွန်းနုရယ် သုံးယောက်ကအဆောင်မှာနေကြမှာဆိုတော့ သူတို့သုံးယောက်တစ်ဖွဲ့ပြန်ကြမယ်၊ ကျွန်မရယ် ရွှန်းလဲ့ရယ် မိုးပြာရယ်က ကားတစ်စီးနဲ့ပြန်မှာ"

ဘရစ်နီက ပြောပြနေသည်။

"ကျွန်တော်က မမယွန်းနုနဲ့အတူလိုက်သွားမယ်"

သူ့စကားကြောင့် ယွန်းနုခေါင်းနပန်းကြီးသွားသည်။

"ဘယ်လိုလဲ ယွန်းနု၊ သူသဘောပေါက်အောင် ရှင်းပြလိုက်ပါဦး၊ နောက်မဟုတ်ရင် ကျွန်မခေါ်သွားရခက်လိမ့်မယ်"

ဘရစ်နီက ပြောလိုက်သည်။ ယွန်းနုက စင်ကြယ့်ကို ကြည့်ပြီး "ကိုစင်ကြယ် ... မမတို့သုံးယောက်က အမျိုးသမီး





အဆောင်တစ်ခုမှာ အခန်းငှားပြီးနေကြတာဆိုတော့ ကိုစင်ကြယ့်ကို ခေါ်သွားလို့ မဖြစ်ဘူး၊ သူ့အိမ်ကို ကိုစင်ကြယ် ခဏလိုက်သွားရလိမ့်မယ်"

ယွန်းနုစကားကြောင့် သူ့မျက်နှာအမူအရာ ရုတ်တရက် ပြောင်းလဲသွားသည်။

"ကျွန်တော် မမယွန်းနုနဲ့ပဲ လိုက်မယ်၊ ကျွန်တော့်ကို ခေါ်သွားပါ မမ"

ကလေးတစ်ယောက်လို သူပူဆာနေတာကို ကြည့်ပြီး အားလုံးစိတ်မကောင်း ဖြစ်သွားကြရသည်။

"မဖြစ်နိုင်လို့ပါ ကိုစင်ကြယ်ရဲ့၊ မမသူငယ်ချင်း ဘရစ်နီက မမလိုပဲသဘောကောင်းပါတယ်၊ သူ့အိမ်ကို ခဏလိုက်သွားနော်"

သူမ ချော့မော့ပြောဆိုလိုက်သည်။ သို့သော် သူက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ဟာဗျာ ကျွန်တော်မလိုက်ချင်ဘူး၊ ကျွန်တော့်ဖာသာ မမဇင်မီကို သွားရှာတော့မယ်"

တကယ်ထွက်သွားတော့မည့် ပုံစံမျိုးဖြင့် သူပြောလိုက်သောကြောင့် အားလုံးမျက်လုံးမျက်ဆံပြူးသွားကြ၏။

"ဒီလို မလုပ်ပါနဲ့ကိုစင်ကြယ်ရယ်၊ မနက်ဖြန် မနက်စောစော မမလာခဲ့မယ်လေ"


www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ်က ကလေးတစ်ယောက်လို ခေါင်းမာပြီး အပြောရခက်လှ၏။

"မမယွန်းနုနောက်မလိုက်ရရင် ကျွန်တော်တစ်ယောက်တည်း ခြေဦးတည့်ရာထွက်သွားတော့မယ်၊ ကျွန်တော့်ကို တားမနေနဲ့တော့"

"ခက်လိုက်တာ ကိုစင်ကြယ်ရယ်၊ ကိုစင်ကြယ်ကလေး မဟုတ်ဘူးနော်၊ မမတို့အားလုံးက ကိုစင်ကြယ်ကောင်းဖို့ စီစဉ်ကြတာကို ရှင်လက်မခံနိုင်ဘူးလား"

"ကျွန်တော့်ကို ညှာပြီးပြောတာဆိုရင် ဘယ်လိုလုပ်ရမလဲ"

"ရန်ကုန်အထိခေါ်လာတာ မညှာလို့ပေါ့၊ ကဲပါလေ ဘရစ်နီအိမ်ကိုအားလုံးလိုက်သွားကြမယ်၊ ပြီးမှ လမ်းခွဲကြတာပေါ့"

'ကက' ကားနှစ်စီးငှားလိုက်ပြီး ဘရစ်နီအိမ်သို့ ထွက်လာခဲ့ကြသည်။

ကားပေါ်တက်တော့ စင်ကြယ်က ယွန်းနုစီးသည့် 'ကက' ရှေ့ခန်းတွင် အခန့်သားဝင်ထိုင်လိုက်၏။

ဘရစ်နီတို့ တိုက်ရှိရာ ဆရာစံလမ်းသို့ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းလာကြပြီး ဘရစ်နီတို့ခြံရှေ့ရောက်တော့ ဆင်းလိုက်ကြသည်။





"ကိုစင်ကြယ် ခဏနေရမှာဒီခြံပဲ"

ဘရစ်နီမိဘတွေကို အကျိုးအကြောင်းပြောပြပြီး စင်ကြယ့်ကို အသေအချာနေရာချပေးပြီးမှ ပြန်လာခဲ့ကြသည်။

သူက ညှိုးငယ်သောမျက်နှာဖြင့် ...

"ဒါပဲနော် ... မမယွန်းနု၊ မနက်ဖြန်မမရောက်မလာရင် ကျွန်တော် ဒီကထွက်သွားမယ်၊ ပြီးတော့ မမဖင်မီကို ရှာမယ်" ဟု ပြောနေသည်။

ဘရစ်နီ့အမေက သူ့ကို သေသေချာချာအကဲခတ်ကြည့်နေရာမှ ...

"အမလေး ... သူက လူချောလေးတော့၊ အန်တီကြိုက်တဲ့ ဇာတ်မင်းသားလေး ပြေဦးညိုနဲ့ တူလိုက်တာ၊ ရွှေမန်းပြေဦးညိုဆိုတာ ဇာတ်မင်းသားလောကမှာ နာမည်ကြီးပဲ"

ဘရစ်နီ၏ ဒေါ်မေရီစကားကြောင့် အားလုံးအံ့သြနားမလည်နိုင်စွာ ကြည့်နေမိကြသည်။

ဒေါ်မေရီက သူမစကားကို ယုံတစ်ဝက်မယုံတစ်ဝက်ဖြစ်နေကြသောကြောင့် ...

"အန်တီတကယ်ပြောတာပါကွယ်၊ အရင်တုန်းကဆို အန်တီက အလွန်ပွဲကြိုက်တာပဲ၊ မန္တလေးသိန်းဇော်ဇာတ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တို့ နန်းဝင်းတို့ကို မလွှတ်တန်းကြည့်တယ်၊ အဲ ရွှေမန်းပြေဦးညိုဆိုရင်လဲ ပြေးကြည့်လိုက်တာပဲ၊ ပြေဦးညိုကတော့ သူတို့ထက်အသက်ငယ်တာပေါ့လေ၊ ငါ့သမီးတွေ ပုဂံက တကူးတကခေါ်လာတဲ့ မောင်စင်ကြွယ်ကို ကြည့်ရတာ ပြေဦးညိုနဲ့ တထေရာတည်းပဲ ... ဟဲဟဲ မေးကြည့်ဦးမယ် ... ဒီမယ် ... မောင်စင်ကြွယ်''

''ခင်ဗျာ''

''မင်းဇာတ်ကဖူးသလား''

''ကဖူးတယ်ထင်တာပဲ အဒေါ်ကြီး''

''ဟဲ့ ... ရှိုင်းလိုက်တာ၊ အန်တီဆိုရင်လဲ အန်တီပေါ့၊ အန်တီမခေါ်ချင်လဲ ကြီးမေလို့ခေါ်ပါလား''

''ဟုတ်ကဲ့ ... အန်တီလို့ခေါ်ပါ့မယ်''

''မောင်စင်ကြွယ် တကယ်ကဖူးတယ်နော်''

''ကဖူးတယ် ... ကျွန်တော်ကတဲ့အခါ စတိတ်ရှိုးမှာ သင်္ကြန်ဖလားတွေ ဘာတွေပိုက်ပြီး ထွက်တာလေ၊ သင်္ကြန်သီချင်းတစ်ပုဒ်လောက်ဆိုပြရမလား''

''အေးအေးဆေးဆေးပေါ့ကွယ်၊ ဒီကနေ့ ညစာစားပြီးမှ ဇာတ်စင်ထောင်ကြရအောင်၊ မောင်စင်ကြွယ်က ဆိုချင်သလိုဆို ကချင်သလိုက အန်တီတို့က ပွဲကြည့်ပရိသတ်ပေါ့၊ မဟုတ်ဘူး''





''ကျွန်တော်လဲမဆိုရ မကရတာကြာပြီမို့ သင်္ကြန်သီချင်းတစ်ပုဒ်လောက်တော့ ဟစ်ပြချင်ပါရဲ့ အန်တီရယ်''

စင်ကြွယ်ရုပ်ပျောက်ပြီး မင်းသားရုပ်ပေါက်သွားသည့် သူ့ကို ကြည့်ပြီး အားလုံး အံ့အားသင့်နေကြသည်။

ယွန်းနုဝတီတို့ နှုတ်ဆက်ပြီး ထွက်လာကြသည့်အချိန်မှာတော့ ဒေါ်မေရီနှင့်သူ စကားဖောင်ဖွဲ့ပြီး ကျန်ရစ်ခဲ့လေသည်။

□✣□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

မြူးကြွတဲ့တေးသံ ပျံ့လွင့်လို့နေ × × × ကူးပြောင်းစတန်ခူးနွေမှာ × × × တစ်ယောက်တစ်လက်မှိုလှမ်းကာ ဖြန်းဟက်ကြဲစေ × × ပိတောက်ဖူးလေးတွေ × × × ပန်ဆင်ထားသူရေ × × × ခေါင်းကလေးမော့လို့ ပိတောက်ဖူးလေးတွေ × × × ပန်ဆင်ထားသူရေ × × ×

ပျော်ပျော်ရွှင်ရွှင် တီးမှုတ်ကြတဲ့ပွဲမှာ × × × ငုံနေရှာတယ် ပန်းပိတောက်ဖူးတွေရယ် × × ×

နောက်တစ်နေ့နံနက် ယွန်းနုနှင့် ကေခိုင်တို့ ရောက်လာကြသည့်အချိန်တွင် ကြယ်စင်တစ်ယောက်ခြံထဲမှာ သီချင်းတကြော်ကြော်နှင့် တံမြက်စည်း လှည်းနေတာကို တွေ့လိုက်ကြရသည်။

“ကိုစင်ကြယ်”

“ပလို့ . . . ကို”

သူက နောက်သို့ ရုတ်တရက်လှည့်ကြည့်ပြီး ခြောက်လိုက်သောကြောင့် လန့်သွားကြ၏။





“အမလေး . . . လန့်လိုက်တာရှင်”

“ကျွန်တော်က အမှိုက်တွေ စုနေတာ၊ ညကျရင် မီးရှို့ပြီး မီးပုံပွဲလုပ်မလို့”

စင်ကြယ် ထိုသို့ပြောလိုက်သောကြောင့် ခပ်လှမ်းလှမ်းတွင် ပန်းခူးနေသည့် ဒေါ်မေရီက . . .

“အမလေး . . . မလုပ်ပါနဲ့တော်၊ အရှို့မတော်ရင် ကျူပ်အိမ်မီးလောင်နေပါ့မယ်” ဟု ပြောလိုက်၏။

“ဘယ်လိုလဲ ကိုစင်ကြယ် ဒီမှာနေရတာအဆင်ပြေရဲ့မဟုတ်လား”

“ကျွန်တော်က မမလာမယ်ဆိုတာ ကြိုပြီးသိနေတော့ ပျော်နေတာဗျ၊ ဒီလိုသာ မမနေ့တိုင်းလာတွေ့မယ်ဆိုရင် ကျွန်တော်ထွက်မပြေးတော့ဘူး။ ကျွန်တော်တံမြက်စည်းလှည်းပြီးပြီ၊ ဟိုကားကို ရေဆေးပေးရမလား အန်တီ”

သူ့အလိုက်တသိမေးလိုက်သောကြောင့် ဒေါ်မေရီက လက်ဝါးကာလိုက်ရင်း . . .

“စကားပြောပါဦး . . . မောင်စင်ကြယ်ရဲ့၊ မင်းမမတွေ ရောက်လာကြတယ် မဟုတ်လား။ ပြီးမှ လုပ်ချင်တာလုပ်ပေါ့”

ဟု ပြောလိုက်သည်။

“ကျွန်တော်ကားမောင်းချင်တယ် အန်တီ”



www.burmeseclassic.com

www.burmeseclassic.com


"အမလေးမလုပ်ပါနဲ့တော်၊ မတော်တိုက်မိခိုက်မိရင် ကားပြင်ဖို့ ပိုက်ဆံမရှိပါဘူး"

ဒေါ်မေရီ ခပ်မဲ့မဲ့ပြောလိုက်၏။

"အန်တီကလည်း တွန့်တိုနေလိုက်တာ၊ ကျွန်တော် ကားကောင်းကောင်းမောင်းတတ်ပါတယ်၊ အန်တီ့ကား တစ်ခုခုဖြစ်ရင် ဖာတ်ကန်ထရိုက်ဆီက ငွေယူပြီး ကျွန်တော် လျော်ပါ့မယ်"

ယွန်းနုက သူ့ကို ခပ်ပြုံးပြုံးငေးကြည့်နေရာမှ ...

"အန်တီ့ကို တွန့်တိုတယ်လို့ မပြောရဘူးလေ ကိုစင်ကြယ်၊ အန်တီက သဘောကောင်းလို့ ရှင့်ကို လက်ခံထားခဲ့တာ မဟုတ်လား၊ လောလောဆယ်ရှင့်မှာ ကားလိုင်စင်မရှိဘူး"

သူမစကားကို သူနားဝင်သွားပြီး ဒေါ်မေရီကို အားတုံ့အားနာကြည့်လိုက်သည်။ ပြီးတော့ တောင်းပန်သည်။

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ အန်တီ၊ ကျွန်တော်က နောက်တာပါ"

"စိတ်မဆိုးပါဘူးကွယ်၊ အန်တီက စိတ်မဆိုးတတ်ဘူး"

ဒေါ်မေရီက သဘောကောင်းသူမို့ ခွင့်လွှတ်ပြုံးဖြင့် ပြောလိုက်သည်။



"ကိုစင်ကြယ် ကျွန်မတို့နဲ့အပြင်လိုက်ခဲ့မလား"

ကေခိုင်က မေးလိုက်သည်။

"ဟဲ ... ဟဲ ရွှေပုစွန်မှာ ဖာလူဒါသွားတိုက်မလို့လား ဟင်၊ ဒါမှမဟုတ် စီဒိုးနားဟိုတယ်မှာ EUROPEAN FOOD သွားကျွေးမလို့လား"

သူခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း သူမတို့အားလုံး အံ့အားသင့်နေမိကြသည် မဟုတ်ပါလား ...

တကယ်ဆိုလျှင် သူပြောနေသည့် စကားများအရ သူသည် အဆင့်အတန်းနိမ့်နိမ့်ထဲက မဟုတ်ကြောင်း ပေါ်လွင်နေ၏။

"ကျွန်တော်မေးတာ ဖြေလေ"

"ဆေးရုံသွားပြမလို့ ဆေးရုံကအပြန်ကျရင် ရွှေပုစွန်မှာ ဖာလူဒါဝင်တိုက်မယ်"

သူ့ကို အကဲခတ်ရင်း ယွန်းနုကပြောလိုက်သည်။

"ဆေးရုံဟုတ်လား ကျွန်တော့်ကို ပြဖို့လား၊ ကျွန်တော့်မှာဘာရောဂါရှိလို့လဲ"

"ရှင့်မှာ စိတ္တဇရောဂါ ရှိနေတယ်လေ၊ ရှင်အတိတ်မေ့နေတာ ရောဂါတစ်ခုပေါ့"

"ဒါဖြင့်လဲ သွားပြမယ်ဗျာ ကြာတယ်၊ ဟိုရောက်ရင် ဆရာဝန်က ဆေးထိုးမှာလား"


www.burmeseclassic.com

www.burmeseclassic.com

"ဆေးမထိုးပါဘူး၊ ဆရာဝန်က ရှင့်ကို စကားတွေ အများကြီးပြောလိမ့်မယ်၊ သူသိချင်တာတွေမေးလိမ့်မယ်"

"ကဲ ... မောင်စင်ကြယ်၊ အဝတ်အစားလဲပြီး လိုက်သွားပေတော့"

စင်ကြယ်အတွက် ဝယ်လာသည့် အဝတ်အစားများကို ယွန်းနုက လှမ်းပေးလိုက်သည်။

"ဒါရှင့်အတွက် ကျွန်မတို့ဝယ်ခဲ့တာ"

"ညက ညည်းတို့ဦးလေးရဲ့ အဝတ်တစ်စုံပေးထားတယ် လေ၊ အခုဝယ်လာတယ်ဆိုတော့ ပိုကောင်းတာပေါ့"

"မမဝယ်လာတဲ့ ဒီလုံချည်လေးဝတ်မယ်ဗျာ၊ ပိုပြီး လှတယ်၊ ဒီစပို့ရှပ်လေးလဲလှတယ်"

သူက စပို့ရှပ်နှင့် ပုဆိုးထည့်ထားသည့် စက္ကူအိတ် ကိုယူပြီး သူ့အတွက် နေထိုင်ရန် ပေးထားသည့် ဂိုဒေါင်ရှိရာ သို့ ပြေးထွက်သွားသည်။

သူထွက်သွားသောအခါ ဒေါ်မေရီက

"သမီး သူငယ်ချင်းတွေကို ပြောရဦးမယ်၊ ဒီကောင် လေးကြည့်ရတာ အဆင့်အတန်းရှိရှိထဲကပဲ၊ ဓာတ်မင်းသား တစ်ယောက်လဲဖြစ်နိုင်တယ်၊ သူပြောတဲ့စကားတွေအရ ဓာတ်မင်းသားဖြစ်ဖို့များတယ်"





"သူဘာပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့စေတနာက သူ့အတိတ် ကိုသူပြန်ပြီး သတိရသွားဖို့ပါပဲ အန်တီ၊ လူတစ်ယောက် ဘဝမေ့နေတော့ ဘုမသိဘမသိနဲ့အခွင့်အရေးတွေဆုံးရှုံးတာ ပေါ့၊ ပုဂံမှာသူနေခဲ့ရတဲ့ ထမင်းဆိုင်မှာဆိုရင် သူ့ကို သိပ် နှိပ်စက်ကြတာ၊ သနားစရာကောင်းလို့ ကျွန်မတို့က ခေါ်လာ ခဲ့ကြတာလေ"

"ကောင်းပါတယ်ကွယ် ... ကောင်းပါတယ်၊ ကုသိုလ် ရတာပေါ့"

"ဪ ... ဒါနဲ့ ဘရစ်နီတစ်ယောက်ကော အန်တီ"

"သူလား ... ထုံးစံအတိုင်း အိပ်ယာက မထသေးဘူး လေ၊ သမီးတို့ နှိုးချင်သွားနှိုးကြ"

"မနှိုးတော့ပါဘူး အန်တီ"

ထိုစဉ် အဝတ်အစားများလဲပြီး သူပြန်ရောက်လာ၏။

သူ့ကိုခေါ်ပြီး 'ကက' ကားငှားပြီး ထွက်လာခဲ့ကြ သည်။

စိတ်ဝေဒနာကုဆေးရုံပြင်ပလူနာဌာနတွင် သူ့ကို ပြသခဲ့ကြ၏။

ဆရာဝန်ကြီးက သူ့ကို သေချာစစ်ဆေးပြီး လိုအပ်တာ တွေကို မေးမြန်းပြောဆိုခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူသောက်ရန် ဆေးအညွှန်းစာရွက်ကို ရေးပေးလိုက်သည်။

"သုံးပတ်ကြာရင် လာပြပါ" ဟု မှာလိုက်၏။

ဆေးရုံမှ ထွက်လာကြပြီး သူ့အတွက် ဆေးများကို ရွှေဘုံသာလမ်းတွင် သွားရောက်ဝယ်ယူခဲ့ရသည်။

ပြီးတော့ ရွှေပုစွန်တွင် ဖာလူဒါသွားသောက်ကြ၏။

"ကျေးဇူးပဲ မမတို့ရယ်၊ ကျွန်တော်ဖာလူဒါသောက်ချင်နေတာ ကြာလှပြီ"

သူက ဖာလူဒါကို အားပါးတရသောက်နေရာမှ ပြောလိုက်ခြင်းရယ်ပါ။

ယွန်းနုက ဖာလူဒါသောက်ရင်းတွေဝေ စဉ်းစားနေမိသည်။

ခြော် ... သူ့ကို သုံးပတ်ကြာမှ ဆေးရုံပြန်ပြရမယ်ဆိုတော့ သည်ရက်တွေအတွင်း ဘရစ်နီတို့အိမ်မှာပဲ ဆက်ပြီးထားရင်ကောင်းမလား၊ ဒါမှမဟုတ် တောင်ငူပို့ထားရရင်ကောင်းမလား ...ဟု အမျိုးမျိုးစဉ်းစားနေမိသည်။

"ယွန်းနုဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ"

ကေခိုင်က မေးလိုက်သည်။

"ကိုစင်ကြယ့်အကြောင်း စဉ်းစားနေတာပါ၊ သူ့ကို ဘရစ်နီတို့အိမ်မှာပဲ ဆက်ထားရမလား၊ ဒါမှမဟုတ် တောင်ငူ





ကို ပို့ထားရင် ကောင်းမလား အဲဒါတွေ တွေးနေတာ"

"အန်တီမေရီက သဘောကောင်းပါတယ်၊ သူတို့အိမ်မှာပဲဆက်ပြီး ထားရင်ကောင်းမယ်ထင်တယ်"

ကေခိုင်က သူမအထင်ကို ပြောလိုက်သည်။

"ကျွန်တော့်အတွက် မမတို့ ဒုက္ခများနေကြပြီနော်၊ မမတို့ကျေးဇူးတွေကို တစ်ချိန်ချိန်မှာ ကျွန်တော်ပြန်ဆပ်ပါ့မယ်"

သူစဉ်းစဉ်းစားစားပြောလိုက်သည်။

"ရှင်ဘာတွေပြောနေတာလဲ ကိုစင်ကြယ်၊ ကျွန်မတို့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ရှင့်ဘဝရှင်ပြန်သတိရပြီး ရှင့်မိသားစုဆီ ရှင်ပြန်ရောက်ဖို့ အဓိကပဲ မဟုတ်လား၊ အခုဆိုရင် ရှင့်မိဘတွေက ရှင့်ကို မျှော်နေကြမှာအမှန်ပဲ"

ယွန်းနုစကားကြောင့် သူ့မျက်နှာညှိုးကျသွားပြီး ငိုင်တွေနေလေသည်။

"ကဲ ... ပြန်ကြစို့ ကိုစင်ကြယ်"

သူမတို့ သုံးယောက်ရွှေပုစွန်ဆိုင်ထဲမှ ထွက်လာခဲ့ကြပြီး 'ကက' စီး၍ ပြန်လာခဲ့ကြသည်။

ဘရစ်နီတို့အိမ်သို့ ပြန်ရောက်သောအခါ သူသောက်ရန် ဆေးများကို ယွန်းနုက အသေအချာပြပြီး မှာကြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီဆေးကို ကစ်နေ့ သုံးကြိမ်သောက်ရမယ်၊ မပျက်စေနဲ့နော် ကိုစင်ကြယ်၊ ဘရစ်နီလဲ သတိပေးလိုက်ပါ၊ ကဲ ကျွန်မတို့ ပြန်တော့မယ်" ဟု နှုတ်ဆက်လိုက်၏။

"အို ...မမတို့ကလဲ မပြန်ပါနဲ့ဦး"

"ကျွန်မတို့ အလုပ်ကိစ္စတွေရှိသေးတယ် ကိုစင်ကြယ်ရဲ့၊ မနက်ဖြန်လာခဲ့မယ်လေ"

"ကျွန်တော်ခဏလိုက်ခဲ့ချင်တယ်"

"ရှင်မပြန်တတ်ရင် ဘယ်လိုလုပ်မလဲ"

"ပြန်တတ်ပါတယ်ဗျာ၊ ခဏလောက်ခေါ်သွားပါ"

သူအတင်းအကြပ် ပူဆာနေသောကြောင့် ဘရစ်နီက ရယ်မောလိုက်ပြီးပြောသည်။

"ကဲပါ ... ရှင်တို့နှစ်ယောက်ကို ကျွန်မနဲ့ ကိုစင်ကြယ်ကလိုက်ပို့ပေးမယ်၊ ဂိုဒေါင်ထဲက ကားသွားထုတ်လိုက်ဦးမယ်"

"ကျွန်တော့်ကို သော့ပေး ...မမဘရစ်နီ" ဟု စင်ကြယ်ပြောလိုက်သည်။

ဘရစ်နီက သူ့ကို ယုံကြည်စိတ်ချစွာ ကားသော့ယူပြီး ပေးလိုက်၏။

သူ ဂိုဒေါင်တံခါးသွားဖွင့်ပြီး ဘရစ်နီ၏ ရှူပါဆလွန်း ကားကို ဖြောင့်ဖြောင့်တန်းတန်း ဂိုဒေါင်ထဲမှ ထုတ်ယူလာ





ခဲ့သည်။

သူကားကိုင်ပုံကြည့်ခြင်းအားဖြင့် အတော်ကလေး ကားမောင်းကျွမ်းကျင်ကြောင်း ခန့်မှန်းသိရှိရသည်။

"ဒီလူကားမောင်းတတ်တယ်ဆိုတာ တကယ်ပါလား"

ကေခိုင် အံ့ဩနေသည့်မျက်နှာဖြင့် ပြောလိုက်သည်။

"ကျွန်မက သူ့ကို စိတ်ချယုံကြည်စွာနဲ့ ကားသော့ပေးလိုက်တာလေ၊ မမိုက်ဘူးလား"

"ဟုတ်ကဲ့ ...ရှင့်ကို ချီးကျူးပါတယ်"

သူက ကားပေါ်မှဆင်းလာပြီး ဘရစ်နီကို ပြောလိုက်သည်။

"တွေ့ပြီလား ... မမ၊ ကျွန်တော်တကယ်ကားမောင်းတတ်တယ်ဆိုတာ"

"ယုံပါတယ်ရှင် ...ယုံပါတယ်"

ဘရစ်နီစကားကြောင့် အားလုံးရယ်လိုက်မိကြပြန်၏။

"လောလောဆယ်ရှင့်မှာလိုင်စင်မရှိသေးဘူး ပြီးတော့ လမ်းတွေဘာတွေ မှတ်မိချင်မှ မှတ်မိမှာ ဒါကြောင့် ကျွန်မပဲ မောင်းမယ်"

ဘရစ်နီက ကားပေါ်တက်၍ ကားစက်နှိုးရင်း ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


သူက ဘာရစ်နီဘေးတွင် မထိုင်ဘဲ နောက်ခန်းရှိ ယွန်းနုဘေးတွင် ဝင်ထိုင်လိုက်သည်။ ထို့ကြောင့် ကေခိုင်က ရှေ့ခန်းဘာရစ်နီဘေးတွင် ထိုင်ရသည်။

ယွန်းနုတို့ အဆောင်ရှေ့ရောက်တော့ ...

"ဒါကျိုက္ကဆံ လမ်းမကြီးပဲ၊ မမတို့အဆောင်ကို ကျွန်တော်မှတ်မိသွားပြီ" ဟု သူက ပြောလိုက်သည်။

သူမတို့နှစ်ယောက်ကားပေါ်မှ ဆင်းလိုက်ကြသည်။ စင်ကြယ်ကလည်း ကားပေါ်မှ လိုက်ဆင်းပြီး သူမတို့ အဆောင်ထဲ ဝင်သွားသည်ကို မျက်စိတစ်ဆုံး ငေးမောကြည့်နေလေသည်။

"ကိုစင်ကြယ် ...ပြန်ကြစို့"

ဘာရစ်နီက သတိပေးလိုက်မှပင် ကားတံခါးဆွဲဖွင့်ပြီး ဘာရစ်နီဘေးတွင် ဝင်ထိုင်လိုက်သည်။

ပြီးတော့မေးသည်။

"မမ ဘာရစ်နီ၊ ဒီအဆောင်မှာ မမဖင်မီရှိသလား"

"အို ...တောက်တီးတောက်တဲ့ ဘယ်က မမဖင်မီ ရှိရမှာလဲ"

"ကျွန်တော်ရှာကြည့်ချင်တယ်"

"ရှင်ကလဲလေ ...ကလေးဆိုးကြီး တစ်ယောက် ကျနေတာပဲ၊ ကျွန်မတို့ခြောက်ယောက်က ရှင့်အပေါ်သိပ် ကောင်းကြတယ်၊ ဒါတောင်ရှင်က မမဖင်မီကို ရှာချင်သေးလား"

ဘာရစ်နီက ယွန်းနုနှင့်ကေခိုင်တို့လောက် စိတ်မရှည် ဒိုးခနဲ ဒေါက်ခနဲ ပြောတတ်သူမို့ ဘာရစ်နီကို အားနာခဲ့ပြီး သူနှုတ်ဆိတ်သွားလေသည်။

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်တစ်နေ့နံနက်အိပ်ရာမှ နိုးတော့ အဆောင်ရှေ့ရှိ ဗာဒံပင်ရိပ်အောက်တွင် ထိုင်နေသည့် သူ့ကို တွေ့လိုက်ရသည်။

"ဟယ် ... ဟိုသစ်ပင်အောက်မှာ ထိုင်နေတာ စင်ကြယ်မဟုတ်လား"

ကေခိုင်က အခန်းပြတင်းဖွင့်ရာမှ မြင်သွားပြီး ပြောလိုက်သည်။

"ဟယ် ... ကိုစင်ကြယ်ပဲ"

စင်ကြယ့် မျက်နှာကမဖွံ့မရဲ ပြုံးနေ၏။

"ခက်တော့တာပဲ ကေခိုင်ရယ်၊ သူ့ကိုကြည့်ရတာ ယွန်းနုကို သိပ်ခင်တွယ်နေပုံရတယ်"

"ကဲ ... ကဲ အပြင်မှာပဲ BREAKFAST သွားစားကြရအောင်၊ သူ့ကိုခေါ်ပြီး သွားကြတာပေါ့" ဟု ကေခိုင်က ပြောလိုက်သည်။





ယွန်းနုတို့နှစ်ယောက် မျက်နှာသစ်ခေါင်းဖြီးအဝတ်လဲ၍ မျက်နှာပေါ် SHISEIDO ပေါင်ဒါနည်းနည်းရိုက်ပြီး အဆောင်ထဲမှ ထွက်လာခဲ့ကြသည်။

သူ့ရှေ့ရောက်တော့ ...

"စောစောစီးစီးဘာလာလုပ်တာလဲ ကိုစင်ကြယ်"

"ကျွန်တော့်ဘာသာ ပျင်းလို့လာထိုင်နေတာပါ"

"ရှင့်ကြောင့် ကျွန်မတို့နောက်ဆံတင်းရပြီ"

"ကျွန်တော့်မှာ အပြစ်ရှိသလားဟင်"

"ဘာအပြစ်လဲ"

"မိုးမလင်းခင် အဆောင်ရှေ့ရောက်လာတာကို ပြောတာပါ"

"မမတို့ ဒီနေ့မအားဘူး ဆေးရုံသွားရဦးမယ်"

"မနေ့က ကျွန်တော်သွားပြတဲ့ ဆေးရုံကိုလား"

"မဟုတ်ဘူး ... ကျွန်မတို့အလုပ်ဆင်းရမှာ"

"ရပါတယ် ... ဆေးရုံအထိ ကျွန်တော်လိုက်ခဲ့ပြီး ဆေးရုံရှေ့က သစ်ပင်အောက်မှာ ထိုင်စောင့်နေမှာပေါ့"

"ရှင်ပြောနေတာတွေ အဓိပ္ပာယ်မရှိဘူး၊ ရှင်ကအိမ်မှာမနေဘဲ ဘာကြောင့် ကျွန်မတို့နောက်လိုက်ပြီး စောင့်နေမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com

ယွန်းနုစကားကြောင့် သူ့မျက်နှာညှိုးကျသွားသည်။

"မမတို့အနှောင့်အယှက်ဖြစ်တယ်ဆိုရင် ကျွန်တော် မလိုက်တော့ဘူး၊ ပြန်တော့မယ်"

သူ့အသံချက်ချင်းပြောင်းသွားသည်၊ ဆို့ဆို့နင့်နင့်နှင့် မျက်နှာက ငိုမလိုမဲ့နေ၏။

သူမစိတ်မကောင်း ဖြစ်သွားသည်။

ကေခိုင်ကလည်း သူ့ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားပုံရသည်။

"မမတို့အနှောင့်အယှက်ဖြစ်လို့ မဟုတ်ပါဘူး၊ ကို စင်ကြယ် သစ်ပင်အောက်မှာထိုင်ပြီး တစ်နေ့လုံးပင်ပန်းနေမှာ စိုးလို့ပါ"

သူ့မျက်လုံးတွေ ဝင်းလက်သွားသည်။

"ကျွန်တော် မပင်ပန်းပါဘူး၊ အန်တီမေရီပေးတဲ့ မုန့်ဖိုးနဲ့ မုန့်ဟင်းခါးဝယ်စားပြီး မမတို့အလုပ်ဆင်းတဲ့ ဆေးရုံရှေ့မှာ တစ်နေ့လုံးထိုင်စောင့်နေမယ်လေ၊ ခွင့်ပြုတယ် မဟုတ်လား"

သူ့စကားကြောင့် သူမတို့နှစ်ဦး ဦးနှောက်ခြောက်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေမိကြသည်၊ ပြီးမှ ဆုံးဖြတ်ချက်ချလိုက်သလို ယွန်းနုကပြောလိုက်၏။





"ကဲ ... ဒါဖြင့် ကျွန်မပြောမယ်၊ သေချာနားထောင် ရှင့်ကို ဆေးရုံရှေ့လိုက်ခွင့်ပေးမယ်၊ ဒါပေမယ့် ဒီတစ်နေ့ပဲ နော်၊ နောက်ရက်တွေ အန်တီမေရီတို့ ခြံထဲမှာပဲ ရှင်နေခဲ့ ရမယ်"

သူက တစ်ခုခုစဉ်းစားနေရာမှ

"မမ ... ကျွန်တော်နေတဲ့ အိမ်က မမဘာရစ်နီလဲ မမတို့နဲ့အတူ အလုပ်ဆင်းရသလား" ဟု မေးလိုက်၏။

"ဟုတ်တယ် ... အတူဆင်းရမှာ"

"ဒါဖြင့် မမဘာရစ်နီနဲ့အတူ နေ့တိုင်းကျွန်တော်လိုက် မယ်နော် ရသလား မမ"

"ကဲ ... သဘော ... သဘော"

သူမတို့နောက် တကောက်ကောက်လိုက်ရန်သာ ဆန္ဒပြင်းပြနေသည့် သူ့ကို အားလုံးလက်လျှော့လိုက်ကြသည်။

သည်ကနေ ဆေးရုံသွားတော့ 'ကက' ဖြင့် မသွားဘဲ ဘတ်စ်ကားတိုးစီးခဲ့ကြရသည်။

ဘတ်စ်ကားပေါ်တွင် သူက ...

"အမလေး ... ကားကလဲ ကျပ်လိုက်တာဗျာ မမတို့ ကို ဝင်တိုးတဲ့ လူတွေက သိပ်ညစ်ပတ်တာပဲ၊ လက်ပတ်စော် တထောင်းထောင်းနဲ့" ဟု ပြောလိုက်သေး၏။


www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံရောက်တော့ သူမတို့တာဝန်ကျရာ *WARD* ထဲအထိ လိုက်ခဲ့ပြီးမှ ပြန်ထွက်သွားသည်။

သူပြောသည့်အတိုင်း ဆေးရုံရှေ့ရှိ မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင်ဘေးမှထိုင်ပြီး တစ်နေ့ကုန် စောင့်နေလေသည်။

ဘရစ်နီက သူ့အကြောင်းကို ရယ်ကာမောကာဖြင့် ပြောပြနေသည်။

"အိမ်မှာသူရောက်လာမှ ဒက်ဒီနဲ့မာမီအတော်ပျော်နေကြတယ်သိလား၊ ညညဧည့်ခန်းမှာ စည်ကားနေတယ်၊ သူက ဖလားပိုက်ပြီး သင်္ကြန်သီချင်းဆိုပြလား၊ ဆိုပြရဲ့ မင်းသားလိုတောင်ရှည်ပုဆိုးဆွဲဟန်နဲ့ ကပြတာလဲရှိသေးတယ်၊ တော်ကြာမုန့်ဟင်းခါးဆိုင်ဘေးမှာ အမှတ်မထင် ထကရင် ကျွန်မတို့တော့ အရှက်ကွဲမှာ သေချာတယ်နော်"

ယွန်းနုက အားတုံ့အားနာဖြစ်နေသည့် ပုံစံဖြင့် ...

"ဘရစ်နီက စိတ်ရှုပ်နေမလားပဲ ကျွန်မအားနာတယ်"

"အားနာစရာမလိုပါဘူး ယွန်းနုရယ်၊ ဒီကိစ္စကို ရှင်တစ်ယောက်တည်း ဆုံးဖြတ်ပြီးခေါ်လာကြတာမှ မဟုတ်တာ၊ ကျွန်မတို့အားလုံးတိုင်ပင်ပြီး ခေါ်လာကြတာမဟုတ်လား။ ရှေ့လပို့စ်တင်ကျလို့ ကျွန်မတို့တစ်ယောက်တစ်နေရာ





စီထွက်သွားကြရင်သာ သူ့ကို ထားခဲ့ဖို့ဖြစ်နိုင်မဖြစ်နိုင် ဦးနှောက်စားရလိမ့်မယ် ထင်တာပဲ"

ဘရစ်နီပြောတာမှန်သည်။ သူ့ကိုထားခဲ့လို့ကော သူက နေပါ့မလား ...ယွန်းနုနောက်ကို တကောက်ကောက် လျှောက်လိုက်နေတာ ...

ကေခိုင်က အစဉ်းစားရခက်ပုံဖြင့် ပြောလိုက်သည်။

"သူက ယွန်းနုနောက်ကို တကောက်ကောက်လျှောက်လိုက်နေတာသာကြည့်တော့ ခေါ်သွားဖို့ မလွယ်ဘူးထင်တယ်"

"ဟုတ်မှာပါလေ ...ယွန်းနုနောက်ကိုပဲ သူလိုက်မှာသေချာတယ်" ဟု ဘရစ်နီက ပြောလိုက်သည်။

ထိုနေ့က ညနေအလုပ်ဆင်းချိန်မှာပင် ဘရစ်နီနှင့်အတူ ပြန်ရန် သူ့ကို ထည့်ပေးလိုက်ရ၏။

သူက မျက်စိမျက်နှာမကောင်းဘဲ မကျေမနပ်ပုံစံဖြင့် ဘရစ်နီကားပေါ် ပါသွားလေသည်။

□✥□


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သည်လိုနှင့် ယွန်းနုတို့ရန်ကုန်ပြန်ရောက်ခဲ့တာ ဆယ့်ငါးရက်ခန့် ရှိခဲ့ပြီဖြစ်၏။

တနင်္ဂနွေနေ့ဖြစ်သောကြောင့် ယွန်းနုနှင့်ကေခိုင်တို့ အဆောင်မှာပင် ရှိနေကြပြီး မိမိတို့အဝတ်များလျှော်ဖွပ် မီးပူတိုက်ရင်း အလုပ်ရှုပ်နေကြသည်။

ထိုစဉ် ... "မယွန်းနု ... ညည်သည်" ဆို၍ အဆောင်အောက်ထပ်ပါလာရှိရာသို့ ဆင်းလာခဲ့ရသည်။

"ဟင်"

မမျှော်လင့်သူတစ်ဦးကို တွေ့လိုက်ရသောကြောင့် သူမ အံ့အားသင့်သွားမိသည်။

"သိပ်အံ့သြသွားသလား ယွန်းနု"

"ညည်သည်ဆိုလို့ ဘယ်သူများလဲလို့"

ယွန်းနုအံ့သြနေသည့် အမူအရာလေးဖြင့် ပြောလိုက်မိခြင်းပါ။





သူက ယွန်းနုကို တမ်းတမက်မောသည့်မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

ယွန်းနုပုံစံလေးက ယဉ်ယဉ်လေးနှင့် လှနေသည် မဟုတ်ပါလား ...

အနက်ခံတူတယ်ပေါ် ရောင်စုံပွင့်များပါသည့် ထဘီကို ပန်းနုရောင် လက်ဖောင်းဘလောက်စ်အင်္ကျီလေး တွဲဝတ်ထားသည်။

ခေါင်းလျှော်ပြီးကာစမို့ ဆံပင်တစ်ထွေးကြီးကို ဖြန့်ချထားပြီး မျက်နှာပေါ်တွင် သနပ်ခါးပါးကွက်ဝိုင်းဝိုင်းလေးများ လိမ်းထားသောကြောင့် နုပျိုစိုလန်းနေသည်။

"ကိုယ်လာတွေ့မယ်လို့ လုံးဝ မျှော်လင့်မထားဘူး မဟုတ်လား ... ယွန်းနု"

"ဟုတ်ကဲ့ ... မထင်မိပါဘူး" ဟု ယွန်းနုဖြေလိုက်သည်။

"ခရီးရောက်မဆိုက် ရောက်ရေ ချင်း ဆောက်နဲ့ထွင်းတယ်လို့ မထင်လိုက်ပါနဲ့ ကျွန်တော့်ရင်ထဲမှာ ရက်ပေါင်းများစွာ မျိုသိပ်ထားရတဲ့ စကားတွေ ဖွင့်ပြောချင်တယ် ယွန်းနု"

စိတ်လှုပ်ရှားမှုကြောင့် တုန်ရင်နေသည့်အသံကို သူက ထိန်းပြီးပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ယွန်းနုအံ့သြမယုံနိုင်စွာ ကြည့်နေမိသည်။

"ဒါ . . . ယွန်းနုအတွက် ကျွန်တော်ဝယ်ခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေပါ၊ မန္တလေးကို တစ်ရက်ရောက်သေးတယ်၊ မန္တလေးပိုးချိတ်လေ"

ယွန်းနုက သူလှမ်းပေးနေသည့် ချိတ်ထဘီနှစ်ထည်ကို မယူဘဲ ဘာပြောရမှန်းမသိလောက်အောင် ငိုးနောက်ခြောက်နေမိသည်။

"ယူပါ . . . ယွန်းနု၊ အကောင်းဆုံးအလှဆုံးလို့ထင်တဲ့ ချိတ်ထဘီနှစ်ထည်ပါ၊ ကျွန်တော်ကိုယ်တိုင်ရွေးပြီး ဝယ်ခဲ့တာလေ"

"အားနာစရာ ကိုစောမင်းခိုင်ရယ်၊ ယွန်းနုမယူပါရစေနဲ့"

ယွန်းနုငြင်းလိုက်မိသည်။

"မငြင်းပါနဲ့ . . . ယွန်းနု၊ ကျွန်တော်အမြတ်တနိုးဝယ်ခဲ့တဲ့ပစ္စည်းလေးတွေ ယွန်းနုဝတ်စေချင်ပါတယ်၊ ကျွန်တော့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးတာ ဒါ ပထမဦးဆုံးပဲ"

သူခပ်ဝင့်ဝင့်ပြောလိုက်သည်။





"ယွန်းနုဘဝမှာလဲ ယောကျ်ားသားတစ်ယောက်ရဲ့ လက်ဆောင်ပစ္စည်းကို တစ်ခါမှလက်မခံဖူးဘူး၊ ရှင့်လက်ဆောင်ပစ္စည်းကို လက်ခံမယ်ဆိုရင် ဒါပထမဆုံးပဲ ဖြစ်မှာပါ"

"တချို့က ဟန်ဆောင်တတ်ကြတယ်၊ ကိုယ်ကတော့ ဟန်မဆောင်တတ်ဘူး၊ ဒါကြောင့် ကိုယ်ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ် ယွန်းနု"

သူ့မျက်နှာကို အံ့သြထိတ်လန့်စွာ ကြည့်လိုက်မိသည်။

"ယွန်းနုကို ကိုယ်လက်ထပ်ပါရစေ၊ ပုဂံမှာ ယွန်းနုကို မြင်မြင်ချင်း ကိုယ်စိတ်ဝင်စားခဲ့တာပဲ၊ ယွန်းနုဟာ ကိုယ့်ဘဝမှာ ပထမဆုံး စိတ်ဝင်စားခဲ့မိတဲ့ မိန်းကလေးပဲ"

ယွန်းနုရင်ခုန်လှုပ်ရှားပြီး မျက်လွှာချနေမိသည်။

"ယွန်းနု . . . စကားပြောပါဦး"

"ရှင်နဲ့ကျွန်မတွေ့ဖူးရုံရှိသေးတယ်၊ တစ်ခါတည်း လက်ထပ်ခွင့်တောင်းတာဆိုတော့ ရှင့်ကို ကျွန်မဘယ်လိုနားလည်ရမလဲ"

ယွန်းနုကို ကြည့်ရတာ စိတ်အနှောင့်အယှက်တော်တော်ဖြစ်သွားပုံရသည်။

ဒါကို သူနားလည်နေ၏။



www.burmeseclassic.com

"ကိုယ့်ကြောင့် ယွန်းနုစိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါ၊ ကိုယ့်ရင်ထဲမှာ ပြင်းထန်လွန်းလို့ မမျိုသိပ်နိုင်တော့ဘဲ အခုလို ဖွင့်ပြောမိတာပါ ယွန်းနု၊ ကိုယ့်အတွက် စဉ်းစားပေးမယ် မဟုတ်လား"

"ဝမ်းနည်းပါတယ် ကျွန်မဒါတွေမစဉ်းစားချင်သေးဘူး"

သူမခပ်ပြတ်ပြတ် ပြောလိုက်သောကြောင့် သူအနေခက်သွားသည်။

သူမမျက်နှာကို မဝံ့မရဲသူကြည့်နေသည်။

တကယ်ဆိုသူ့ကို ယွန်းနု မချစ်မိနိုင်သေးပါ၊ သူသည် ယွန်းနုအတွက်တော့ လူစိမ်းတစ်ယောက်ပါပဲ ...

"ယွန်းနုကို ကိုယ်ချစ်တယ်"

ယွန်းနုစိတ်ဆိုးသွားသည်။

"ရှင်ဒီနေရာလာပြီး ဒီစကားမျိုးပြောနေတာ ကျွန်မကို မထီလေးစား စော်ကားနေတာတော့ မဟုတ်ပါဘူးနော်"

"ကျွန်တော်မစော်ကားပါဘူး၊ ချစ်လို့ချစ်တယ်ပြောတာပဲ၊ ဒီနေရာမှာ မပြောတော့ ဘယ်နေရာမှာ ပြောရမှာလဲ၊ ယွန်းနုကို လမ်းပေါ်ခေါ်သွားပြီး ပြောရင် ပိုပြီး စိတ်ဆိုးမှာပေါ့၊ အခန့်မသင့်ရင် ပါးရိုက်တောင်ခံရဦးမယ်"

သူက အတော်ပွင့်လင်းရိုးသားပုံရ၏။





အသံကတည်ကြည်သလို မျက်နှာထားကလည်း တည်ငြိမ်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ယွန်းနု၊ ပြီးတော့ ကျွန်တော့်အတွက် အဖြေပေးဖို့ စဉ်းစားထားပါ၊ ယွန်းနုကို ကျွန်တော်အေးအေးဆေးဆေးလာတွေ့ဦးမယ်၊ အခု ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

သူနှုတ်ဆက်ပြီး ထိုင်ရာမှ ထလိုက်သည်။

သူမ စိတ်ဆိုးပြီး သူဝယ်လာသည့် လက်ဆောင်တွေကို ပြန်ပေးလိုက်ချင်သော်လည်း ရိုင်းပျလွန်းရာရောက်မည်ဆိုး၍ ဘာမှမပြောတော့ဘဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တွေဝေစွာ ကျန်ရစ်ခဲ့လေသည်။

ဘယ်လောက်ကြာကြာထိုင်နေမိသည်မသိ၊ ကေနိုင်ရောက်လာမှပင် သတိဝင်လာရသည်။

"ဟော့ ... ညီ့သည်က ဘယ်သူလဲ၊ ညီ့သည်မလာစဖူး အလာထူးလို့ လာကြည့်တာ၊ တစ်ယောက်မှလဲ မမြင်ပါလား"

ကေနိုင်က သူမဘေးမှာဝင်ထိုင်ပြီး မေးလိုက်သည်။

"ကိုစောမင်းဆိုင် ရောက်လာတာလေ၊ ဒီမှာလက်ဆောင်ပစ္စည်းတွေပေးပြီး ပြန်သွားပြီ"



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ကေခိုင်ထင်သားပဲ၊ သူက လိပ်စာတွေတောင်းထားတဲ့သူဆိုတော့ သူပဲဖြစ်ရမှာပေါ့၊ ယုယုအေးကိုကော မေးသေးလား။ ထဘီကနှစ်ထည်တည်းဆိုတော့ ဘယ်သူ့အတွက်လဲ"

"ထဘီနှစ်ထည်လုံးယွန်းနုအတွက်လေ"

"ဟင် ... သူကလဲ မျက်နှာလိုက်လိုက်တာ"

ယွန်းနုပြောသင့်မပြောသင့် ချင့်ချိန်းစဉ်းစားနေပြီးမှ သူငယ်ချင်းများနှင့် ပွင့်ပွင့်လင်းလင်းပြောနေကြမို့ ဖွင့်ပြောလိုက်ရန် ဆုံးဖြတ်လိုက်၏။

"သူက ယွန်းနုကို လက်ထပ်ခွင့်တောင်းတယ်၊ ဒါတွေကလဲ ယွန်းနုအတွက် ဝယ်လာခဲ့တဲ့လက်ဆောင်တဲ့"

ယွန်းနုစကားကြောင့် ကေခိုင်အံ့သြသွားသည်။

"ဟယ် ... ဟုတ်လား၊ ဒါဖြင့် မိယုပြောတာ မှန်နေပြီပေါ့၊ မိယုက ပြောတယ်သိလား၊ ယွန်းနုကိုသူစိတ်ဝင်စားနေတယ်တဲ့၊ ကိုဇေယျာဝင်း ပြောပြသွားလို့ မိယုသိနေတာ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ကေခိုင်ရယ်၊ ခုလိုအလောသုံးဆယ် ဖွင့်ပြောတာတော့ ဘယ်ကောင်းပါ့မလဲ၊ သရုပ်ပျက်လွန်းတာပေါ့"

ကေခိုင်က ပြုံးစိစိဖြင့် အမူအရာဖြင့် စဉ်းစားနေသလို နှုတ်ဆိတ်နေပြီးမှ ...





"အင်းလေ ... သူကလဲ ယွန်းနုလို ရည်းစားရွေးတဲ့အတော်ချေးထူတဲ့၊ ချစ်ရေးဆိုလာသမျှ လူတွေအားလုံးကို ငြင်းပယ်ပြီး စိတ်ကြိုက်မတွေ့လောက်အောင် ခေါင်းမာလွန်းတဲ့ မိန်းကလေးကိုမှ မြင်မြင်ချင်းလက်ထပ်ခွင့်တောင်းရတယ်လို့၊ ကေခိုင်တို့ဆိုရင် သူ့အတွက် မျှော်လင့်ချက်ရှိချင်ဦးမှာ" ဟု နောက်နေသည်။

"ယွန်းနု တကယ် စိတ်ဆိုးမိတယ် သိလား၊ အတော်ရဲတင်းပြီး လျှာသွက်တဲ့လူပဲ"

"စိတ်မဆိုးပါနဲ့ ယွန်းနုရယ်၊ ဒီလူ့အကြောင်းကို ကိုဇေယျာဝင်းက တစ်ဆင့် ကြားရတာတော့ အတော်ရိုးသားပြီး တည်တည်ကြည်ကြည် ရှိတယ်လို့ ကြားခဲ့ရတာပဲ"

"ကျွန်မ စိတ်မဝင်စားပါဘူး"

စကားဆုံးသည်နှင့် ထဘီနှစ်ထည်ထည့်ထားသည့် စက္ကူအိတ်ကို ကောက်ယူပြီး အဆောင်ပေါ် တက်လာခဲ့သည်။

လူမှုရေးအရမို့ သူ့လက်ဆောင်တွေကို လက်ခံလိုက်ရသော်လည်း မကျေနပ်လှပေ။

❑ ✣ ❑


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူမတို့ ပိုစ်တင် ကျသောအခါ ယွန်းနုဝတီက သူမ၏ ဇာတိမြို့ ဖြစ်သည့် တောင်ငူဆေးရုံတွင် တာဝန်ကျလေသည်။

"ကဲ ... ဘယ့်နှယ်လုပ်မလဲ ယွန်းနုရေ ကျွန်မကတော့ ပုဂံပြန်သွားရလိမ့်မယ်"

ယုယုအေးက မေးလိုက်သည်။

"ရှင် ဘာကို ပြောနေတာလဲ"

"ကိုစင်ကြယ့် ကိစ္စပေါ့၊ ကိုစင်ကြယ့်ကို ဒီမှာပဲ ထားခဲ့ဖို့ စဉ်းစားထားသလား"

"ဘရစ်နီကတော့ ပြောတယ်၊ ကိုစင်ကြယ်ကို ဒီမှာပဲ ထားခဲ့လို့ ဖြစ်မှာ မဟုတ်ဘူးတဲ့၊ သူက နေ့လဲ ယွန်းနု ညလဲ ယွန်းနု၊ ယွန်းနုရှိတဲ့နေရာကိုပဲ လာချင်နေတာ"

ကေခိုင် ပြောနေခြင်းဖြစ်သည်။

"သူ့ကို ဆရာဝန်က တစ်လထပ်ချိန်းထားတယ်၊ ဆရာဝန်နဲ့ တွေ့ဖို့ ရက်နှစ်ဆယ်လောက်တော့ လိုဦးမယ်





ထင်တယ်။ သူ့သဘောထားကို မေးကြည့်ပြီး သူလိုက်ချင်တယ်ဆိုရင်လဲ တောင်ငူကို ခေါ်သွားလိုက်မယ်။"

"ဒါဖြင့်လဲ ယွန်းနု အစီအစဉ်ကောင်းပါတယ်"

စင်ကြယ့်သဘောကို မေးတော့ စင်ကြယ်က သူမနှင့်အတူ တောင်ငူသို့လိုက်ရန် ပူဆာလေသည်။

ထို့ကြောင့် သူ့ကို တောင်ငူသို့ ခေါ်လာခဲ့ရသည်။

သူမ တောင်ငူသို့ ပြန်ရောက်တော့ မေမေနှင့် မမတို့ကို အကျိုးအကြောင်း ပြောပြခဲ့သည်။

"ဟုတ်ပါရဲ့ သမီးရယ်၊ ညီထွေးမှ ညီထွေးပါပဲ၊ ညီထွေးတစ်ယောက် သေရာက ပြန်ရောက်လာတယ်လို့ တောင် ထင်မိတယ်၊ ဟဲ့ ... လူလေး ဒီမှာထိုင်စမ်း၊ မင်းကြိုက်တဲ့ အအေးလေး တိုက်ရအောင်"

ဒေါ်မညွှာက စင်ကြယ့်ကို မြင်မြင်ချင်း သေသွားသည့် သူ့သား ညီထွေးနှင့် တူလှချည်ရဲ့ဆိုပြီး သားကို သတိရကာ အလွမ်းပြေ ငေးမောအံ့ဩလျက်ရှိသည်။

ယွန်းနုဝတီ၏ အစ်မဖြစ်သူ ယွန်းဆက်ဝတီကလည်း သူ့ကို ကြည့်ပြီး အံ့ဩနေလေသည်။

"မေမေရေ ... ညီထွေးနဲ့ တူတာမှ ဘယ်ဘက်နှုတ်ခမ်းထောင့်စွန်းမှာရှိနေတဲ့ မှဲ့ကလေးတစ်လုံးပါ တူနေတယ်။ အံ့ဩစရာပဲနော် မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ကဲ သူနေဖို့အခန်းလေးဘာလေး နေရာချပေးလိုက်ပါဦး သမီးရယ်"

သူကညွှန်ခန်းထဲတွင် ထိုင်နေရာမှ ကြီးမားကျယ်ပြန့်လှသည့် အိမ်ကြီးကို မျက်လုံးဝေ့ပြီး ကြည့်နေလေသည်။

"လာ ကိုစင်ကြယ် ရှင်နေဖို့ အိမ်အပေါ်ထပ်က အခန်းတစ်ခန်းပေးမယ်"

"ဟုတ်ကဲ့ မမ ကျွန်တော်တစ်သက်လုံးနေရမှာလားဟင်"

သူမေးလိုက်သောကြောင့် ယွန်းနုစိတ်မရှည်တော့ဘဲ"

"ရှင်ဟာလေ လျှာကိုရှည်တယ်" ဟု ပြောလိုက်မိသည်။

ယွန်းနုကရှေ့မှ သူကနောက်မှ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ လှေကားထစ်တွေအတိုင်း အိမ်အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

အိမ်ကြီး၏ မြောက်ဘက်အစွန်ဆုံးအခန်းရှိရာသို့ သူ့ကို ခေါ်ဆောင်လာခဲ့သည်။

"ဒီအခန်းထဲမှာ နေရမယ်နော်၊ ဒီအခန်းမကြိုက်ရင် ကပ်လျက်အခန်းမှာနေပါ"

သူမပြောလိုက်သည်။

"နှစ်ခန်းလုံးနေလို့ရမလား"





"မရဘူး၊ စည်းကမ်းရှိရှိ ရှင်ကြိုက်တဲ့အခန်းတစ်ခန်းထဲမှာပဲ နေခွင့်ရှိတယ်"

"မမကော ဘယ်မှာနေမှာလဲဟင်"

"ကျွန်မတို့ ညီအစ်မနှစ်ယောက်က အောက်ထပ်မှာ နေကြမယ်"

သူက မျက်ခုံးနှစ်ဖက်ပင့်လိုက်ပြီး အတန်ကြာငြိမ်သက်သွားသည်။ ပြီးမှ . . .

"ဒါဖြင့် ကျွန်တော်လည်း အောက်ထပ်မှာပဲ နေမယ်လေ၊ မမနဲ့ခပ်နီးနီးနေမှဖြစ်မှာ၊ ဒါမှ မမခိုင်းစရာရှိရင် ကျွန်တော့်ကို အလွယ်တကူခေါ်နိုင်မှာပေါ့"

"စကားမရှည်နဲ့ ဒီအခန်းမှာပဲ နေရမယ်၊ ရှင့်ကိုလည်း ခိုင်းစရာကိစ္စရှိမှာမဟုတ်ဘူး"

"မမကလဲ ကျွန်တော့်ကို မာန်မဲနေလိုက်တာဗျာ၊ ကျွန်တော်ရန်ကုန်ပြန်ချင်လာပြီသိလား"

သူ့မျက်နှာစူပုတ်ပြီးပြောတော့ သူမ မသိမသာမဲ့လိုက်မိ၏။

"ရန်ကုန်ပြန်မယ် ဟုတ်လား၊ ဘရစ်နီကဖြင့် မော်လမြိုင်ဘက် ပို့စ်တင်ကျသွားပြီ ရှင်ဘယ်သူ့ဆီပြန်မှာလဲ"

"မမဇင်မီဆီပြန်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီလား ဒီမမဖင်မီ၊ အပြီးအမောက်မတည့်တဲ့စကားတွေနဲ့ ကျွန်မကို စိတ်အနှောင့်အယှက်မပေးပါနဲ့"

"ဒါတော့ မမဖင်မီကို သတိရလို့ပြောတာပဲဗျာ၊ မကျေနပ်ဘူးလား"

ဘုကျကျပြောလိုက်သောကြောင့် ပိုပြီး စိတ်တိုသွားမိ၏။

"လေထဲမှာတိုက်အိမ်ဆောက်မနေနဲ့၊ ရှင့်ဖင်မီက ဘယ်သူမှန်းလဲမသိဘူး၊ ဘယ်မှာနေမှာလဲမသိ၊ ဒါကိုပဲ တမ်းတနေလိုက်တာ ...ဟွန်း"

"တနေ့တော့ရှာတွေ့မှာပေါ့ဗျာ၊ အဲဒီတော့သာ မမဖင်မီကို မနာလိုမဖြစ်နဲ့နော်"

"အောင်မာ ...စကားတွေက လွန်လှချည်လား ရှင့်ဖင်မီကို မနာလိုဖြစ်ရအောင် ဘာမို့လဲ၊ ရှင်နော် ... စေတနာနဲ့ ခေါ်လာတာကို မစော်ကားနဲ့"

သူမ မျက်နှာတင်းတင်းဖြင့် ပြောလိုက်မှပင် မျက်နှာပိုးသတ်သွားသည်။

ထိုစဉ် အောက်ထပ်မှ ထမင်းစားရန်ခေါ်သံကြောင့် ဘာမှဆက်မပြောဖြစ်တော့ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့ကြ၏။

❑ ✣ ❑





## အခန်း (၇)

ဒေါက်တာဖင်မီ

ဖင်မီတဲ့ ...

ဖင်မီဆိုတာ သူနဲ့ဘယ်လိုများ ပတ်သက်ခဲ့ပါလိမ့် ...

သူပြောပုံအရ ဖင်မီဟာ သူ့ချစ်သူဆိုတာ သေချာသလောက်ပါပဲ ...သူအခုလို အတိတ်မေ့နေတဲ့အကြောင်းကို ဖင်မီတစ်ယောက်သိပါလေစ ...

ဒေါက်တာဖင်မီ သူ့ကို လိုက်ရှာနေမှာလား ...ဒါမှမဟုတ် ချစ်သူသစ်နဲ့ပျော်ရွှင်နေပြီလား ...

သူ ဖင်မီ့အကြောင်းပြောလွန်းသဖြင့် ဖင်မီ့ကို သူမအလိုလိုနေရင်း စိတ်ဝင်စားနေမိခဲ့သည်။

သူမတောင်တွေးမြောက်တွေးဖြင့် အတော်ညဉ့်နက်မှပင် အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့နံနက်သူမ အိပ်ရာမှ နိုးလာချိန်တွင် သူက ခြံထဲတွင် တံမြက်စည်းလှည်းလျက်ရှိ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းလှည်းပြီးသောအခါ ပန်းပင်တွေ ရေလောင်းနေသည်။

သူ့ကိုကြည့်ရတာ အငြိမ်မနေတတ်ဘဲ အလုပ်တစ်ခုခုကို ရှာဖွေ လုပ်ကိုင်နေတတ်သည်။

သူမ မျက်နှာသစ်အဝတ်လဲပြီး ခြံထဲဆင်းလာခဲ့၏။

"ကိုစင်ကြယ် အစောကြီးနိုးနေသလား"

"ဟုတ်ကဲ့ . . . မမ အတော်အအိပ်ပုတ်ပါလား၊ မိန်းကလေးဖြစ်ပြီး အိပ်နေလိုက်တာ"

"မိန်းကလေးဆို မအိပ်ရဘူးလား"

"မအိပ်ရဘူး၊မိန်းကလေးဆိုတာ မနက်စောစောထပြီး ဆွမ်းတော်ကပ်၊ ရေချမ်းလဲ ဘုရားရှိခိုးရတယ်မမရဲ့ မှတ်ထား"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . မှတ်ထားပါမယ်၊ ဒါနဲ့ ရှင်မျက်နှာ သစ်ပြီးပြီလား၊ ရှင့်ကြည့်ရတာ မျက်နှာသစ်ပြီးပုံ မပေါ်ဘူး"

"အိုဗျာ...မမပြောမှပဲ မျက်နှာသစ်ဖို့ သတိရတော့တယ်"

"မျက်နှာသစ်ဖို့ မေ့နေတယ်ဆိုတော့ နံစော်နေမှာပေါ့"

ယွန်းနုစကားကြောင့် သူစိတ်ဆိုးသွားသည်။

"လူဆိုတာအပုပ်ကောင် ရုပ်ဆောင်ထားတာပဲ မမရဲ့၊





မျက်နှာသစ်တယ်ဆိုတာ အပိုအလုပ်တွေပါဗျာ"

တစ်ခွန်းမခံ နှုတ်လှန်ထိုးနေသောကြောင့် သူမ နှာခေါင်းရှုံ့လိုက်မိ၏။

"ကဲပါ မျက်နှာသွားသစ်စမ်းပါ၊ ပြီးတော့ ကော်ဖီသောက်ကြမယ်လေ"

"ဗိုက်ထဲမှာ ဆာနေတာနဲ့အတော်ပဲ၊ ဟဲ . . . ဟဲ မျက်နှာပြေးသစ်လိုက်ဦးမယ်၊ သွားတိုက်ဆေးလဲမရှိဘူး မမရဲ့"

"အို ဟုတ်ပါရဲ့၊ သွားပွတ်တံနဲ့ သွားတိုက်ဆေးပေးဖို့ မေ့နေလိုက်တာ၊ မမကြီးဆီမှာ သွားပွတ်တံနဲ့ သွားတိုက်ဆေး အပိုတွေရှိလိမ့်မယ်၊ အဲဒါသွားတောင်းလိုက်ပေါ့"

သူက အူကြောင်ကြောင်မျက်နှာဖြင့် အိမ်ကြီးထဲပြန့်ဝင်သွားသည်။

ယွန်းနုဘုရားပန်းခူးပြီး အိမ်ထဲပြန်ဝင်လာခဲ့၏။ ပြီးတော့ ဘုရားပန်းများကို ဝရံတာရေအိုးနားမှာ သားရစ်ခဲ့ပြီး ကော်ဖီသောက်ရန် ထမင်းစားခန်းထဲသို့ သာခဲ့သည်။

"ညည်းလူက သွားတိုက်ဆေးနဲ့ သွားပွတ်တံလာတောင်းလို့ပေးလိုက်တယ်၊ အဖော်ရမယ့်ပုံပဲ၊ မနက်အစော ကြီးထပြီး ခြံထဲမှာတံမြက်စည်းလှည်းတယ်၊ ခြံရှေ့က ရေအိုး



www.burmeseclassic.com

www.burmeseclassic.com

စင်လေးမှာ ရေသွားဖြည့်တယ်၊ အပင်တွေလဲ ရေလောင်းပြီး ပြီ''

ယွန်းခက်စကားကြောင့် ယွန်းနုခပ်ပြုံးပြုံးဖြစ်နေသည်။

သည်လိုဆိုတော့လည်း သူ့ကို ခေါ်လာရတာ အလ ဟဿမဖြစ်ပါလား ဟုတွေးနေမိသည်။

ခဏကြာတော့ သူရောက်လာ၏။ သူကမျက်နှာသစ် ပြီး ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးကာ အဝတ်တွေပါလဲလာ သောကြောင့် သန့်ပြန့်ချောမောသည့် သူ့ရုပ်ရည်ကပေါ်လွင် နေသည်။

ဒေါ်မညွှန့်က သူ့ကိုငေးကြည့်နေပြီး ...

''ဒီလိုဆိုတော့လဲ လူလေးက အခန့်သား အချောသား ပါလားကွယ်၊ ကြည့်လေညီတွေးနဲ့ဟူလေပဲ''

သူက ကော်ဖီစားပွဲတွင် ဝင်ထိုင်လိုက်ပြီး ဒေါ်မညွှန့် အတွက်ကော်ဖီကို ကိုယ်တိုင်ငှဲ့ပေးသည်။ ပြီးတော့ ယွန်းနု အတွက် ငှဲ့ပေးသည်။

ယွန်းခက်က သူ့ကိုကြည့်နေရာမှ ...

''အံမယ် ... အဆင့်တွေကျော်လို့ ဘယ်မရမလဲ၊ မေမေကြီးပြီးရင် မမကြီး၊ မမကြီးပြီးမှ မမယွန်းနုအလှည့် သော၊ မင်းဒီလိုသာ ငါ့ကိုချန်ထားရင် ငါက ဟင်းကောင်း ကောင်းမနေ့ကကျွေးတဲ့ ပဲပြုတ်နဲ့ နေ့တိုင်းကျွေးမယ်၊ ဘာမှတ်





သလဲ''

သူက သဘောပေါက်သွားပုံဖြင့် ရယ်လိုက်သည်။

''အို ... ဆောရီးပဲဗျာ ... ကျွန်တော်သဘောပေါက် ပြီ''

ယွန်းနုရှေ့မှ ကော်ဖီခွက်ကို ယွန်းခက်ရှေ့သို့ ပြောင်း ပေးလိုက်ပြီး ယွန်းနုအတွက် တစ်ခွက်သပ်သပ် ထပ်ငှဲ့ပေး သည်။

သားအမိသုံးယောက် သူ့ကို ငေးကြည့်နေရာမှ သူက အတိတ်မေ့နေတာကလွဲရင် အသိဉာဏ်အတော်ရှိတာပဲ ဟု တွေးနေကြသည်။

ကော်ဖီသောက်ပြီး ယွန်းနု ရေမိုးချိုးအဝတ်အစား လဲ၍ အလုပ်ဝင်ရန် ဆေးရုံသို့ ထွက်လာခဲ့သည်။

''မမ ဘယ်လဲ''

''ဆေးရုံသွားမလို့''

''ဆေးရုံက ဘယ်နားမှာလဲ''

''ဆေးရုံက မြို့ထဲမှာပေါ့၊ ဘာလဲ ... လိုက်ရှုပ်ဦး မလို့လား၊ ငါက ဘရစ်နီလို ကားမရှိဘူးနော်''

''ဒါဖြင့် ဘာနဲ့သွားမှာလဲ''

''စက်ဘီးနဲ့ပေါ့''

''ကျွန်တော်စက်ဘီးနင်းပြီး လိုက်ပို့မယ်''


www.burmeseclassic.com

www.burmeseclassic.com

"ရှင်ကလဲ နေရာတကာ လိုက်ချင်နေတာပဲ၊ အိမ်မှာ မေမေတို့နဲ့နေခဲ့ပါလား"

"မရဘူးဗျာ၊ လိုက်ခဲ့မှာပဲ"

"ပြောရခက်နေပြန်ပြီ ရှင်ကျွန်မကို လိုက်ပို့ပြီး အိမ်မပြန်တတ်ရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်သည်လောက် မှတ်ဉာဏ်မနဲ့နဲ့ပါဘူး မမရယ်၊ MEMORY ကောင်းပါတယ်၊ လိုက်ပို့ပေးမယ်နော်"

မေမေကရယ်ကြည့်နေရာမှ ...

"ခေါ်သွားလိုက်ပါ သမီးရယ်၊ ယောက်ျားလေးပဲ၊ လမ်းမှားတော့လဲ ဘာဖြစ်လဲ" ဟု ပြောလိုက်သည်။

"ကဲပါ ကျေးဇူးရှင်၊ စက်ဘီးရှေ့က နင်းတော်မူ"

သားအမိသုံးယောက်လုံး သဘောကောင်းသူများမို့ သူ့အပေါ် ချစ်ခင်နှစ်လိုစွာ ဆက်ဆံကြသည်။

"မမရဲ့ အတက်ချိုကေ့စ်ပေး၊ ကျွန်တော်ကိုင်ပေးမယ် ပေး"

"ရှင့်လက်နှစ်ဖက်က စက်ဘီးကို ကိုင်ရမှာလေ၊ ကျွန်မဘာသာ အတက်ချိုကေ့စ်ကို ဆွဲထားပါမယ်"

နားကြပ်နှင့် အသုံးအဆောင်ပစ္စည်းအချို့ထည့်ထားသည့် သူမအတက်ချိုကေ့စ်လေးကို သူတောင်းနေသော်လည်း သူမ မပေးဘဲ စက်ဘီးနောက်တွင် ဝင်ထိုင်လိုက်သည်။





"ကလင် ... ကလင် ... ကလင် ... ကလင်"

သူက စက်ဘီးခေါင်းလောင်းကို ဆူညံသွားအောင် တီးလိုက်သောကြောင့် ...

"အို ... ဘာဖြစ်လို့ ဒီလောက်ခေါင်းလောင်းတီးနေတာလဲ ကိုစင်ကြယ်၊ စက်ဘီးနင်းတော့လေ"

"စက်ဘီးငှားစီးရင် တစ်နာရီငါးဆယ်နော်၊ ကိုယ်တိုင်နင်းပို့ရင် ငါးရာ"

"ပေးပါ့မယ်တော် ပေးပါ့မယ်၊ ရှင်တောင်းသလောက် ကျွန်မပေးပါ့မယ်၊ ကောင်းကောင်းမှန်မှန်သာနင်းပါ"

သူက စိုင်းထီးဆိုင်၏ 'ဘီးကလေးကိုစီး' သီချင်းကို အော်ဆိုသွားသည်။

သူမကို ဆေးရုံအထိ လိုက်ပို့ပေးပြီး သူအေးအေးဆေးဆေး ပြန်သွား၏။

"ကောင်းကောင်းပြန်နော် ကိုစင်ကြယ်၊ အိမ်ရောက်အောင်လဲပြန်ဦး၊ ညနေလာကြိုဦးမှာလား"

"ညနေ ခပ်စောစောလာကြိုမယ်နော်၊ မမဆေးရုံက ထွက်လာတာနဲ့ ဒီနေရာလေးကို အရင်ကြည့်လိုက်"

သူပြန်သွားတာကို ငေးမောကြည့်ရင်း သူမကျန်ရစ်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် သူမအတွက် နေ့စဉ်စက်ဘီးတစ်စီးဖြင့် သူက ပို့ပေးကြိုပေးနေတတ်သည်။

သူမအတွက် အကောင်းဆုံးအဖော်ဖြစ်နေသည်။

အိမ်မှာလည်း အားကိုးရသည်၊ တစ်ခြံလုံးရှင်းလင်း သန့်ပြန့်အောင် မြက်နုတ်ပေါင်းသင် အမှိုက်လှဲစသည့် အလုပ်တို့ကို သူက ဒိုင်ခံလုပ်နေတော့၏။

ရေတွင်းမှ ရေခပ်ပြီး စဉ့်အိုးမှရေဖြည့်ခြင်း၊ သောက်ရေအိုးများရေဖြည့်ခြင်း ၊ သည့် အလုပ်များကိုလည်း ဝတ္တရားကျေစွာလုပ်တတ်သည်။

နံနက်စောစော ယွန်းခက်အထည်ဆိုင်ထွက်သည့်အခါ ဈေးအထိရောက်အောင် အထုပ်အပိုးများသယ်ဆောင်လျက် ပို့ပေးတတ်၏။

ဈေးပြန်ကြိုလည်းသူပင်၊ ရေမီတာ၊ မီးမီတာ၊ တယ်လီဖုန်းဘေလ်အစရှိသည့် အခွန်များဆောင်ရန်လည်း သူကောင်းစွာ အဖော်ရနေသည်။

သူလိုနှင့် ခြောက်လတိတိကြာခဲ့သည်။

ရန်ကုန်ဆင်းပြီး သူ့ကိုယွန်းနုက စိတ်ရောဂါကုဆေးရုံ သွားပြရတတ်သော်လည်း မငြိုငြင်ပါ။





သူကအတိတ်အကြောင်းကို သတိမရနိုင်သေးတာက လွဲလျှင် လူကောင်းတစ်ယောက်ကဲ့သို့ပင် သွားလာလုပ်ကိုင် ပြောဆိုပြုမူ နေထိုင်လျက်ရှိ၏။

ရက်လတွေ ကြာလာသည်နှင့်အမျှ မိသားစုဝင် တစ်ယောက်လို ဖြစ်နေပေပြီ။

"ခုနေခါများ သူထွက်သွားရင် ကျုပ်တော့ရင်ကျိုးရတော့မှာပဲ၊ တကယ်ပြောတာပါ၊ ညီထွေးတောင် သူ့လောက် မလိမ္မာဘူး၊ သူက အတော်လိမ္မာတာပဲ"

မေမေက သူ့အကြောင်းကို တဖွဖွချီးမွမ်းရင်း သူ့ကို သားအရင်းလေးကဲ့သို့ ချစ်ခင်ရင်း စိတ်ချမ်းသာနေလေသည်။

တစ်ခုထူးခြားသည်မှာ ညနေစာကို ယွန်းနုမစားမချင်း သူမစားခြင်းပင် ဖြစ်သည်။

တစ်ခါတရံ ယွန်းနုနိုက်ဂျူတီကျသည့်အခါတွင်လည်းကောင်း၊ အိမ်ပြန်နောက်ကျတတ်သည့်အခါတွင်လည်းကောင်း သူညနေစာမစားဘဲ ငုတ်တုတ်ထိုင်စောင့်နေတတ်သည်။

အားအားရှိလျှင် အုန်းလက်တွေခုတ်ပြီး ယွန်းနုအတွက်ဟု ဆိုကာ ဦးထုပ်တွေ လုပ်ပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

မုန့်ဖိုးပေးလျှင် စုထားတတ်ပြီး ယွန်းနုအတွက် ဟု ဆိုကာ သူ့လက်ထဲရှိသည့် ငွေဖြင့် လောက်ငသည့်အနွေး အကျီလေးများ လက်ကိုင်အိတ်လေးများ ဖိနပ်လေးများ ဝယ်ပေးတတ်သည်။

ကြာတော့ ယွန်းနုသည် သူထွက်သွားမှာကိုပင် တစ်နေ့ ထက်တစ်နေ့ ပိုပြီး စိုးကြောက်နေမိ၏။

❑✥❑





## အခန်း (၈)

ထိုနေ့ နေ့လယ်တွင် ယွန်းနုဆေးရုံ၌ တာဝန် ထမ်းဆောင်နေစဉ် ဆေးရုံသို့ ဧည့်သည်တစ်ယောက် ရောက် လာသည်။

ဧည့်သည်ဆို၍ ဆေးရုံ ဧည့်ခန်းရှိရာသို့ ယွန်းနုရောက် လာခဲ့သည်။

*"ဟင် ... ကိုစောမင်းနိုင်ပါလား"*

*"ကျွန်တော် တောင်ငူလာချင်တာကြာပြီဗျ။ ရန်ကုန် က အလုပ်တွေ မအားတာနဲ့ အခုမှပဲ ရောက်တော့တယ်။*

စောမင်းနိုင်က သူ့လက်ထဲတွင် ပါလာသည့် လက်ဆောင်ထုပ်များကို စားပွဲပေါ် လှမ်းတင်လိုက်ရင်း ပြော လိုက်သည်။ သူ့မျက်လုံးများက အနက်ခံပေါ်ရောင်စုံအပွင့် များ ပါသည့် ပါတိတ်ဝမ်းဆက်နှင့် ဂျူတီကုတ်ဖြူဖြူလေး ထပ်ဝတ်ထားသည့် သူမကို စူးစူးစိုက်စိုက်ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို နှုတ်ဆက်စကားမပြောတော့ဘူးလား ယွန်းနု၊ ယွန်းနုကို ကြည့်ရတာ ဝမ်းသာပုံပဲ မရပါလား"

"ရှင်လာလည်တာနဲ့ ကျွန်မက ဘာကြောင့် ဝမ်းသာရမှာလဲ"

ယွန်းနုစကားကြောင့် သူ့မျက်နှာကွက်ခနဲပျက်သွားသည်။

"ယွန်းနုကို တွေ့ချင်လွန်းလို့ ကိုယ်တကူးတက လာခဲ့ရတာပါဗျာ၊ ယွန်းနုမလိုလားရင် ကိုယ်အခုပဲ ပြန်တော့မယ်"

ယွန်းနုသက်ပြင်းရှိုက်လိုက်ပြီး အလိုက်သင့် ပြန်ပြောလိုက်မိသည်။

"ရှင်အလုပ်ကိစ္စနဲ့ လာတာလား"

"ကိုယ် ပေါင်ငှရာဇဝင်ကိုလဲ လေ့လာချင်တာလေးတွေ ရှိတယ်၊ ယွန်းနုကိုလဲ တွေ့ချင်တာနဲ့ ရောက်လာခဲ့တာပဲ ယွန်းနု"

"ဘယ်မှာ တည်းသလဲ"

"ကိုယ့်အစ်မ အိမ်မှာတည်းတယ်"

"ရှင့်အစ်မအိမ်က ဘယ်နားမှာရှိလို့လဲ"

"ယွန်းနုတို့ အိမ်နားမှာရှိတယ်"





"ရှင်က ကျွန်မရဲ့ အိမ်လိပ်စာကို သိနေသလား"

"သိတာပေါ့ ယွန်းနုရဲ့၊ လွန်ခဲ့တဲ့လက ကိုယ် ပုဂံကို ရောက်သေးတယ်၊ ယုယုအေးနဲ့တွေ့ပြီး ယုယုအေးဆီက ယွန်းနုအကြောင်းတွေ စုံစမ်းလာခဲ့တာ"

ယုယုအေးပြောပြလိုက်သောကြောင့် သူမလိပ်စာနှင့် နေရာကို သူသိကြောင်းပင်။

"ယွန်းနု"

"ပြောပါ"

"ကိုယ့်ရင်ထဲမှာ အရေးတကြီး ပြောစရာတွေ အများကြီးရှိတယ်၊ အဲဒါ ကိုယ်နဲ့အပြင်ခဏလိုက်ခဲ့နိုင်မလား"

သူ့စကားကြောင့် ယွန်းနုမျက်နှာတင်းသွားသည်။ ပြီးတော့ပြောသည်။

"ဒါ ကျွန်မရဲ့ အလုပ်ချိန်၊ ဘယ်မှ မလိုက်နိုင်ဘူး"

"ဒါဖြင့် အလုပ်ချိန်ပြီးတဲ့အထိ စောင့်နေရင်ကော လိုက်နိုင်မလား ယွန်းနု"

"မလိုက်နိုင်ဘူး ဒီမြို့မှာ ယွန်းနုဝတီကို မသိတဲ့လူ မရှိသလောက်ပဲ၊ ရှင်နဲ့ ကျွန်မနှစ်ယောက်တည်းလိုက်ခဲ့ပြီး စကားပြောလို့ မဖြစ်ဘူး တစ်နေရာရာမှာ စကားသွားပြောကြရင် လူတွေမြင်ပြီး ကဲ့ရဲ့ကြလိမ့်မယ်၊ ပြီးတော့ ကျွန်မရဲ့ ဂုဏ်သိက္ခာ ကျဆင်းရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနုစကားကြောင့် သူ မချိုးမခန့် ရယ်မောလိုက်၏။

"ဪ ... ကျွန်တော် နားလည်ပါပြီ မမဒေါက်တာက ဂုဏ်သိက္ခာအတွက် အတော်လေးလေးနက်နက် ထိန်းသိမ်းတာပဲနော်၊ ဒါဖြင့် မယွန်းနုဝတီကို ကျွန်တော်စကားပြောနိုင်ဖို့ အခွင့်အရေး ဘယ်လိုများ ရနိုင်ပါ့မလဲ"

"ကျွန်မ ဖုန်းနံပါတ်ပေးထားမယ်၊ ရှင့်ပြောစရာရှိရင် ဖုန်းနဲ့ပြော"

"အိမ်ကို လာလည်ခွင့်မရှိဘူးလား၊ ခြံချင်းကပ်ဆိုတော့ လာလည်ခွင့်ရှိဖို့ကောင်းတယ်"

"ဒါဖြင့်လဲ လာလည်နိုင်ပါတယ်"

"ညနေဆေးရုံက ဘယ်အချိန် ပြန်လာမှာလဲ"

"ငါးနာရီကျော်ရင် ပြန်ရမှာပါ"

"အိုကေလေ ... ကျွန်တော်လာစောင့်နေမယ်၊ တစ်ခါတည်း အလည်လိုက်ခဲ့ဖို့ပေါ့"

စကားဆုံးသည်နှင့် သူထွက်ခွာသွားတော့၏။

သူမ ဘာမှမပြောလိုက်နိုင်မီမှာပင် သူ ထွက်ခွာသွားသောကြောင့် စိတ်ရှုပ်ထွေးစွာဖြင့် ကျန်ရစ်ခဲ့၏။

ထိုနေ့ညနေ ဆေးရုံမှပြန်ချိန်တွင် စင်ကြယ်က နေ့စဉ်ပုံမှန်လာရောက် ကြိုဆိုခဲ့သည့်အတိုင်း သူမအား စက်ဘီးဖြင့် လာရောက် ကြိုဆိုနေသည်။





စောမင်းခိုင်ကလည်း ရောက်လာသောကြောင့် စင်ကြယ်နှင့် စောမင်းခိုင်တို့ မမျှော်လင့်စွာ ဆုံမိကြသည်။

စောမင်းခိုင်က စင်ကြယ့်ကို ရုတ်တရက်မမြင်။

သူမထံသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာပြီး

"ကိုယ့်မှာကားပါလာတယ် ယွန်းနု၊ ကိုယ့်ကားနဲ့ပဲ ပြန်ကြတာပေါ့" ဟုပြောလိုက်သည်။

"ကျွန်မက နေ့စဉ်စက်ဘီးနဲ့ ပြန်နေကျပဲ ကိုစောမင်းခိုင်"

သူမ အဖြေကို ကြားလိုက်ရမှပင် သူမဘေးတွင် စက်ဘီးဖြင့် ရပ်စောင့်နေသည့် စင်ကြယ်ကို သတိပြုလိုက်မိသည်။

စင်ကြယ်ကို မြင်တော့ ရုတ်တရက်မမှတ်မိဘဲ သူ မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။ ပြီးမှ မှတ်မိသွား၏။

ယွန်းနု မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး မေးလိုက်သည်။

"ယွန်းနု ... သူက ဟိုကောင်လေးမဟုတ်လား၊ ကိုယ်တို့နဲ့ ပုဂံမှာ တွေ့ခဲ့ဖူးတဲ့ ချာတိတ်လေ"

ယွန်းနုက နည်းနည်းမှ မျက်နှာမပျက်ဘဲ ...

"ရှင်က မှတ်မိသားပဲ၊ ဟုတ်တယ် ... ပုဂံမှာ ဆုံခဲ့ကြတဲ့ ကိုစင်ကြယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက သဘောမကျသည့် မျက်လုံးများဖြင့် စင်ကြယ့်ကို အထင်တသေးကြည့်လိုက်သည်။ ပြီးတော့ပြောသည်။

"ယုယုအေး ပြောပြလို့ ပုဂံက ချာတိတ်ကို ယွန်းနု ခေါ်သွားတဲ့အကြောင်း ကြားခဲ့ရတယ်၊ ဒီကောင်က ခုတော့လဲ တသွေးတမွေး ဖြစ်နေပါလား"

သူ့ အသံက မနာလိုခြင်း၊ သဝန်တိုခြင်းများဖြင့် အက်ကွဲ၍ ခြောက်ကပ်နေသည်။

စင်ကြယ်က သူ့ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ . . .

"ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စစကားတွေ ရှည်နေတာလဲ" ဟုပြောလိုက်သည်။

သူက စင်ကြယ့်ကို အထင်တသေးကြည့်လိုက်ပြီး . . .

"ဒီမှာ . . . ချာတိတ်၊ မင်းစကားပြောတာ ရိုင်းလှချည်လား" ဟု ပြန်မေးလိုက်သည်။

"ကျုပ်ကို ချာတိတ်လို့ ခေါ်စရာမလိုဘူး၊ ခင်ဗျားရှုပ်ရှုပ်ယှက်ယှက် လာမလုပ်နဲ့ ဒါပဲ၊ လာဗျာ . . . မမ ပြန်ကြမယ်"

စကားဆုံးသည်နှင့် ယွန်းနုလက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါ်လိုက်သည်။





ယွန်းနုက သူ့ကို အားဘွံ့အားနာကြည့်ပြီး စင်ကြယ့် စက်ဘီးနောက်မှ ပါသွားလေသည်။

"တောက် . . . ရိုင်းလိုက်တာကွာ၊ ယွန်းနုလို မိန်းကလေးနဲ့ မင်းနဲ့ မတန်လိုက်တာ"

သူ ခပ်တိုးတိုးပြောလိုက်မိပြီး အပြာရောင် ဆန်နီပစ်ကပ်ကားလေးပေါ်သို့ တက်လိုက်သည်။

ပြီးတော့ သူ့ကားကို ယွန်းနုတို့ စက်ဘီးနောက်မှ မောင်းလာခဲ့မိသည်။

ယွန်းနုတို့ စက်ဘီးက ရှေ့မှ သူ့ကားကနောက်မှ . . .

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ယွန်းနု၏ ခြံကြီးအတွင်းသို့ ရောက်လာခဲ့ကြသည်။

❑ ✢ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မမ ... အဲဒီလူက ဘယ်သူလဲဟင်"

သူ စက်ဘီးနင်းလာရင်း မေးလိုက်ခြင်းရယ်ပါ။

"သူ့ကို ကိုစင်ကြယ် မမှတ်မိဘူးလား"

"ကျွန်တော်မမှတ်မိဘူး"

"ပုဂံမှာတုန်းက ကျွန်မတို့ မိန်းကလေးတစ်စုကို ဓာတ်ပုံရိုက်ပေးခဲ့တဲ့ လူထဲက တစ်ယောက်ပေါ့"

"ဪ ... သူလား၊ ကျွန်တော်မှတ်မိပြီ၊ သူက မမဆီ ဘာလာလုပ်တာလဲ"

"အလည်လာတာတဲ့"

"သူနဲ့မမ သူငယ်ချင်းတွေလား"

"မဟုတ်ပါဘူးကွာ၊ သူ့ဘာသာ ကျွန်မလိပ်စာကို စုံစမ်းပြီး ရောက်လာတာပါ"





"ဒီလူ့ကြည့်ရတာ မရိုးဘူးမမရဲ့၊ မမ သတိထားဖို့ ကျွန်တော်က သတိပေးတာပါ"

"ကျွန်မ နားလည်တယ် ကိုစင်ကြယ်၊ ရှင် စိုးရိမ်မနေနဲ့"

သူတို့စက်ဘီးလေး ခြံထဲကွေ့ဝင်လာပြီး အိမ်ရှေ့မှာ ရပ်လိုက်သည်။

စောမင်းခိုင်၏ ကားကလည်း ခြံထဲသို့ လိုက်ဝင်လာပြီး သူမ အိမ်ရှေ့မှာပင် ရပ်လိုက်၏။

ယွန်းနုက သူ့ကို လှည့်မကြည့်သောကြောင့် စောမင်းခိုင် မခံမရပ်နိုင်ဖြစ်ပြီး ယွန်းနုနောက်မှ လိုက်လာခဲ့သည်။

"ဘယ်လိုလဲ ယွန်းနု၊ ဧည့်သည်ကို အိမ်ထဲဝင်ပါလို့ မခေါ်တော့ဘူးလားဗျာ"

သည်တော့မှ ယွန်းနုမခေါ်ချင်သော်လည်း အားနာသည့် ပုံစံဖြင့် ...

"ဪ ... ကိုစောမင်းခိုင် အိမ်ထဲဝင်နိုင်ပါတယ်၊ ကျွန်မ မေမေနဲ့ မိတ်ဆက်ပေးမယ်လေ"

သူက ဝမ်းသာအားရ အမူအရာဖြင့် ယွန်းနုနောက်မှ အိမ်ထဲ လိုက်ဝင်လာလေသည်။

မေမေက ယွန်းနုအပြန်ကို စောင့်ကြိုနေရာမှ ညည့်



www.burmeseclassic.com

www.burmeseclassic.com



သည့်လူစိမ်းကို မြင်လိုက်ရသောကြောင့် ပြုံးပြလိုက်သည်။

"ကိုစောမင်းနိုင် ဧည့်ခန်းထဲမှာ ထိုင်ပါဦး"

စောမင်းနိုင်က ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်တွင် ကျနွှေရရ ဝင်ထိုင်လိုက်သည်။

"ဒါ ကျွန်မ မေမေ ဒေါ်မညွှန့်ပါ ကိုစောမင်းနိုင်၊ မေမေ့ သူက သမီးရဲ့မိတ်ဆွေ ကိုစောမင်းနိုင်ပါ၊ ယုယုအေးတို့ဆီ သွားလည်တုန်းက ပုဂံမှာတွေ့ပြီး သိခဲ့ကြတာပါမေမေ"

သူမ မိတ်ဆက်ပေးလိုက်သည်။

ဒေါ်မညွှန့်က ဖော်ရွေသော အမူအရာဖြင့် ခေါင်းညိတ်ပြုံးပြနေစဉ်မှာပင် စောမင်းနိုင်က ...

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ၊ ကျွန်တော်က တောင်ငူကို အလည်ရောက်လာတဲ့ သူပါ၊ ခေါင်းရင်းကပ်လျက် ခြံက ဒေါ်စောမိဟာ ကျွန်တော့် ကြီးတော်ပါပဲ၊ ခင်ခင်စောက ကျွန်တော့် အစ်မပါ"

သူ့စကားကြောင့် မညွှန့်အံ့အားသင့်သွားသည်။

ဒေါ်စောမိနှင့်ခင်ခင်စောတို့က ဒေါ်မညွှန့်၏ ရင်းနှီးသော မိတ်ဆွေရင်းချာများပင် မဟုတ်ပါလား ...

"မင်းက တောင်ငူဇာတိလားကွယ့်"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော့်ကြီးတော်က ကောင်ငူဇာတိပါ၊ ကျွန်တော့်မမက ကြီးတော်နဲ့ လာနေတာပါ"

"ဪ ... ဟုတ်လားကွယ်၊ မစောမိနဲ့ အန်တီက ခင်မင်ရင်းနှီးပြီး တစ်ဦးကိုတစ်ဦး အကူအညီပေးနေကြတဲ့ မိတ်ဆွေရင်းချာတွေပါ၊ မင်းလဲရောက်တုန်းရောက်ခိုက် အန်တီတို့ အိမ်ကို ကိုယ့်ဆွေမျိုးရင်းချာလို သဘောထားပြီး သွားလာဝင်ထွက်နိုင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ ... အခုလိုကြားရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် အန်တီ"

ဒေါ်မညွှန့်က သမီးဖြစ်သူဘက်လှည့်၍ ပြောလိုက်သည်။

ကဲ ... ကဲ သမီးဧည့်သည်အတွက် စားစရာတစ်ခုခု လုပ်ပါကွယ်"

"ကိစ္စမရှိပါဘူး အန်တီ"

"ရောက်တုန်းရောက်ခိုက် တောင်ငူအစားအစာလေးတွေ ကျွေးပါရစေဦးကွယ်"

ယွန်းနုက ထမင်းစားခန်းရှိရာ ်လာခဲ့ပြီး အိမ်ဖော်မလေးမိချိုအား စားစရာ တစ်ခုခုယူလာရန် မှာလိုက်သည်။

ပြီးကော့ အဝတ်လဲရန် သူမအခန်းရှိရာသို့ ဝင်လာခဲ့၏။

ဘလောက်စ်အင်္ကျီပန်းရောင်ပွင့်၊ ပါတိတ်အညိုရောင်







www.burmeseclassic.com

www.burmeseclassic.com

အမွှင့်တို့ကို ဝတ်ဆင်ပြီး ဆံထုံးကို ဖြေ၍ ဆံပင်တွေကို စည်းလိုက်သည်။

ပြီးတော့ ညည့်ခန်းရှိရာ ထွက်လာခဲ့သည်။

"တောင်ငှပဲလှော်ရယ်၊ တောင်ငှကရေကရာ သုံးဆောင်လိုက်ပါဦး ကိုစောမင်းခိုင်၊ ထန်းသီးမုန့်လဲ ကောင်းတယ်"

ယွန်းနု ပြောလိုက်သည်။

ဒေါ်မဥ္စူက ရေနွေးကြမ်းပန်းကန်လုံးထဲသို့ ရေနွေးကြမ်း ငှဲ့ထည့်ပေးလိုက်ပြီး

"ရေနွေးကြမ်းပူပူလေးနဲ့ သုံးဆောင်လိုက်ပါဦး မောင်စောမင်းခိုင်"

"ကျေးဇူးတင်ပါတယ် အန်တီ"

သူပြောလိုက်ပြီး ဝမ်းသာအားရ အမူအရာဖြင့် ပဲကြီးလှော်များကို တကျွတ်ကျွတ် ဝါးနေပါတော့သည်။

ယွန်းနုက သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်နေမိ၏။

သူ့ပုံစံက ယောကျ်ားပီသပြီး ကြည့်ရမဆိုးလှပေ။

ဒေါ်မဥ္စူနှင့် စကားပြောနေရင်း သူ့မျက်ဝန်းများက ယွန်းနုထံသို့ ရောက်လာတတ်သည်။





ယွန်းနုကို သဘောကျ နှစ်ခြိုက်စွဲမက်နေသည့် အမူအရာများက မဖုံးဖိနိုင်လောက်အောင် ပေါ်လွင်နေသည် မဟုတ်ပါလား . . .

ထိုစဉ် ယွန်းခက်ဝတီ ဈေးမှ ပြန်ရောက်လာသည်။

သူ့ကို စင်ကြယ်က ကြိုလာခဲ့ခြင်းဖြစ်၏။

"ဟဲ့ . . . ဟိုမောင်နှမ ပြန်ရောက်လာကြပြီလား"

ဒေါ်မဥ္စူ၏ တရင်းတနှီးမေးလိုက်ပုံကြောင့် စောမင်းခိုင် မျက်နှာ အတော်ပျက်သွားသည်။

"စင်ကြယ်က သူ့မမကို ကြိုပြီး အိမ်ပြန်ရောက်တာနဲ့ သူ့မမကြီးကို ကြိုဖို့ ချက်ချင်းပြန်ထွက်သွားရတာ၊ ဟော. . . အထုပ်အပိုးတွေ သယ်ချနေပြန်ပြီ၊ ကျူပ်သားလေး သိပ်လိမ္မာတာ"

စင်ကြယ့်ကိုကြည့်ပြီး ချီးမွမ်းမဆုံးဖြစ်နေသည့် ဒေါ်မဥ္စူကြောင့် စောမင်းခိုင် အနေရအထိုင်ရခက်သလို ဖြစ်နေမိသည်။

ထိုကြောင့် နှုတ်ဆက်၍ ပြန်သွားတော့၏။

၁ ✥ ၁


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ထိုနေ့ည။

ယွန်းနုဝတီ ဘုရားရှိခိုးနေစဉ် တယ်လီဖုန်းသံကြား လိုက်ရ၏။

ဒေါ်မချု တယ်လီဖုန်းကောက်ကိုင်ပြီး နားမှာ ကပ်လိုက်သည်။

"ဟယ်လို ... မယွန်းနုရှိပါသလား"

တစ်ဖက်မှ အသံစိမ်းကြောင့် ဒေါ်မချုမျက်မှောင်ကုတ်ပြီး စဉ်းစားလိုက်၏။

"ကျွန်တော်ပါ အန်တီ၊ ညနေက အန်တီတို့ အိမ်ကို အလည်လာသွားတဲ့ စောမင်းနိုင်ပါ"

"ဪ ... မောင်စောမင်းနိုင်လား၊ တယ်လီဖုန်းနံပါတ် မစောတို့ကို မေးပြီး ဆက်တာလား"





"ဟုတ်ပါတယ် အန်တီ၊ ယွန်းနုနဲ့ ခဏပြောခွင့်ပြုပါ"

"ယွန်းနုဘုရားရှိခိုးနေလို့ ၊ နာရီဝက်လောက်ကြာမှ ပြန်ပြီး ဆက်လိုက်ပါကွယ်"

"ဟုတ်ကဲ့ ... အန်တီ၊ ကြီးကြီးစောက အန်တီနဲ့ စကားမပြောရတာ ကြာပြီမို့ စကားခဏ ပြောချင်လို့တဲ့"

"ဟုတ်လား"

ထိုစဉ် ဒေါ်စောမိ ဖုန်းခွက်ကို လှမ်းယူပြီး ပြောလိုက်သည်။

"မချုလား ... နေကောင်းတယ်နော်"

"ကောင်းပါတယ် မစောရယ်၊ မစောနဲ့တောင် မတွေ့ရတာ အတော်ကြာပြီ၊ မစောလဲအလည်မလာတာတောင် ကြာပြီနော် "

"ကျွန်မလဲ အလုပ်တွေ မအားတာနဲ့ မလာဖြစ်တာပါ မချုရယ်၊ ဒါပေမယ့် အမြဲသတိရနေတယ်၊ မချုတို့ကို နေ့စဉ် မြင်တွေ့နေရတော့လဲ ကျန်းကျန်းမာမာ ရှိနေတယ်ဆိုတာ သိနေတယ်လေ"

"တစ်နေ့ဆုံကြရအောင်နော် မစော၊ မြတ်စောညီနောင်ဘုရားသွားဖူးကြရင်း ပျော်ပွဲစားထွက်ရင် ကောင်းမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ စီစဉ်လိုက်လေ၊ မမဥ္ဇူတို့ အားတဲ့နေ့ သွားကြတာပေါ့၊ အခုအိမ်မှာ ရန်ကုန်က တူလေးတစ်ယောက် ရောက်နေတယ်၊ ညနေကတောင် မမဥ္ဇူတို့ အိမ်ကို အလည်လာသွားသေးတယ်"

"မစောတူက လူချောလေးပါ၊ ရည်ရည်မွန်မွန်နဲ့ စကားပြောတာ ယဉ်ကျေးသိမ်မွေ့တယ် မစောရဲ့"

"အဲဒီကိစ္စ မမဥ္ဇူကို အသိပေးရဦးမယ်၊ ကျွန်မတူလေး အလည်ရောက်လာတဲ့ ကိစ္စက နည်းနည်းထူးဆန်းနေတယ်"

"ဟုတ်လား ပြောပါဦး၊ ဘယ်လိုများထူးဆန်းနေသလဲ လို့"

"ကျွန်မပြောမယ့်စကားကို ကြားရင် မမဥ္ဇူ စိတ်မဆိုးရဘူးနော်"

"ပြောပါ ... မစောရယ်၊ စိတ်ဆိုးရမယ့်သူတွေမှ မဟုတ်တာ"

ဒေါ်စောမိက အားတုံ့အားနာ ရယ်မောလိုက်သည်။ ပြီးတော့ ပြောလိုက်သည်၊

"ကျွန်မတူလေးက ဒေါက်တာမလေး ယွန်းနုအပေါ် မေတ္တာရှိနေတယ်တဲ့၊ အဲဒါကျွန်မကနေတဆင့် နားဖောက်နိုင်ဖို့ ရောက်လာတာ"



ဒေါ်စောမိစကားကြောင့် ဒေါ်မဥ္ဇူငြိမ်သက် တိတ်ဆိတ်သွားသည်။

"စိတ်မရှိနဲ့နော် မမဥ္ဇူ၊ တူလေးကရောက်ရောက်လာချင်း နားပူနားဆာလုပ်လွန်းလို့ပါ"

"စိတ်မဆိုးပါဘူး မစောရဲ့၊ ဒါသဘာဝပဲလေ၊ အချိုကို လူပျိုကချစ်တာ ဘာဆန်းသလဲ၊ သူတို့ချင်း ဆွေးနွေးပြီးမှ ကျွန်မတို့ ပြောကြရင် မကောင်းဘူးလား"

"ဒါဖြင့်လဲ ဆွေးနွေးခွင့်ပေးလိုက်ပေါ့ မမဥ္ဇူရယ်"

"အိုကေလေ မစော၊ ခဏကြာ သူတို့ချင်းမိတ်ဆက်ကြလိမ့်မယ်၊ ဒါပဲနော်"

"ဟုတ်ကဲ့ ... ဒါပါပဲ မမဥ္ဇူ"

ဒေါ်မဥ္ဇူ ဖုန်းချလိုက်သည်။

ဒေါ်စောမိထံမှ စောမင်းနိုင်အကြောင်းကို ကြားလိုက်ရသောကြောင့် သမီးဖြစ်သူနှင့် သင့်မသင့် စဉ်းစားနေမိသည်။

စောမင်းနိုင်က မျိုးရိုးအနေနှင့်တော့ မခေလှပေ။

သူ့အလုပ်အကိုင်နှင့် အကျင့်စာရိတ္တကို လေ့လာရဦးမည်။ ပြီးမှ သမီးဖြစ်သူနှင့် သဘောတူသင့် မတူသင့် ဆုံးဖြတ်ရမည် မဟုတ်ပါလား ...

ခဏကြာတော့ ယွန်းနု ဘုရားရှိခိုးပြီး ညှော်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။

"သမီးရေ ... ခုနက ဖုန်းလာတယ်"

"ဘယ်သူ့ဆီကလဲ မေမေ"

"မောင်စောမင်းနိုင်ဆီကလာတဲ့ဖုန်း။ အဲဒါ ခဏကြာမှ ပြန်ဆက်ဖို့ မေမေပြောလိုက်တယ်"

"ဟုတ်လား မေမေ"

ထိုစဉ် တယ်လီဖုန်းသံ မြည်လာ၏။

ယွန်းနု စိတ်မပါသလို ဖုန်းကို လှမ်းယူလိုက်သည်။

"ဟယ်လို"

"ယွန်းနုလား ... ကိုယ်ပါ"

"ရှင်ဘာပြောမလို့လဲ ပြောလေ"

"ယွန်းနုကို ကိုယ်တောင်းထားတဲ့ အဖြေသိခွင့်ရှိပြီလား"

သူ့အသံက မျှော်လင့်ချက်ဖြင့် တက်ကြွရွှင်လန်းနေသည်။

သူ့အမေးကို ယွန်းနု ရုတ်တရက် မဖြေဘဲ စဉ်းစားနေမိသည်။

ထိုစဉ် ခြံထဲမှ စင်ကြယ်ပြန်ဝင်လာပြီး ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်လိုက်သည်။





ပြီးတော့ ယွန်းနု စကားပြောနေတာကို ငေးကြည့်နေ၏။

"ပြောပါဦး ... ယွန်းနု၊ ယွန်းနုကို ကိုယ်လက်ထပ်ခွင့်တောင်းထားတာ၊ အဖြေကို ရှင်းရှင်းလင်းလင်း သိချင်ပြီ"

"ရှင်းရှင်းလင်းလင်း သိချင်ရင်တော့ တစ်ခါတည်း ပြောလိုက်မယ်လေ၊ ရှင့်ကို စိတ်မဝင်စားဘူး"

သူမ အသံကို အတတ်နိုင်ဆုံး ပျော့ပျောင်းညင်သာအောင်ကြိုးစားပြီး ပြောလိုက်သည်။

"ဗျာ ... ကျွန်တော့်ကို စိတ်မဝင်စားဘူး ဟုတ်လား။ ဒါဖြင့် ဘယ်သူ့ကို စိတ်ဝင်စားလို့လဲ"

"ရှင်ဘာစကားပြောတာလဲ ... ရိုင်းလှချည်လား"

"ရိုင်းစိုင်းတဲ့ သဘောနဲ့ မေးတာမဟုတ်ပါဘူး။ သိချင်လို့ပါ ယွန်းနုရယ်"

"ရှင်သိဖို့မလိုဘူးထင်တယ်"

"ကိုယ်သိပ်သိသင့်တာပေါ့၊ ကိုယ်လက်ထပ်ခွင့်တောင်းနေတဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်ရဲ့တောင်းဆိုမှုကို ငြင်းပယ်လိုက်တယ်ဆိုတော့ ကိုယ်ကလွဲပြီး ဘယ်သူ့ကို စိတ်ဝင်စားနေသလဲဆိုတာ သိပ်သိသင့်တာပေါ့"

"ရှင်သိချင်လဲ မတတ်နိုင်ဘူး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူမ ဒေါသပြစ်စွာ ဖုန်းချလိုက်သည်။

စင်ကြယ်က သူမကို ငေးကြည့်နေရာမှ စိတ်လှုပ်ရှားသွားသည့် အမူအရာဖြင့် ...

"မမ ... ဘယ်သူ့ဖုန်းလဲ"

"မိတ်ဆွေတစ်ယောက်ဆီကပါကွယ်"

"ကျွန်တော့်ကို မညာရဘူးနော်"

"ကိုစင်ကြယ် ရှင်ဘာတွေ ပြောနေတာလဲ၊ ရှင်နဲ့ မဆိုင်ကဲ့ ကိစ္စကို ရှင်မေးစရာမလိုဘူး၊ သေချာမှတ်ထားနော်"

"ညနေကလာကဲ့ လူဆက်တာလို့ ကျွန်တော်ထင်တယ်၊ ဒါကြောင့် မေးတာပါမမ"

"ဘယ်သူပဲ ဆက်ဆက်ရှင်မေးစရာမလိုဘူး"

စကားဆုံးသည်နှင့် သူမ ဧည့်ခန်းထဲမှ ထွက်လာခဲ့ပြီး အိမ်ကြီးအပေါ်ထပ်သို့ တက်လာခဲ့လေသည်။

စင်ကြယ်က မျက်နှာညှိုးညှိုးဖြင့် ကျန်ရစ်ခဲ့သလို ဒေါ်မငြိမ်းလည်း သူမကို နားမလည်နိုင်စွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

❑ ✣ ❑





## အခန်း (၁၁)

သုံးရက်ခန့်အကြာတွင် စောမင်းခိုင်နှင့် သူ၏ အဒေါ်တို့ ရောက်လာခဲ့ကြသည်။

ထိုနေ့က တနင်္ဂနွေနေ့မို့ ယွန်းနုလည်း ဆေးရုံမသွားဘဲ အိမ်မှာပင် ရှိနေ၏။

ယွန်းခက်ဝတီလည်း ဈေးပိတ်ရက်မို့ အိမ်မှာပင် စုပြီး မုန့်ဟင်းခါးချက်စားနေကြ၏။

ထိုနေ့ နံနက် တပျော်တပါး မုန့်ဟင်းခါးစားနေကြစဉ် စောမင်းခိုင်တို့ တူဝရီး ရောက်လာကြသည်။

"ဧည့်သည်လာတယ် မမညိုရေ အိမ်လုံးကျွတ်လာတာ နော်၊ ကျွန်မရယ်၊ ကျွန်မတူမလေးရယ်၊ တူလေးရယ် အားလုံး လာကြတာနော်"

စောမင်းခိုင်နှင့် ဒေါ်စောမိ၊ ခင်ခင်စောတို့ သုံးဦးလုံး



www.burmeseclassic.com

www.burmeseclassic.com

ရယ်မောပျော်ရွှင်နေသည့် မျက်နှာများဖြင့် ရောက်လာကြသည်။

"မုန့်ဟင်းခါး စားကြပါဦး၊ မိချိုရေ ဧည့်သည်တွေအတွက် မုန့်ဟင်းခါးပြင်လိုက်ပါကွယ်၊ တစ်ခါတည်း ဝင်စားကြပါစေ"

ဒေါ်မသျှုက အိမ်ဖော်မလေး မိချိုကို ကြည့်ပြီး လှမ်းပြောလိုက်၏။

စောမင်းနိုင်က ယွန်းနုနှင့် စင်ကြယ်တို့နှစ်ဦး မုန့်ဟင်းခါး စားနေတာကို လှမ်းကြည့်ပြီး . . .

"ယွန်းနု . . . ဧည့်သည်တွေကို မုန့်ဟင်းခါးစားဖို့ မခေါ်တော့ဘူးလား" ဟု မေးလိုက်သည်။

ယွန်းနုက လှမ်းကြည့်လိုက်ပြီး ဘာမှ မပြောဘဲ မုန့်ဟင်းခါးကို ဆက်စားနေသည်။

စင်ကြယ်က သူ့ကို မျက်နှာထားတင်းတင်းဖြင့် လှမ်းကြည့်လိုက်သောကြောင့် သူအတော် မခံချိမခံသာ ဖြစ်သွားသည်။

သို့သော် အများရှေ့မှာမို့ ဘာမှ မပြောသာဘဲ မသိသလို ဟန်ဆောင်နေလိုက်သည်။

ယွန်းခက်ဝတီက ဖော်ရွေသော အပြုံးဖြင့် ထိုင်ရာမှ ထပြီး ဧည့်သည်များအတွက် မုန့်ဟင်းခါး ပန်းကန်များကို





ထည့်ပေးသည်။

"ကဲ အားလုံး သုံးဆောင်ကြ၊ ဒါက ခက်တို့ ညီအစ်မနှစ်ယောက်ရဲ့ လက်ရာပဲ"

"သူငယ်ချင်း ဂက်ရာမို့ အားပေးလိုက်ရဦးမယ်" ဟု ခင်ခင်စောက ပြောလိုက်သည်။

ခက်နှင့်ခင်ခင်စောတို့က ခြံချင်းကပ်လျက်မို့ သူငယ်ချင်းများ ဖြစ်ကြသည်။

ဒေါ်စောမိက မုန့်ဟင်းခါးကို မြိန်ယှက်စွာ စားသောက်နေရာမှ "အရသာရှိလိုက်တာ၊ တူမကြီးခက်ရဲ့ လက်ရာက ပထမတန်းစားပဲဟေ့၊ နောက်ဆို အမြဲစားရတော့မှာမို့ ဝမ်းသာစရာပဲကွယ်"

ဒေါ်စောမိစကားကြောင့် ခက်က မျက်လုံးလေးနှစ်ဖက် ပင့်လိုက်ပြီး

"အန်တီ စားချင်ရင် အချိန်မရွေး မှာလိုက်ပါ ခက် ချက်ပြီး လာပို့ပေးမှာပေါ့" ဟု သဘောရိုးနှင့် ပြောလိုက်သည်။

"အိုး . . . အန်တီပြောတာ ဒီသဘောမျိုး မဟုတ်ပါဘူးကွယ်"

ဒေါ်စောမိစကားကြောင့် အားလုံး ဒေါ်စောမိမျက်နှာကို ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အန်ကီပြောတာက နောက်ဆိုရင် နှစ်အိမ်တစ်အိမ် ရွှေလမ်းငွေလမ်း ဖောက်တော့မယ်ဆိုတဲ့ အကြောင်းပါ၊ နှစ်အိမ်တစ်အိမ် အတူတူပဲဖြစ်တော့မှာ မဟုတ်လား"

"ရှင်"

ခက်အံ့ဩလွန်းသဖြင့် ဒေါ်စောမိမျက်နှာကို ကြည့်လိုက်မိသည်။

ဒေါ်စောမိက ယွန်းနုကို လှမ်းကြည့်ပြီး ခနိုးခနဲ့ရယ်မောလိုက်သည်။

ဒေါ်စောမိ စကားများ သိပ်လွန်လာပါက ယွန်းနု စိတ်ဆိုးမှာကို စိုးရိမ်သဖြင့် စောမင်းနိုင်က စကားလွှဲလိုက်သည်။

"အခုလာရတဲ့အကြောင်းကို ပြောရဦးမယ် ယွန်းနု"

"ဘာများလဲ"

"သံတောင်မှာနေတဲ့ ကိုယ့်ရဲ့အဘိုး နေမကောင်းဖြစ်နေတာကို ဒေါက်တာယွန်းနုဝတီ လိုက်ကြည့်ပေးဖို့ အကူအညီ တောင်းချင်လို့ပါ"

ယွန်းနုက ရုတ်တရက် အဖြေမပေးဘဲ တွေဝေစဉ်းစားနေလေသည်။

ဒေါ်မဥ္ဇူက အားနာတတ်သူပီပီ သမီးဖြစ်သူအား လှမ်းကြည့်ပြီး

"သြော် ... ကူညီလိုက်ပါ သမီးရယ်၊ အသက်ကြီး





တဲ့ အဘိုးတစ်ယောက်ကို လိုက်ကြည့်ပေးရင် ကုသိုလ်ရတာပေါ့ကွယ်" ဟု ပြောလိုက်သည်။

ယွန်းနုက ဘာမှ ပြန်မပြောသောကြောင့် ယွန်းခက်ဝတီက

"ဟုတ်သားပဲ ယွန်းနုရယ်၊ သွားကြည့်ပေးလိုက်ပါကွယ်" ဟု ပြောလိုက်သည်။

စောမင်းနိုင်က ယွန်းနုကို အကဲခတ်ကြည့်နေရာမှ ...

"ယွန်းနုလိုက်ကြည့်ပေးမယ်ဆိုရင်လဲ ဒီကနေ့ပဲ လိုက်ခဲ့ပေးပါ၊ ဒီနေ့ Sunday ဆိုတော့ ယွန်းနုအားတယ်မဟုတ်လား"

ယွန်းနု စိတ်မပါသလို ခေါင်းညိတ်လိုက်ပြီးမှ ...

"ကျွန်မ အဖော်တစ်ယောက်ခေါ်ပြီး လိုက်ခဲ့ပေးမယ်" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ယွန်းနုစကားကြောင့် စောမင်းနိုင်ထဲမှာ တင်းခနဲဖြစ်သွားသော်လည်း မသိဟန်ဆောင်၍ ကြိုးစားပြုံးလိုက်သည်။

"ရပါတယ် ယွန်းနုရဲ့၊ အဖော်တစ်ယောက်မကလို့ ဆယ်ယောက်ပဲခေါ်ခေါ်၊ အန်တီနဲ့မမခက်ပါ လိုက်ခဲ့ကြပါလား"

www.burmeseclassic.com

www.burmeseclassic.com

"အန်တီက နေပူထဲသွားလို့ မဖြစ်ပါဘူးကွယ်၊ သွေးတိုးတယ်၊ ခက်ကလဲ ဈေးပိတ်တဲ့ရက်ကလေးမှာ စာရင်းတွေလုပ်ရ လိုအပ်တဲ့အထည်လေးတွေ ပြေးဝယ်ရန်နဲ့ အားလပ်တယ်ကို မရှိဘူး၊ ယွန်းနုနဲ့ မောင်စင်ကြယ်ကို လူနာကြည့်ဖို့ထည့်ပေးလိုက်ပါ့မယ်"

ဒေါ်မဥ္ဇူစကားကြောင့် သူ အတော်မကျေမနပ်ဖြစ်သွားသည်။

စင်ကြယ့်ကို မခေါ်လိုသော်လည်း ဘယ်လိုမှ ငြင်းရန်မကောင်းသောကြောင့် ထိုအစီအစဉ်ကိုပင် သဘောတူလိုက်ရသည်။

"ကြီးကြီးနဲ့မမကော လိုက်ခဲ့ကြပါလား"

သူ့ကြီးတော်နှင့် အစ်မဖြစ်သူဘက်လှည့်ပြီး ပြောလိုက်ခြင်းပါ၊ သို့သော် ဒေါ်စောမိနှင့်ခင်ခင်စောတို့နှစ်ယောက်လုံး ခေါင်းခါယမ်းလိုက်ကြသည်။

"ငါက စာကျက်ရဦးမှာ၊ စာအုပ်နဲ့ မျက်နှာခွာရတယ်လို့ကို မရှိဘူး"

သင်တန်းပေါင်းစုံတက်ပြီး စာမေးပွဲမျိုးစုံဖြေနေသည့် ခင်ခင်စောက ခေါင်းတခါခါဖြင့် ပြောလိုက်၏။

"ကြီးကြီးလဲ ဟိုတလောကပဲ သံတောင်မြို့သစ်ကို ရောက်တယ်၊ မင်းအဘိုးအတွက် ဝယ်ထားတဲ့ အစား





အသောက်တွေ ယူသွားပေါ့ကွယ်"

"ဒါဖြင့် ကျွန်တော် ကားသွားယူပြီး ပြန်လာခဲ့မယ်၊ ကြီးကြီး စားစရာတွေပေးချင်ရင်တစ်ခါတည်းလိုက်ခဲ့ပါလား"

"အေး ကောင်းသားပဲ"

တူဝရီးနှစ်ယောက် ပြောပြောဆိုဆို ထပြန်သွားကြ၏။

စင်ကြယ်က ယွန်းနုကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"မမ ... ကျွန်တော်တို့ အခုပဲ သွားကြမှာလား"

"ဟုတ်တယ် ... အခုသွားမှာ၊ ကိုစင်ကြယ် အဝတ်တွေ သွားလဲပြီး အဆင်သင့် ပြင်ဆင်ထားပါ"

"အိုကေ ... အိုကေ"

စင်ကြယ်က အဝတ်လဲရန် သူ့အခန်းရှိရာ တိုက်အပေါ်ဆုံးထပ်သို့ တက်သွားသည်။

ယွန်းနုလည်း သူမအခန်းရှိရာ ဝင်လာပြီး ရေမိုးချိုးကာ ပြင်ဆင်ခြယ်သနေသည်။

အညိုရောင်ပါတိတ်ဝမ်းဆက်ကို ဝတ်လိုက်ပြီး ဆံပင်တွေကို နောက်တွဲဆံထုံး ထုံးလိုက်၏။

ပါဝါမျက်မှန်တစ်လက်ကို ယူတပ်လိုက်ပြီး ဆေးသေတ္တာ (အတက်ချိုကေ့စ်)လေးကို ဆွဲ၍ အခန်းထဲမှ ထွက်လာခဲ့သည်။

❑ ✣ ❑


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com



F -

## အခန်း (၁)

သံတောင်မြို့သစ်သည် တောင်ငူမှ ဆယ့်သုံးမိုင်ခန့် ကွာဝေး၏။

ပသိချောင်းရေတံခွန်က သံတောင်မြို့သစ်တွင်ရှိသည်။

သံတောင်မြို့သစ်အနီးတစ်ဝိုက်တွင် စပါးစိုက်သော လယ်ကွင်းငယ်အချို့ကို တွေ့ရ၏။

သူတို့စီးလာသော ကားလေးသည် လယ်ကွင်းပြင်နှင့် စိုက်ခင်းအချို့ကို တရွေ့ရွေ့ဖြတ်ကျော်လာခဲ့သည်။

ကော်ဖီ၊ သံပုရာ၊ လိမ္မော်၊ ချဉ်ပေါင်၊ ဖာလာ၊ ကွမ်းသီး၊ ငှက်ပျော၊ ကွမ်းရွက်၊ ကြက်မောက်၊ ယိုင်ချိုး၊ ဒူးရင်း၊ မင်းဂွတ် အစရှိသော သီးနှံများကို စိုက်ပျိုးကြသည်။

ကားကို ပသိချောင်းအနီးရှိ အိမ်ကလေးတစ်အိမ်အနီးတွင် ရပ်လိုက်သည်။

ပြီးတော့ ကားသော့ကို စောမင်းနိုင် ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ပဲ ယွန်းနု၊ အဘိုးက အတော်ဖျားနေတာ"

အိမ်ကလေးထဲသို့ စောမင်းနိုင်က ဦးဆောင်ပြီး ယွန်းနု နှင့် စင်ကြယ်တို့ကို ခေါ်လာခဲ့သည်။

အိမ်ကလေး၏အရှေ့ခန်းတွင် အသက်ရှစ်ဆယ်နီးပါး အရွယ် အဘိုးအိုတစ်ယောက်နှင့် ထိုအဘိုးအိုကို ပြုစုနေသည့် အမျိုးသမီးကြီးတစ်ဦးတို့ကို တွေ့လိုက်ရသည်။

"အဘိုး ... ကျွန်တော် ဆရာဝန်ခေါ်လာခဲ့တယ်၊ အဘိုး ဘာမှ အားမငယ်နဲ့တော့"

စောမင်းနိုင်က အဘိုးအို ခုတင်အနီးရှိ ကုလားထိုင် ဟောင်းတစ်လုံးပေါ်တွင် ဝင်ထိုင်ပြီး ပြောလိုက်သည်။

အဘိုးက ယွန်းနုကို လှမ်းကြည့်ပြီး ခေါင်းညိတ်၍ ပြုံးသည်။

"သူက ဒေါက်တာယွန်းနုဝတီတဲ့၊ ယွန်းနု ဒါ ကိုယ့် ဘိုးဘိုးပဲ"

ယွန်းနုက အဘိုးအိုကို ကြည့်ပြီး ...

"အဘိုး အသက်ဘယ်လောက်ရှိပြီလဲ"ဟု မေးလိုက် သည်။

"ခုနစ်ဆယ့်ကိုးနှစ်ရှိပြီ" ဟု အဘိုးအိုက ပြန်ပြောလေ သည်။





ယွန်းနုက အဘိုးအိုအား နားကြပ်ဖြင့်ထောက်၍ စမ်း သပ်လိုက်သည်။

"မမ ... ကျွန်တော်ရှေ့က ချောင်းစပ်ကို ခဏသွား ကြည့်မယ်နော်"

ယွန်းနုအနီးတွင် အဘိုးအိုအပြင် အသက်ခြောက်ဆယ် ကျော်အရွယ် အဘွားကြီးတစ်ယောက်ပါ ရှိနေသောကြောင့် သူ စိတ်ချလက်ချ ပြောလိုက်ခြင်းရယ်ပါ။

သူ့စကားကြားတော့ ယွန်းနု ခေါင်းညိတ်လိုက်၏။

စင်ကြယ်က ပသိချောင်းရေတံခွန်ရှိရာသို့ ဆင်းသွား သည်။

ပသိချောင်းထဲတွင် ရေချိုးဆိပ်သဖွယ်နေရာလေးက သာယာတိတ်ဆိတ်လျက်ရှိ၏။

ကျောက်တုံးကြီးငယ်အသွယ်သွယ်တို့က သဘာဝအလှ တစ်ခုအဖြစ် ရှိနေကြ၏။

ကျောက်တုံးများအကြားတွင် ပသိချောင်းရေအလျင် သည် တသွင်သွင်စီးဆင်းနေ၏။

ချောင်းကမ်းပါးတစ်လျှောက်လုံး သစ်ပင်တွေအုံ့ဆိုင်း နေသောကြောင့် ချောင်းထဲမှာ အရိပ်အာဝါသ ကောင်းလှ သည်။

ပသိချောင်းသည် ရေစီးသန်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကြီးတစ်တုံးပေါ်တွင် စင်ကြယ် ထိုင်လိုက်ရင်း ပသိချောင်းအလှအပကို ငေးမောကြည့်ရှုနေမိသည်။

သူ့ခြေထောက်နှစ်ဖက်ကို ချောင်းရေထဲသို့ နှစ်ချထားလိုက်သောကြောင့် အေးစိမ့်သောအရသာကို ခံစားလိုက်ရသည်။

ကျောက်တုံးများကို အဟိုင်းသားမြင်နေရ၏။

သူတစ်ယောက်တည်း ထိုင်ပြီး တွေးချင်ရာ လျှောက်တွေးနေမိ၏။

အချိန်ဘယ်လောက်ကြာသွားသည်မသိ။

"ကိုစင်ကြယ် ... ကိုစင်ကြယ်" ဆိုသည့် အော်ခေါ်သံကို ကြားလိုက်ရမှပင် ထိုင်နေရာမှ လှည့်ကြည့်လိုက်မိသည်။

သူ့ထံသို့ အလျားဖားလျား ပြေးလာသည့် သူမကို တွေ့လိုက်ရသောကြောင့် သူ အံ့သြပြီး ထိုင်ရာမှ ထရပ်လိုက်မိသည်။

"ဘာဖြစ်လို့လဲ မမ"

စိုးရိမ်တကြီး မေးလိုက်မိပြီး သူမထံ အပြေးတစ်ပိုင်းခြင်း လျှောက်လာခဲ့သည်။

သူမနောက်မှ စောမင်းခိုင် ပြေးလိုက်လာတာကို တွေ့လိုက်ရသည်။





"ဘယ်လိုဖြစ်တာလဲ မမ၊ ကျွန်တော့်ကို ပြောပါဦး"

ယွန်းနုက တစ်ကိုယ်လုံး ဘဆတ်ဆတ်တုန်ယင်နေရာမှ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လိုက်ပြီး

"ဒီလူယုတ်မာပေါ့ ...၊ မမကို ဆွဲလားရမ်းလားနဲ့ မတရားကြံစည်ဖို့ ကြိုးစားလို့ မမ ထွက်ပြေးလာတာ"

ယွန်းနု စကားကြောင့် သူ့မျက်ဝန်းတွေ ပြူးကျယ်သွားပြီး ...

"ဘာ ... ခင်ဗျား လူပါးဝလှချည်လား။ ခင်ဗျားအဘိုးကို လာကြည့်တဲ့ကျေးဇူးကိုတောင်မထောက်ဘဲ ရိုင်းလှချည်လား"ဟု ဒေါသတကြီး ပြောလိုက်သည်။

စောမင်းခိုင်က သူ့ကို မထီတရီ ကြည့်လိုက်ပြီး ...

"ဟောကောင် ... စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်တဲ့နေရာမှာ ဆေးရိုးသည်က ကန့်လန့်ကန့်လန့် မလုပ်စမ်းပါနဲ့၊ ယွန်းနုကို ငါက လက်ထပ်ခွင့် တောင်းခဲ့တာပါ၊ သူက အထင်လွဲပြီး ထွက်ပြေးလာတာ။ မင်း ဝင်မရှုပ်စမ်းနဲ့"

စောမင်းခိုင်စကားကြောင့် သူ ပိုပြီး ဒေါသဖောင်းသွားသည်။

"ဘာ ... ဝင်မရှုပ်နဲ့ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်က မမကို စောင့်ရှောက်ဖို့ လိုက်လာခဲ့တဲ့ သူပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်း မိုက်ရိုင်းတာကို ဒီတိုင်းလက်ပိုက်ကြည့်မနေနိုင်ဘူး''

သူ စောမင်းနိုင်အနီးသို့ တိုးကပ်သွားပြီး ဒေါသတကြီး ပြောလိုက်သည်။

''အောင်မာ ... အရူးက အရူးလို မနေဘဲ အတော် လူဝါးဝပါလား။ ငါ့အကြောင်း ကောင်းကောင်း သိသွားချင် တယ် ထင်တယ်''

''ခင်ဗျားအကြောင်းကို ကျုပ်မသိခင် ကျုပ်အကြောင်း ခင်ဗျား သိအောင် ပြရသေးတာပေါ့ ... ကဲကွာ''

''ခွပ် ... ခွပ်''

စောမင်းနိုင်မျက်နှာကို ဘယ်လက်သီးတစ်လုံး ညာ လက်သီးတစ်လုံး ပစ်သွင်းလိုက်သောကြောင့် စောမင်းနိုင် ဖင်ထိုင်လျက်လဲသွားသည်။

''ကဲ ... လာ မမ၊ ကျွန်တော်တို့ သွားကြစို့''

ယွန်းနုလက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး သူ ပြော လိုက်သည်။

စောမင်းနိုင်က ရုတ်တရက်ထလာပြီး သူ့ရင်ဘတ်ကို ထတ်နှစ်ဖက်ဖြင့် ဆောင့်တွန်းပစ်လိုက်သည်။

''ကဲကွာ ... လူဝါးဝဦး''

စောမင်းနိုင် တွန်းပစ်လိုက်သောကြောင့် သူအရှိန်လွန် ပြီး ကိုင်းခနဲ လဲကျသွားလေသည်။





အရှိန်ဖြင့် လဲကျသွားသောကြောင့် ချောင်းထဲရှိ ကျောက်တုံးများဖြင့် သူ့ခေါင်းကို ဆောင့်မိပြီး သတိလစ်မေ့ မြောသွားသည်။

''ဟင် ... ကိုစင်ကြယ် ကိုစင်ကြယ်၊ အမလေး.. လုပ်ကြပါဦး''

စောမင်းနိုင် မနေသာတော့ဘဲ စင်ကြယ်ကို ထမ်း၍ ချောင်းထဲမှ တက်လာခဲ့သည်။

''ဆောရီးပဲ ယွန်းနု၊ ဒီလောက်အထိ ပြဿနာတက် လိမ့်မယ်လို့ ကိုယ်မမျှော်လင့်ခဲ့မိဘူး။ ယွန်းနုက ကိုယ့်ကို အထင်လွဲသွားခဲ့တာပါ''

သူ့ကားဖြင့်ပင် သံတောင်ဆေးရုံသို့ စင်ကြယ့်ကို ခေါ် လာခဲ့ကြသည်။

ဆေးရုံရောက်တော့ စင်ကြယ်က ရုတ်တရက် သတိ မရသေးပေ။

စင်ကြယ် ခုတင်အနီးတွင် ယွန်းနုတစ်ယောက်တည်း ထိုင်ပြီး အဖြစ်အပျက်အချို့ကို ပြန်လည်ပြေးတောနေမိသည်။

ချောင်းထဲသို့ စင်ကြယ်ဆင်းသွားသောအခါ ယွန်းနု အနီးတွင် စောမင်းနိုင်၏ အဘိုး၊ အသက်ခြောက်ဆယ်ကျော် အရွယ် အဘွားအိုနှင့် စောမင်းနိုင်တို့ ကျန်ရစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အဘိုးကို စမ်းသပ်ကြည့်ရှုပေးအပြီး လိုအပ်သည့် ဆေးဝါးများပေး၍ တစ်နေ့လျှင် အကြိမ်မည်မျှသောက်ရန် သူမ ပြောလိုက်သည်။

ပြီးတော့ နှုတ်ဆက်ပြီး အိမ်ကလေးပေါ်မှ ဆင်းလာခဲ့၏။

စောမင်းနိုင်က သူမနောက်မှ လိုက်လာပြီး

"ယွန်းနုဘယ်သွားမလို့လဲ၊ ယွန်းနုနဲ့ ကိုယ်ပြောစရာ ရှိတယ်"

"ယွန်းနုချောင်းထဲ သွားမလို့ ကြုတုန်း ပသိချောင်းရဲ့ အလှကို ရှုမောခံစားချင်လို့ပါ"

"နေပါဦး ယွန်းနုရယ်၊ ခြံထဲက ဟောဒီနေရာလေးမှာ ခဏထိုင်ပါဦး"

သူက ကော်ဖီပင်များအနီးရှိ ခုံတန်းလျားလေးပေါ်တွင် ထိုင်ရန် အတင်းအကျပ် ပြောနေသောကြောင့် ယွန်းနု စိတ်ပျက်ပါသလို ထိုင်လိုက်မိသည်။

"ကဲ ... ပြော၊ ရှင်ဘာပြောမှာလဲ"

"ယွန်းနုနဲ့ အမြန်ဆုံး လက်ထပ်ချင်တယ်၊ ကိုယ့်ကြီးတော်နဲ့ အစ်မတွေလဲ ယွန်းနုနဲ့ သဘောတူကြတယ်၊ မေမေ့ကိုလဲ အသိပေးပြီးကြပြီ ယွန်းနုသဘောပဲ ကျန်တော့တယ်"





"ယွန်းနု လက်မထပ်ချင်သေးဘူး၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေချင်သေးတယ်"

"အချိန်တွေ နှေးမြောစရာ ယွန်းနုရယ်၊ ကိုယ်တို့ စောစောစီးစီး လက်ထပ်ပြီး ပျော်စရာဘဝတစ်ခု တည်ဆောက်ကြရအောင်လား"

"အို ... ယွန်းနု ပြောပြီးပြီပဲ၊ မစဉ်းစားချင်သေးဘူးလို့"

"စဉ်းစားရမယ် ယွန်းနု၊ မင်းဘာကြောင့် မစဉ်းစားချင်ဘူးဆိုတာ ကိုယ်နားလည်တယ်၊ ဟို အရှုးအပေါ သံယောဇဉ် တွယ်တာနေလို့ မဟုတ်လား"

"ရှင် မိုက်ရိုင်းလှချည်လား၊ ရှင့်လို လူမျိုးကို ဘယ်တော့မှ စိတ်မကူးဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ"

"မင်းလက်မခံလဲ ကိုယ်က အတင်းလက်ထပ်ရမှာပဲ"

သူက ယွန်းနုကိုယ်လေးကို သိမ်းကျုံးဖက်ပွေ့ရင်း ရမ်းရမ်းကားကား ပြောလိုက်သောကြောင့် ယွန်းနု မခံမရပ်နိုင်ဖြစ်ပြီး သူ့ပါးပြင်တစ်ဖက်ကို လွှဲရိုက်ပစ်လိုက်သည်။

"ဖြန်း"

သူ့ကို တွန်းပစ်ပြီး ယွန်းနုပြေးထွက်လာခဲ့မိသည်။

ပသိချောင်းထဲရောက်တော့ စင်ကြယ်ကို တွေ့လိုက်ရသည် မဟုတ်ပါလား ...


www.burmeseclassic.com

ကိုစင်ကြယ် . . .

ကျောက်တုံးတွေနဲ့ သူ့ခေါင်းဆောင့်မိပြီး သတိလစ်နေရှာတယ်၊ တကယ်လို့သာ သည်ဒဏ်ရာကြောင့် သူ့ရဲ့ အတိတ်မေ့နေတဲ့ ဝေဒနာပြန်ကောင်းသွားမယ်ဆိုရင် သူ့အတွက် ဝမ်းသာစရာပါပဲ . . .

ဒါပေမယ့် ခေါင်းကဒဏ်ရာကြောင့် သူတစ်ခုခုများ ဖြစ်သွားခဲ့ရင် ငါ့ပယောဂကြောင့်ဆိုပြီး ငါ့ရင်ထဲမှာ ဖြေနိုင်မှာ မဟုတ်တော့ဘူး . . .

"သူ မကြာခင် သတိရလာတော့မှာပါ"

သူမတစ်ယောက်တည်း တွေးနေစဉ် ဆရာဝန်၏ စကားကြောင့် အတွေးမှ လန့်နိုးသွားသည်။

"ကိုစင်ကြယ် . . . ကိုစင်ကြယ်"

စင်ကြယ်လက်တစ်ဖက်ကို အသာဆုပ်ကိုင်ပြီး သူမ ခပ်တိုးတိုးခေါ်နေမိသည်။

သို့သော် စင်ကြယ်က သတိမရနိုင်သေးပေ။

စင်ကြယ် သတိရလာမည့်အချိန်ကို စိတ်စောစွာ စောင့်ကြည့်နေမိသည် မဟုတ်ပါလား . . .

□ ✣ □





## အခန်း (၂)

"ကျွန်တော် . . . ကျွန်တော် ဘာဖြစ်တာလဲ"

သူ့အသံ သဲ့သဲ့ကြောင့် သူမ မျက်ဝန်းတွေ ပြုံးကျယ်သွားမိ၏။

သူ့ခေါင်းမှ ဒဏ်ရာကြောင့် ယခုမှပင် သူ သတိရလာသည်။

သူ့ခုတင်ဘေးတွင် ရပ်နေသည့် လှပချောမောသော မိန်းကလေးကို သူ ငေးကြည့်ပြီး မျက်မှောင်ကုတ်လိုက်သည်။

"ရှင် သတိရလာပြီနော်"

သူမ ညင်သာသောအသံဖြင့် မေးလိုက်ခြင်းပါ။

"ဟုတ်ကဲ့ . . . သတိရလာပါပြီ"

"ကျွန်မကို ကြည့်နေတဲ့ ရှင့်မျက်ဝန်းတွေဟာ စိမ်းနေသလိုပဲ၊ ကျွန်မကို ရှင်မမှတ်မိတော့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အသံကား ကြေကွဲထိခိုက်မှုဖြင့် အက်ကွဲ တုန်ယင်နေသည်။

"မမဖင်မီ ... မမဖင်မီကောဟင်"

သူ သတိရလာလာချင်း တွေ့ချင်မြင်ချင်သူမှာ ဒေါက်တာဖင်မီသာလျှင်ဖြစ်သည်။

သူမကို မမှတ်မိတော့ဘူးလား ...

ယွန်းနုတွေးပြီး ရင်ထဲမှာ ထိခိုက်နာကျင်နေမိသည်။

"ကိုစင်ကြယ်"

"ဗျာ ... ကျွန်တော့်နာမည် စင်ကြယ်မဟုတ်ပါဘူး၊ ပြေဦးညိုပါ"

"ရှင်"

သူမ မျက်ဝန်းနှစ်ဘက်ပြူးကျယ်သွားပြီး မျက်ခုံးလှလှနှစ်တန်းမြင့်တက်သွားသောကြောင့် သူ အံ့ဩနေမိ၏။

"ဘယ်လိုဖြစ်သွားတာလဲဗျ"

သူ့အမေးကို ယွန်းနု မဖြေနိုင်ပါ။

ယွန်းနုနားထဲတွင် အန်တီဒေါ်မေရီ စကားသံများကို ပြန်လည်ကြားယောင်နေမိသည် မဟုတ်ပါလား ...

✱✱✱ "အန်တီတကယ်ပြောတာပါကွယ်၊ အရင်တုန်းကဆို အန်တီက အလွန်ပွဲကြိုက်တာပဲ၊ မန္တလေးသိန်းဖော် ဇာတ်ပွဲ တို့၊ နန်းဝင်းတို့ကို မလွှတ်တမ်းကြည့်တယ်၊





အဲ ... ရွှေမန်း ပြေဦးညိုဆိုရင်လဲ ပြေးကြည့်လိုက်တာပဲ၊ ပြေဦးညိုကတော့ သူတို့ထက် အသက်ငယ်တာပေါ့လေ၊ ငါ့သမီးတွေ ပုဂံက တကူးတကခေါ်လာတဲ့ မောင်စင်ကြယ်ကို ကြည့်ရတာ ပြေဦးညိုနဲ့ တစ်ထေရာတည်းပဲ"

"ဒီက အစ်မနဲ့ ကျွန်တော် မိတ်ဆွေတွေလား"

သူ အားတုံ့အားနာ အမူအရာဖြင့် မေးလိုက်၏။

"ဟုတ် ... အင်းလေ ရှင်ခုမမှတ်မိဘူးဆိုရင် တစ်နေ့တော့ ပြန်လည်သတိရလာမှာပါ"

ရင်ထဲက ခံစားချက်ကြောင့် စိတ်တိုတိုဖြင့် ပြောလိုက်မိသည်။

"စိတ်မရှိနဲ့နော် အစ်မ၊ ကျွန်တော်တကယ် မမှတ်မိတော့ဘူး"

"ကျွန်မက ဆရာဝန်တစ်ယောက်ပဲလေ၊ ရှင့်ဝေဒနာက ဒါမျိုးဖြစ်တတ်ပါတယ်၊ ကဲ ... ရှင့်အတိတ် ကို ရှင်ပြန်မှတ်မိနေပြီဆိုမှတော့ ရှင့်ကို ကျွန်မခေါ်သွားစရာ မလိုတော့ဘူး၊ ရှင့်ဘာသာရှင် အိမ်ပြန်ပေတော့"

စကားဆုံးသည်နှင့် သူမထိုင်ရာမှထပြီး ချာခနဲလှည့်ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com


“အို သည်လို မလုပ်ပါနဲ့ မမရယ်”

သူ တားဆီးလိုက်သောကြောင့် သူမ ခြေလှမ်းတွေ ရပ်တန့်သွားတော့၏။

“ရှင့်မှာ ဘာပြောစရာ ကျန်သေးလို့လဲ”

“ကျွန်တော် သိချင်တာလေးရှိလို့ပါ၊ နောက်ဆုံးချိန်အထိ ကျွန်တော်ဘာတွေ ဖြစ်ခဲ့သလဲ ဆိုတာပေါ့”

သူမ ရုတ်တရက်ဘာမှမပြောဘဲ တွေဝေနေပြီးမှ သက်ပြင်းရှိုက်လိုက်သည်။

မပြော၍လည်း ဖြစ်မှာမဟုတ်။

“ကျွန်တော်တောင်းပန်ပါတယ်မမ၊ ကျွန်တော် သတိမမေ့ခင် နောက်ဆုံးအဖြစ်အပျက်လေး ပြောပြပါလား”

“ကောင်းပြီလေ ပြောပြမယ်၊ ရှင်နဲ့ကျွန်မ သံတောင်မြို့သစ်ကို ရောက်လာခဲ့ကြတယ်၊ ကျွန်မကို လူနာတစ်ယောက် လိုက်ကြည့်ပေးဖို့ ခေါ်တာနဲ့ ကျွန်မလာခဲ့ရတာပါ၊ ရှင်က ကျွန်မရဲ့ ဘော်ဒီဂတ် အဖြစ်နဲ့ပေါ့”

“ဩော် ... ဟုတ်လား”

“ကျွန်မတို့ လူနာကြည့်ပြီး ချောင်းထဲရောက်တော့ ရှင်နဲ့ လူတစ်ယောက်ရန်ဖြစ်ကြပြီး ရှင်ချော်လဲသွားခဲ့တယ်၊ ပြီးတော့ ရှင့်ခေါင်းနဲ့ ကျောက်တုံးတစ်ခု ဆောင့်မိပြီး သတိလစ်သွားခဲ့တာပဲ”



သူမ ပြောနေတာတွေကို သူ စိတ်ဝင်တစားနားထောင်နေရာမှ ...

“ကျွန်တော်မှတ်မိလာသလိုပဲဗျ၊ အဲဒီလူကို ကျွန်တော် ဆွဲထိုးပစ်လိုက်တယ် မဟုတ်လား၊ သူက ကျွန်တော့်ကို ပြန်တွန်းပစ်လိုက်တာ”

သူ့စကားကြောင့် သူမ အံ့သြဝမ်းသာသွားမိသည်။

“ရှင်မှတ်မိလာမှာပါ၊ ရုတ်တရက်မို့မေ့နေတာ ဖြစ်ရမယ်၊ ဒါဖြင့် ရှင့်ဝေဒနာက အားလုံးကို ပြန်မှတ်မိတဲ့ အဖြစ်အပျက်ပါပဲ”

“ကျွန်တော် ပထမဦးဆုံး သတိရတဲ့သူက မမဇင်မီလေ”

“ကောင်းပါတယ်”

“မမကိုတော့ ကျွန်တော် ဝိုးတဝါးပဲမမ၊ စိတ်မရှိပါနဲ့နော်”

သူ အထပ်ထပ်အခါခါ တောင်းပန်နေသောကြောင့် သူမ ခေါင်းညိတ်လိုက်မိ၏။

“ရှင့်ကို အပြစ်တင်စရာ မရှိပါဘူး၊ ဇင်မီအကြောင်း ရှင် အမြဲသတိရနေတတ်တယ်၊ ရှင်က ကျွန်မပေးရှင့်ဆိုတော့ သိနေတာပေါ့”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မမဖင်မီအကြောင်းကို ဒီက မမဆရာဝန် သိနေပြီပေါ့"

"ဘာတစ်ခုမှ သိခွင့်မရခဲ့ဘူး၊ ဖင်မီဆိုတဲ့နာမည်က လွဲပြီး ရှင်အတိတ်မေ့နေခဲ့တယ်လေ၊ မေးလို့လဲ မရဘူး။ ခုမှအတိတ်ကို ပြန်သတိရတာပါ၊ ကဲ ... ရှင့်ကို ဒီမှာပဲ ထားခဲ့ရမလား၊ ကျွန်မနဲ့ ပြန်လိုက်ခဲ့မှာလား"

သူမ မျက်နှာကို သူ အတန်ကြာစူးစူးစိုက်စိုက်ကြည့် နေပြီးမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ကျွန်တော်ပြန်လိုက်ခဲ့မှာပေါ့ဗျာ၊ ကျွန်တော်သဘော ပေါက်ပါတယ်မမ"

"ရှင်ဘာတွေပြောနေတာလဲ"

"ဝတ္ထုဇာတ်လမ်းလေးတွေထဲကလို မဟုတ်လား၊ ကျွန်တော်က အတိတ်မေ့ပြီး မမတို့က ကယ်တင်ထားတာ လေ၊ ခုအတိတ်ကို ပြန်သတိရလာတော့ မမတို့နဲ့ ဝေးရာကို အွက်ခွာသွားရတော့မှာပေါ့"

သူ့စကားကြောင့် သူမပိုပြီး ဝမ်းနည်းထိခိုက်သွားမိ၏။

သူ့မျက်နှာကို မကြည့်တော့ဘဲ လှည့်ထွက်လာခဲ့မိ သည်။

သူက သူမနောက်မှ အပြေးအလွှားလိုက်လာခဲ့သည်။





"ကျွန်တော်လဲ လိုက်ခဲ့ပါရစေ မမ"

"ရှင်ဒီမှာပဲ နေခဲ့ရမယ်"

"ဗျာ"

"ဟုတ်တယ်ဒီမှာပဲ နေခဲ့ရမှာ၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်မနက်မှ ရှင်ဆေးရုံက ဆင်းရမှာမို့"

"အခုပဲ လိုက်ခဲ့ချင်တယ်မမ"

"ကောင်းပြီလေ၊ ရှင်တစ်ခါတည်းလိုက်ခဲ့ချင်တယ် ဆိုရင် ဆရာဝန်ကို မေးဦးမယ်၊ သူ့ခွင့်ပြုချက်ရမှ ရှင် လိုက်ခဲ့ပါ"

သူမ စကားဆုံးသည်နှင့် ဆရာဝန်ကို သွားတွေ့ပြီး အကျိုးအကြောင်း မေးလိုက်သည်။

"သူ့ကြည့်ရတာ အတော်နေကောင်းနေပါပြီ၊ ဆင်းချင် ရင်လဲ ဆင်းခွင့်ပြုမယ်"

ဆရာဝန်ထံမှ ခွင့်ပြုချက်ရရှိသောကြောင့် သူ့ကို တစ်ပါတည်း ခေါ်ဆောင်လာခဲ့ရသည်။

သံတောင်မှ ကားငှားပြီး ပြန်လာခဲ့ကြ၏။

အိမ်ပြန်ရောက်တော့ အတော်မှောင်နေပေပြီ။

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထိုနေ့က နောက်ဆုံးအဖြစ်အပျက်တစ်ခုကို စင်ကြယ် (ပြေဦးညို) ပြန်လှည့် စဉ်းစားတွေးတောနေမိ၏။

ထိုညက သူတို့ ဇာတ်အဖွဲ့ ကျောက်ပန်းတောင်းတွင် ကခဲ့ကြရသည် မဟုတ်ပါလား . . .

စုစုပေါင်းပွဲက သုံးညဖြစ်သည်။

ပွဲ ဒုတိယညတွင် မကွေးသို့ ပြန်လာရန် အကြောင်းက ဖန်လာခဲ့၏။

မဖင်မိက မကွေးမှ နေ၍ သူ့ထံ ဖုန်းဆက်ခဲ့သည်။

သူမထံ အမြန်ဆုံးပြန်လာပြီး ခေါ်ရန်ဖြစ်၏။

"မောင် အခုချက်ချင်း ပြန်မလာရင်၊ မနက်ဖြန်မနက်ဆို မကို အိမ်က လူကြီးတွေ စေ့စပ်ပေးကြတော့မယ်တဲ့၊ ရန်ကုန်က ဒေါက်တာဦးမြမင်းနဲ့ လက်ထပ်ပေးကြမှာ"





ဖင်မို့ အသံက အရေးတကြီး ဖြစ်နေသည်။

"ဒေါက်တာ ဦးမြမင်းဟုတ်လား"

"ဟုတ်တယ်"

"ဘယ်ဇာတ်ကားရိုက်တဲ့လူလဲ"

"အို မောင်ကလဲကွာ၊ ဒေါက်တာဆိုတာ လုပ်ငန်း ဒေါက်တာလေ၊ အေရှစ်လုံးကုမ္ပဏီက လုပ်ငန်းရှင်ပါ"

"ဟုတ်လား"

"အေးတိအေးစက် လုပ်မနေနဲ့မောင်၊ သူက သန်ဘက် ခါ နိုင်ငံခြား ခရီးသွားရမယ်တဲ့၊ သူ ပြန်လာတာနဲ့ လက်ထပ် ရမှာ၊ မနက်ဖြန်စေ့စပ်ပွဲနေ့"

"မောင် အခုပဲထွက်ခဲ့ချင်ပါတယ်မရယ်၊ ဒါပေမယ့် မောင့်ပရိသတ်တွေကို ပစ်ခဲ့ဖို့ကိစ္စ"

"မောင့်ပရိသတ်ကို မမထက်ပိုပြီး ဦးစားပေးမှာလား မောင်"

"ဒါပေါ့ကွ၊ ဦးစားပေးရမှာပေါ့"

"ဒါဖြင့် . . . ဒါဖြင့် ဖင်မိဆီ မောင်မလာတော့ဘူးလား"

ဖင်မို့အသံက ငိုသံရောစွက်နေသည်။

"မောင်လာမှာပါ၊ နှစ်ပါးသွားထွက်ပြီးတာနဲ့ မောင် လာခဲ့မယ်၊ ဇာတ်နောက်ပိုင်းကိုတော့ ယက်ထောက်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လွဲခဲ့မယ်''

''တကယ်နော်မောင်''

''တကယ်ပါ မမရဲ့၊ နှစ်ပါးသွားကို စောစောလေး ထွက်မယ်လေ၊ မောင့်အချစ် ဇင်မီကို သူများလက်ထဲထည့် လိုက်လို့ ဘယ်ဖြစ်မလဲကွ''

''ဒါဖြင့် ဇင်မီအဆင်သင့်လုပ်ပြီး မကွေးမြသလွန် ဘုရားပေါ်မှာ စောင့်နေမယ်နော်မောင်''

''အိုကေ''

''ဘုရားရင်ပြင်တစ်နေရာက မတို့နှစ်ဦးတွေ့ဆုံနေကျ နေရာလေးကို လာခဲ့နော်မောင်''

''စိတ်ချနေမမ၊ မောင်အခုချက်ချင်းတောင် ထွက်လာ ချင်နေပြီ၊ ဒါပေမယ့် ပရိသတ်ကို လေးစားရမယ် မဟုတ် လား''

သူ ဖုန်းချလိုက်ပြီး ထိုနေ့ညပွဲကရမည့် အစီအစဉ်ကို စဉ်းစားရင်း ရင်ခုန်လှုပ်ရှားနေမိ၏။

ထိုနေ့ညက နှစ်ပါးသွားကပြီးသောအခါ သူတစ် ယောက်တည်း ကြုံရာကားဖြင့် လိုက်လာခဲ့သည်။

ကုန်တင်ကားကြီး တစ်စီး၏ ခေါင်မိုးပေါ်တွင်ထိုင်ပြီး လိုက်လာခဲ့ခြင်းပါ။





ကားက ကုန်တွေပြည့်နေသောကြောင့် သူကလည်း အလျှင်စလို ဖြစ်နေသည့်မို့ ကားခေါင်မိုးပေါ်တွင် ထိုင်ပြီး လိုက်လာခဲ့မိခြင်းရယ်ပါ။

ရေနံချောင်းအနီးရောက်တော့ ကားက ရုတ်တရက် ဆောင့်ခုန်ပြီး အနည်းငယ် စောင်းသွားသည်။

သူလည်း ကားပေါ်မှ ပစ်ကျသွားခဲ့၏။

သို့သော် ကားကြီးပေါ်မှ သူကျကျန်ရစ်ခဲ့တာကို တစ်ယောက်မှ မသိရှိကြပေ။

သူ့ခေါင်းကို ဆောင့်မိပြီး သူသတိလစ်သွားခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် သူသည် အတိတ်အကြောင်းအရာ အားလုံးကို မေ့သွားခဲ့၏။

ဘာလိုလိုနှင့် တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ယွန်းနုထံမှတစ်ဆင့် သိခဲ့ရသည်။

ယောလောဆယ်တွင် သူသည် ယွန်းနုနှင့် တွေ့ဆုံ ခဲ့ရပြီး ယွန်းနုနှင့်အတူ တောင်ငူသို့ လိုက်ပါလာခဲ့ရသည့် ဇာတ်လမ်းတစ်စိတ်တစ်ဒေသကို သတိမရနိုင်သေးပါ။

ယွန်းနုနှင့် ပတ်သက်ဆက်နွှယ်နေသည့် ဇာတ်လမ်း တစ်ပိုင်းကို ပြန်လည်သတိရလာအောင် သူ ကြိုးစားနေဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုစင်ကြယ်၊ နေ့လယ်စာစားဖို့ မမယွန်းနု ခေါ်ခိုင်းလိုက်တယ်"

သူ ဆေးရုံမှ ပြန်ရောက်လာပြီး တစ်ညလုံး အခန်းထဲမှာ အောင်းနေခဲ့မိသည် မဟုတ်ပါလား ...

ယနေ့ နံနက်တွင်လည်း အခန်းပြင်သို့ မထွက်ဖြစ်ဘဲ အတိတ်အဖြစ်အပျက်များကို တောင်စဉ်ရေမရ တွေးတောနေမိသည်။

မိချိုလာခေါ်မှပင် နေ့လယ်စာစားရန် သတိရတော့၏။

"အိုကေ ... ကိုယ်လာခဲ့ပါ့မယ်"

မိချိုကြားအောင် အခန်းထဲမှပင် အော်ပြောလိုက်သည်။ ပြီးတော့ ရေမိုးချိုးအဝတ်လဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

ယွန်းနုတို့ သားအမိသုံးဦး သူ့ကို ထမင်းပွဲမှာ စောင့်နေကြတာတွေ့လိုက်ရသည်။

ယွန်းနုမျက်နှာ သိပ်မကောင်းပေ။

ဒေါ်မဥ္စူနှင့် ယွန်းခက်တို့ နှစ်ဦးလည်း မျက်နှာတွေ ညိုးနေကြ၏။

"လာ ကိုစင်ကြယ်၊ နေ့လယ်စာစားရအောင်"

ယွန်းနုက သူ့ကို လှမ်းခေါ်လိုက်သည်။





သူက ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး အားလုံးကို ပြုံးပြလိုက်မိ၏။

သို့သော် တစ်ယောက်မှ သူ့ကို ပြန်မပြုံးပြကြပေ။

မကြာခင် အချိန်အတွင်းမှာပင် သူ ထွက်ခွာသွားတော့မည်ဆိုတာကို သိနေကြသောကြောင့် စိတ်ထိခိုက်ပြီး အားလုံး ငြိမ်သက်တွေဝေနေကြခြင်းပါ ...

ယွန်းနုတစ်ယောက်သာ ဆရာဝန်ပီပီ သူ့ကို နားလည်နေမိ၏။

နေ့လယ်စာစားရင်း ဒေါ်မဥ္စူမျက်ရည်ရစ်ဝဲနေမိသည်။

ယွန်းခက်က မိခင်ဖြစ်သူကို သတိပေးသလို မိခင်လက်မောင်းတစ်ဖက်ကို မသိမသာ ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

"မေမေ ... သူ့ဘဝသူသတိရလာတာ သူ့အတွက် ဝမ်းသာစရာပေါ့၊ မေမေဝမ်းမနည်းပါနဲ့"

သည်လို ပြောလိုက်မှပင် ဒေါ်မဥ္စူရင်ထဲမှာ ပိုပြီး လှိုက်လှဲဝမ်းနည်းလာကာ ...

"မေမေက သားအစားရပြီဆိုပြီး ဝမ်းသာမဆုံး ဖြစ်နေမိခဲ့တယ်၊ ဒါပေမယ့် ခုတော့လဲ ... အဟီး"

ဒေါ်မဥ္စူငိုချလိုက်သောကြောင့် အားလုံးမျက်စိမျက်နှာ ပျက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"မငိုပါနဲ့မေမေ အချိန်တန်တော့လဲ သူ့အိမ်သူ ပြန်ရမှာပေါ့၊ သူ့ဘဝသူ ပြန်မှတ်မိလာတာ ဝမ်းသာရမှာပါ"

ယွန်းနုအေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

"ကျွန်တော့်ကြောင့် မငိုပါနဲ့အန်တီ၊ ကျွန်တော့်ကို အန်တီက သားအရင်းလေးလို ချစ်တဲ့အကြောင်း မမယွန်းနု ပြောပြလို့ သိခဲ့ပြီးပါပြီ"

မနေ့က သံတောင်မှ အပြန်တွင် ယွန်းနုက သူ့အား ပုဂံမှ ခေါ်လာခဲ့ပုံနှင့် တောင်ငူအထိ သူလိုက်ပါလာခဲ့ပုံများကို တစ်လုံးမကျန်ပြောပြခဲ့သောကြောင့် အားလုံးကို သူ သိခွင့်ရခဲ့၏။

"လှုလေးပြန်တော့မယ်ဆိုလို့ အန်တီစိတ်မကောင်းတာပါကွယ်"

"ကျွန်တော်ပြန်သွားပေမယ့်လည်း အန်တီတို့၊ မမတို့ဆီအလည် လာခဲ့မှာပေါ့ခင်ဗျာ"

"ဝမ်းသာပါတယ်ကွယ်"

နေ့လယ်စာထမင်းဝိုင်းသည် ခြောက်ကပ်စွာဖြင့်ပင် ပြီးဆုံးသွားရ၏။

ထမင်းစားပြီးတော့ ယွန်းနုတစ်ယောက်တည်း ခြံထဲသို့ ဆင်းလာခဲ့သည်။

❑ ✣ ❑





## အခန်း (၄)

"မမ ယွန်းနု"

ယွန်းနုတစ်ယောက်တည်း ခြံထဲမှာ ထိုင်နေစဉ် သူ အနီးသို့ ရောက်လာခဲ့သည်။

"ဪ ... ကိုပြေဦးညို"

"ကျွန်တော့်ကို စင်ကြယ်လို့ပဲ ခေါ်ပါ မမ"

"ဘာဖြစ်လို့လဲ"

"အဲဒီနာမည်လေးကို ကျွန်တော် သဘောကျလို့ပါ မမ"

"ကောင်းပြီလေ၊ ရှင်ပြောတဲ့အတိုင်း ကိုစင်ကြယ်လို့ပဲ ခေါ်မယ်"

"မမဆီမှာ ခွင့်တောင်းချင်လို့"

"ဘာလဲ ရန်ကုန်ပြန်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ အမေးကြောင့် သူ့မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဟုတ်ပါတယ် မမ"

"ဒါ ခွင့်တောင်းစရာမှ မဟုတ်တာ၊ ရှင့်ဘဝရှင် မှတ်မိနေပြီပဲ ပြန်ရမှာပေါ့"

သူမ အသံက ပြတ်သားလှသောကြောင့် သူအတော် စိတ်မကောင်းဖြစ်သွားမိသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မမ"

"ရှင်ဘာဖြစ်လို့ တောင်းပန်နေတာလဲ"

"ကျွန်တော်လဲ စိတ်ထိခိုက်နေလို့ပါ"

"ဆုံတွေ့ခြင်းမှတ်တိုင်ပြီးရင် ခွဲခွာခြင်းမှတ်တိုင်လေးက စောင့်ကြိုနေတတ်သတဲ့၊ ကဗျာဆရာတစ်ဦးက ရေးခဲ့တာလေ၊ ကျွန်မ သဘောပေါက်ပြီးသားပါ ကိုစင်ကြယ်"

သူမအသံက ပကတိတည်ငြိမ်နေလေသည်။

"မမနဲ့မမမိသားစုအားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ မမတို့ ကျေးဇူးကို ပြန်ဆပ်ခွင့်ကြုံရင် ပြန်ဆပ်ပါရစေ"

"ရှင့်ကို ကူညီခဲ့တာ ဖြူစင်တဲ့ စေတနာသက်သက်နဲ့ပါ ကိုစင်ကြယ်ရယ်၊ ဘာကျေးဇူးမှ ပြန်ဆပ်ဖို့ မလိုပါဘူး"





သူ့မ ရင်ထဲမှ စေတနာအစစ်အမှန်ကို ပြောလိုက်မိသည်။

"မမ"

"ကိုစင်ကြယ်"

"ကျွန်တော် ဒီညနေကားနဲ့ပဲ ရန်ကုန်ပြန်တော့မယ်"

"ကောင်းပြီလေ၊ ဒါပေမယ့် ရှင့်ကို ကျွန်မ မေးချင်တာတစ်ခု ရှိတယ်၊ အဲဒီမေးခွန်းကို ရှင်ဖြေသွားရမယ်နော်"

သူ အံ့သြသလို မျက်မှောင်ကုတ်လိုက်ပြီး ...

"ကောင်းပါပြီ မမ၊ ကျွန်တော် ဖြေပါ့မယ်"

"ရှင်နဲ့ ဒေါက်တာဖင်မီအကြောင်း ကျွန်မကို ပြောပြပါလား"

"ဩော် ... မမဖင်မီနဲ့ ကျွန်တော့်အကြောင်း ဟုတ်လား"

"ဟုတ်တယ်"

သူ ရက်ပြုးဖြင့် အတန်ကြာ တွေဝေနေပြီးမှ သူနှင့်ဖင်မီအကြောင်းကို ပြောပြလိုက်၏။

"မမဖင်မီက ကျွန်တော့်ချစ်သူပါ၊ သူနဲ့ကျွန်တော် ချစ်ခဲ့ကြတာ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်၊ အဲဒီညက ကျွန်တော့်ဇာတ်အဖွဲ့ ကျောက်ပန်းတောင်းမြို့မှာ ကနေကြတုန်း

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် မမဖင်မီဆီက ဖုန်းဝင်လာခဲ့ပြီး သူ့ကို ကျွန်တော် သွား ခေါ်ဖို့အတွက် ဆုံးဖြတ်ချက်ချခဲ့ရတာပါပဲ”

သူက သူနှင့်ဒေါက်တာဖင်မီတို့ စတင်တွေ့ဆုံခဲ့ကြပုံနှင့် ချစ်ခဲ့ကြသည့်အကြောင်းများကို ပြောပြနေလေသည်။

တကယ်တော့ သူက ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရပြီးသား ဇာတ်မင်းသားလေးတစ်ယောက်ရယ်ပါ။

ဖင်မီက ပွဲအလွန်ကြိုက်သော ဆရာဝန်မ။

ဖင်မီက မကွေးဇာတိဖြစ်ပြီး ဆရာဝန်ဖြစ်လာတော့ မကွေးမြို့မှာပင် တာဝန်ကျခဲ့သည်။

တစ်နေ့ သူတို့ဇာတ်အဖွဲ့ မကွေးမြို့တွင် ကပြနေကြစဉ် ဖင်မိနှင့် ဆုံတွေ့ခဲ့ကြပြီးနောက် ချစ်သူတွေ ဖြစ်ခဲ့ကြခြင်းပါ။

❑ ✣ ❑



# အပိုင်း လေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ထိုနေ့က မကွေးမြသလွန်ဘုရားပွဲတော် ဒုတိယနေ့ ဖြစ်သည်။

မန္တလေးပြေဦးညိုဇာတ်အဖွဲ့အား ကြည့်ရှုအားပေးရန် ဖင်မီနှင့် မီးငယ်တို့နှစ်ယောက် ချိန်းထားခဲ့ကြ၏။

ဇာတ်ရုံထဲရောက်မှ ကျန်သူငယ်ချင်းများနှင့် ဆုံတွေ့ကြရမည်ဖြစ်သည်။

မီးငယ်တို့အိမ်ရောက်တော့ မီးငယ် ရုတ်တရက်ဖျားနေသောကြောင့် မလိုက်နိုင်ကြောင်းသိခဲ့ရသည်။

''ဟော့ မီးငယ်၊ ရှင်ဖျားနေပေမယ့် ဖင်မီကတော့ ပွဲခင်းထဲရောင်အောင် သွားမှာပဲ သိလား''

''ပွဲခင်းထဲမှာ စုစု၊ နုနုနဲ့ ယုယုတို့ရှိနေကြမှာပဲ၊ ရှင်နဲ့အတူ မလိုက်ခဲ့နိုင်ပေမယ့် မင်းသားလေး ပြေဦးညိုအယ်ကိုတော့ အိပ်မက်ထဲမှာ နားစွင့်နေမှာနော်''



www.burmeseclassic.com

www.burmeseclassic.com

ပြေဦးညိုကို အားပေးခဲ့ကြတာ လွန်ခဲ့သည့်နှစ် မြသလွန်ဘုရားပွဲတော်ညက စခဲ့လေသည်။

ယခုနှစ် ပြေဦးညိုဇာတ်အဖွဲ့ပြန်ရောက်လာသောအခါ ဇင်မီတို့အပျိုချောတစ်သိုက် မတိုင်ပင်ကြဘဲ လက်မှတ်နှင့်ဖျာ ဝယ်ပြီးသား ဖြစ်နေကြသည် မဟုတ်ပါလား။

''ကဲ သွားမယ်နော် မီးငယ်''

ဇင်မီတစ်ယောက်တည်း သူမကားဖြင့် ဇာတ်ရုံရှိရာမောင်းလာခဲ့သည်။

ဇာတ်ရုံက သူမတို့အိမ်နှင့် အတော်လှမ်းလေသည်။

မကွေးမြို့နှင့် နှစ်မိုင်နီးပါးဝေးသည့်နေရာတွင် သူမဖခင်က မြေဝယ်ပြီးတိုက်ဆောက်ထားခြင်းဖြစ်၏။

အိမ်နှင့်ဇာတ်ရုံဝေးကွာနေသော်လည်း ပွဲကြိုက်ခင်အဖို့ပွဲမကြည့်ဘဲ မနေနိုင်ပါ။

သူမကားမောင်းလာရင်း ကားလမ်းဘေးတွင် လမ်းသွားလမ်းလာများ ရှင်းနေတာကို သတိပြုလိုက်မိသည်။

တစ်ယောက်တည်း ညဘက်အပြင်ထွက်လေ့မရှိသောကြောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိသည်။

သူမတစ်ယောက်တည်း အားငယ်ရသည့်ကြားမှာ ကားက ရုတ်တရက်ထိုးရပ်သွားသည်။





လမ်းမီးတိုင်များ တစ်ခုနှင့်တစ်ခု ဝေးကွာလွန်းသဖြင့် လမ်းက မှောင်နေသည်။

ခရီးတစ်ဝက်ခန့်သာ ရောက်သေးသဖြင့် မှောင်ကြီးထဲမှာ ဘာလုပ်ရမှန်းမသိ။

ထိုစဉ် ကားနောက်ဘက်ကို ဒုန်းခနဲ ဝင်ဆောင့်လိုက်သံ ကြားလိုက်ရ၏။

''ဒုန်း''

ဟွန်ဒါတစ်စီး ဝင်ဆောင့်လိုက်ခြင်းရယ်ပါ။

သူမ ကားတံခါးဖွင့်ပြီး ကားပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်ပြီးမှ တစ်ယောက်တည်းဆိုသည့် အသိစိတ်ဖြင့် မဆင်းတော့ဘဲ ကားတံခါးကို ဆွဲပိတ်လိုက်မိ၏။

''ဆောရီးပဲဗျာ ညမှောင်မှောင်ထဲမှာ ကားရပ်ထားတာလုံးဝသတိမထားမိဘူး ကျွန်တော်ကလဲ ဟွန်ဒါကို ဒီနေ့မှစပြီးစီးတာဆိုတော့''

သူမကို ငုံ့ကြည့်ပြီး ပြောနေခြင်းဖြစ်၍ သူ့ဘက်သို့စောင်းငဲ့ကြည့်လိုက်မိသည်။

လမ်းဘေးသစ်ပင်ကြီးများ၏ အုံ့ဆိုင်းသော အရိပ်များက လပြည့်ညလရောင်ကို ဖုံးကွယ်ထားသကဲ့သို့ မှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်တစ်ချက်အဝှေ့တွင် သစ်ကိုင်းများ ရွေ့လျား သွားသည်။

"ခင်ဗျားတစ်ယောက်တည်း အဖော်မပါဘူးလား"

"မပါဘူး"

"ဘာဖြစ်လို့ ကားရပ်ထားရတာလဲ"

"ကားစက်ရုတ်တရက် ရပ်သွားလို့ပါ၊ ရှင် ကားပြင် တတ်လား"

"ကျွန်တော်လား နည်းနည်းပါးပါး ပြင်တတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကားကို ပြင်ပေးဖို့ အချိန်မရဘူး ခင်ဗျ"

"ဘယ်လို"

"ခင်ဗျားကားကို ပြင်ပေးဖို့ အချိန်မရဘူးလို့ ပြောနေ တာ"

သူ့စကားကြောင့် ဖင်မီဒေါ်ပင် စိတ်ညစ်သွားမိ၏။ ဘာအကူအညီမှမပေးဘဲ အမေးအမြန်းထူနေသော သူ့ကို လည်း စိတ်တိုနေမိသည်။

"ခင်ဗျားတစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

"ကားပြင်တတ်တဲ့လူ စောင့်ရမှာပေါ့"

"ခင်ဗျားသတ္တိကို ချီးကျူးပါတယ်"

"ဘာဖြစ်လို့လဲ"





"တစ်ယောက်တည်း သတ္တိကောင်းလွန်းလို့ပေါ့၊ ဘာ ကိစ္စ ညဘက်တစ်ယောက်တည်း ထွက်လာတာလဲ"

"ဒီမှာရှင့်၊ ရှင်ဘာအကူအညီမှ မပေးဘဲ မေးခွန်းတွေ ရှည်မနေနဲ့တော့၊ သွား ... ထွက်သွား"

"ဩော် ခင်ဗျားကလဲ ဒေါသချည်းပဲကိုး၊ နေပါဦး ခင်ဗျားကို ဘယ်သူက အကူအညီ မပေးဘူးပြောရသေးလို့ လဲ"

"ရှင့်ပုံစံက အကူအညီပေးမယ့်ပုံမျိုးမှ မဟုတ်တာ"

"ဒါဖြင့် ကျွန်တော့်ဆီက အကူအညီ မရနိုင်ရင် ခင်ဗျား ဒီလိုပဲတစ်ညလုံး ကားပေါ်မှာ ထိုင်နေတော့မှာလား"

"ထိုင်နေသင့်ရင် ထိုင်နေမှာပေါ့"

"ကျွန်တော်က လူဆိုးကြီးဆိုရင်ကောဗျာ"

"ရှင် ဘာစကားပြောတာလဲ"

"ဩော် ဒီအချိန်မှာ ကျွန်တော်ဟာ လူကောင်းတစ် ယောက်မဟုတ်ဘဲ လူဆိုးတစ်ယောက်ဆိုရင် ဘယ်နှယ့်လုပ် မလဲလို့ မေးနေတာပါ"

"ဒီမှာ ... ရှင်အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့၊ ကျွန်မအနားက အခုထွက်သွားပါ"

သူက ခပ်ပြုံးပြုံး အမူအရာဖြင့် သူမမျက်နှာကို စူး စိုက်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကားကို ကျွန်တော် ကြည့်ပေးမယ်လေ" ဟု ပြောလိုက်သည်။

ဖင်မီဘာမှ မပြောဘဲ မျက်နှာလွှဲပြီး ထိုင်နေသော ကြောင့် "ခင်ဗျားအတော်စိတ်ဆိုးနေပြီထင်တယ်၊ ကဲ ... ကားစက်ဖုံး ဖွင့်လိုက်ပါ"

စကားဆုံးသည်နှင့် သူက ကားရှေ့ဘက်သို့ လျှောက် သွားသည်။ ပြီးတော့ ကားစက်ဖုံးကို ဆွဲဖွင့်ပြီး သူ့ကုတ် အင်္ကျီအိတ်ထဲမှ လက်နှိပ်ဓာတ်မီးလေးဖြင့် ထိုး၍ကြည့်လိုက် သည်။

"ကားက ဆီပိတ်နေတာပါ"

ဖင်မီကြားအောင် အော်ပြောလိုက်ပြီး စက်ဖုံးထဲ ငုံ့ ကြည့်၍ အလုပ်ရှုပ်နေသည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ကားစက်နိုးသွားသည်။

"ကဲ ... ခင်ဗျားကားကို ပြင်ပေးပြီးပြီ၊ ကျေးဇူးပဲ"

"ကျေးဇူးတင်တဲ့စကားကို ကျွန်မက ပြောရမှာပါ"

"အလုပ်ရှိသေးလို့ သွားလိုက်ဦးမယ်ဗျို့"

သည်တော့မှပင် သူ့မျက်နှာကို စိတ်ရှည်လက်ရှည် စူးစိုက်ပြီး ကြည့်လိုက်မိ၏။

"ဟင်"

သူမ နှလုံးသားက ထိတ်ခနဲခုန်သွားသည်။





သူဟာ ... သူဟာ ... မင်းသားပြေဦးညိုများလား ပြေဦးညိုနဲ့တူလိုက်တာ ...

သူမအတွေးတွေက မရေရာလှသော်လည်း သူ့မျက်နှာ ကို စူးစိုက်ပြီး ကြည့်နေရန် အင်းအားမရှိတော့သလို ခံစား ရသည်။

"ခင်ဗျားကားမောင်းသွားတော့လေ၊ ညမိုးချုပ်အချိန် ကြီး ဒီနေရာမှာ တစ်ယောက်တည်း မနေခဲ့သင့်ဘူး၊ ဘာ ဖြစ်လို့ ကျွန်တော့်ကို ဒီလောက်တောင် ကြည့်နေရတာလဲ ပြောပါဦး"

"ရှင် ရှင့်ကို မြင်ဖူးသလိုပဲ၊ ရှင် မင်းသား မဟုတ် လား"

သူမ အမေးကြောင့် သူ ဟက်ဟက်ပက်ပက် ရယ် မောလိုက်သည်။

"ဩော် ... ခင်ဗျားက ကျွန်တော့်ကို သိနေတာကိုး၊ ဟုတ်ပါသတဲ့ဗျာ၊ ကျွန်တော် ပြေဦးညိုပါပဲ"

"ဟင် ... မင်းသား၊ ရှင်ဒီညပွဲမကဘူးလား၊ ဒီည ဇာတ်ပွဲအားပေးမလို့ ကျွန်မထွက်လာခဲ့တာလေ"

"ဩော် ... ဒီလိုကိုး၊ ကျေးဇူးပါပဲဗျာ၊ ကျွန်တော့် ပရိသတ်နဲ့မှ လာတွေ့နေရတယ်လို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ မေးတာဖြေပါဦး မင်းသားရဲ့၊ ရှင် ဒီည ကမှာလား"

သူမ စိုးရိမ်ပူပန်စွာ မေးလိုက်မိသည်။

"ကျွန်တော် ဒီညကမှာပါဗျာ၊ ဒါကြောင့် ရေနံချောင်းကနေ အလောသုံးဆယ် ပြန်လာတာပေါ့၊ ရေနံချောင်းက သူငယ်ချင်းတစ်ယောက်ဆီ ခဏသွားလည်ပြီး ပြန်လာခဲ့တာ၊ ခင်ဗျားနဲ့ ဒီမှာ ဆုံကြတာပဲ၊ ကဲ ... ခင်ဗျားကားကို ကျွန်တော့်နောက်က မောင်းပြီး လိုက်လာခဲ့ပေတော့၊ အတော်လေး နောက်ကျနေပြီ"

သူက စကားဆုံးသည်နှင့် ဆိုင်ကယ်ပေါ်တက်ပြီး မောင်းထွက်သွားတော့၏။

သူမအံ့ဩတကြီး ငေးမောကြည့်နေမိပြီးမှ ကားကို မောင်းထွက်လာခဲ့သည်။

ဇာတ်ရုံအနီးရောက်တော့ သူက ဟွန်းဒါကို ရပ်လိုက်ပြီး သူမကားကို တားဆီးလိုက်သည်။

သူမ ကားရပ်ပြီး သူ့ကို ကြည့်လိုက်၏။

"ရှင် ဘာပြောမလို့လဲ"

"ဩော် ... ဇာတ်စင်ပေါ် တက်ပြီး ပွဲကြည့်ချင်ရင် ကျွန်တော်စီစဉ်ပေးမလို့ပါ"



သူ့စကားကြောင့် သူမမျက်နှာလေးပြုံးစေ့စေ့ဖြစ်သွားသည်။ ပြီးတော့ ပြောသည်။

"ကျွန်မတို့ ဖျာဝယ်ထားပြီးသားပါ၊ ဇာတ်စင်ပေါ်တက်ပြီး ကြည့်ရမယ့်ကလေးအရွယ်မဟုတ်တော့ဘူးလေ၊ ပြီးတော့ ကျွန်မက ဒီမြို့က လက်ထောက်ဆရာဝန်ရှင့်"

"ဩော် ... ဒီလိုလား၊ ဆောရီးပဲဗျာ၊ မမဒေါက်တာရဲ့ နာမည်လေးပြောသွားပါဦး"

"ကျွန်မနာမည်ဖင်မိမိဦးပါ၊ ဒေါက်တာဖင်မိလို့ပဲ မှတ်ထားနိုင်ပါတယ်"

"အိုကေ ...သွားတော့မယ်နော် မမဖင်မိ"

သူ နှုတ်ဆက်ပြီး ဟွန်းဒါပေါ်တက်၍ မောင်းထွက်သွားလေသည်။

သူမဇာတ်ရုံထဲရောက်တော့ သူငယ်ချင်းများ စုံနေပေပြီ။

"ဟယ် ... နောက်ကျလှချည်လား ဖင်မိရယ်၊ အော်ပရာတောင် ထွက်တော့မယ်"

"လမ်းမှာ ကားပျက်နေလို့ နောက်ကျနေတာ၊ ကံကောင်းထောက်မပြီး သူနဲ့တွေ့ခဲ့ပေလို့ပေါ့၊ နို့မဟုတ်ရင် ပွဲခင်းထဲတောင် ရောက်လာနိုင်မှာမဟုတ်ဘူး"

"ဘယ်က သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သူဆိုတာ ... မင်းသားလေ"

"ဘာ ... မင်းသားဟုတ်လား"

သူမစကားကြောင့် အားလုံး အံ့ဩနေကြသည်။

"ဟယ် ... တကယ်ပြောနေတာလား၊ မယုံနိုင်စရာ ကြီးနော်"

"မယုံလဲ မကတ်နိုင်ဘူး၊ ကျွန်မတွေ့ခဲ့တာတော့ ပြေဦးညို့မှ ပြေဦးညို့ပဲ"

"ကဲပါ ... စကားများ မနေကြပါနဲ့တော့၊ ဟိုမှာ အော်ပရာ ထွက်တော့မယ်"

သင်းသင်းအေးပြောလိုက်သောကြောင့် အားလုံး စကားစပြတ်သွားကြသည်။

ခဏကြာတော့ အော်ပရာခန်းထွက်လာ၏။

မင်းသားကို ရွှေရောင်နှင့် ခရမ်းနရောင်ထားသည့် ဝတ်စုံဖြင့် တွေ့လိုက်ကြရသည်။

"ဟယ်မင်းသားက ချောလိုက်တာ၊ အရမ်းကို မိုက် ဘယ်၊ မနေ့ညကကက် ပိုပြီး လှနေပါလား"

အော်ပရာခန်းတွင် မင်းသမီးအချို့နှင့် တွဲပြီး မင်းသား ကပြဖျော်ဖြေလေသည်။

ပြီးတော့ မင်းသားတစ်ဦးတည်း စတိတ်ရှိုးဆိုလေ သည်။





မင်းသားက ပရိသတ်ကြားထိုးဆင်းထားသည့် ပန်း တံတားလေးပေါ်မှ ဆင်းလာသောအခါ အမျိုးသမီးပရိသတ် အချို့တို့ သကြားလုံးများ ဆွဲပေးခြင်း၊ လိမ္မော်သီးစိတ်များ ကျွေးခြင်း၊ ပန်းစည်းများ ပေးခြင်း စသည်ဖြင့် လှုပ်လှုပ် ရှားရှား ဖြစ်နေသည်။

မင်းသားဇာတ်စင်ပေါ် ပြန်ရောက်သွားမှပင် ပရိသတ် များ ပြန်လည်ငြိမ်သက်သွားလေသည်။

ထိုညနေက အရုဏ်တက်ချိန်ရောက်မှပင် ပြေဦးညို့ ၏ ဇာတ်ပွဲပြီးသွားခဲ့၏။

ဇာတ်ပွဲပြီးသည့်အချိန်အထိ မိုးလင်းအောင် အားပေး ခဲ့ကြသည်။

"ဘယ်လိုလဲ ကားမောင်းနိုင်ပါ့မလား ဇင်မီရယ်၊ မင်းသားကို မိုးလင်းကဲ့အထိ အားပေးတယ်ဆိုတော့ မူးနေ မှာပေါ့"

သင်းသင်းအေးက စိုးရိမ်ပူပန်သလို ပြောလိုက်၏။

"ဖြစ်ပါတယ်၊ ကျွန်မအခြေအနေက ကောင်းကောင်း ကားမောင်းနိုင်တဲ့အခြေအနေပဲ၊ ကဲ ... သွားမယ်နော်"

သူမ နှုတ်ဆက်လိုက်သည်။ နုနုက ...

"ဟယ် ... လက်ဖက်ရည်ဆိုင်ထိုင်ကြရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်ပြီးမှ လမ်းခွဲကြတာပေါ့နော်''ဟု ပြောလိုက်သည်။

''ကဲ . . . ဒါဖြင့်လဲ ရွှေအိုးကြီးလက်ဖက်ရည်ဆိုင် သွားကြတာပေါ့''

ရွှေအိုးကြီးလက်ဖက်ရည်ဆိုင်က ဘုတ်ရုံအနီးမှာပင် ရှိသည်။ ထို့ကြောင့် သူငယ်ချင်းကာစ်စု ရွှေအိုးကြီးလက်ဖက်ရည်ဆိုင်သို့ လာခဲ့ကြပြီး မနက်စာ လက်ဖက်ရည်နှင့် မုန့်ကို သုံးဆောင်ကြသည်။

လက်ဖက်ရည်သောက်ပြီးတော့ နှုတ်ဆက်၍ လမ်းခွဲလိုက်ကြသည်။

ဇင်မီ သူမ ကားရှိရာသို့ လျှောက်လာခဲ့ပြီး ကားတံခါးကို သော့လှည့်ဖွင့်လိုက်၏။

❑ ✣ ❑





## အခန်း (၂)

''ခင်ဗျား ပြန်တော့မလို့လား''

ရုတ်တရက် သူ့ကို တွေ့လိုက်ရသောကြောင့် ဇင်မီ မယုံနိုင်လောက်အောင် အံ့သြသွားမိသည်။

မင်းသားပြေဦးညိုကို တွေ့လိုက်ရသောကြောင့်ရယ်ပါ။

''မမကို ကျွန်တော် လိုက်ပို့ပေးရမလား''

သူ့စကားကြောင့် အံ့သြသွားမိပြန်၏။

''ရှင် . . . ကျွန်မကို လိုက်ပို့မလို့''

''ဟုတ်တယ်လေ၊ ခင်ဗျားတစ်ယောက်တည်း လမ်းမှာ မူးလဲနေမှာစိုး ၍ ကျွန်တော်လိုက်ပို့ဖို့ စိတ်ကူးမိတာပါ''

''ကိစ္စမရှိပါဘူး၊ ကျွန်မဘာသာပြန်လို့ ဖြစ်ပါတယ်''

''ကျွန်တော်လဲ အဲဒီဘက်ကို ခရီးကြုံနေလို့ပါ မမရယ်၊ ကဲ . . . သော့ပေး၊ ကျွန်တော် ကားမောင်းပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမ ရုတ်တရက်ဆုံးဖြတ်မရသလို ငေးငိုင်တွေဝေနေမိသည်။

နာမည်ကြီးမင်းသားတစ်ယောက်က ခုလို ပြောနေပြန်တော့လည်း ငြင်းရမှာ အားနာနေမိ၏။

"ရှင်က နာမည်ကြီး မင်းသားတစ်ယောက်ပဲ၊ ကျွန်မကို ခုလို လိုက်ပို့ပေးတော့ လူတွေမြင်ရင် အတင်းပြောကြမှာ မကြောက်ဘူးလား"

"မကြောက်ဘူး"

"ဒါဖြင့်လဲ ပြီးရော"

သူ့ကို ကားသော့လှမ်းပေးပြီး တစ်ဖက်ခုံတွင် သူမ ဝင်ထိုင်လိုက်သည်။

မင်းသားက ကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

"ဒီနေ့ ဆန်းဒေးနော်၊ ဆေးရုံမသွားရဘူးလား"

"ဒီနေ့ ကျွန်မ OFF လေ၊ မသွားရဘူး"

"တော်သေးတာပေါ့ဗျာ၊ နို့မဟုတ်ရင် အိပ်ဒိုက်ပြီး ဆေးရုံက လူနာတွေ ဆေးထိုးမှားနေပါဦးမယ်" ဟု သူက နောက်သည်။

"ကျွန်မ ဒီလောက်မညံ့ဖျင်းသေးပါဘူး မင်းသားရဲ့"

"ကျွန်တော့်ကို မင်းသားလို့ မခေါ်ပါနဲ့"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"





"ပြေဦးဖြစ်ဖြစ် ... ပြေညိုဖြစ်ဖြစ်၊ ကြိုက်တာတစ်မျိုးခေါ်လေ"

"ရှင်ပြောတဲ့ နာမည်တွေက မမိုက်ပါဘူး၊ မင်းသားလို့ပဲ ခေါ်ချင်တယ်"

"ဒါဖြင့်ရင်လဲ သဘောပါပဲဗျာ"

သူမောင်းလာသည့် ကားလေးက တရိပ်ရိပ်ပြေးရင်း မြို့ပြင်သို့ ရောက်လာခဲ့သည်။

"မမအလုပ်လုပ်တဲ့ ဆေးရုံကိုတော့ သိပြီ၊ အိမ်လိပ်စာကို အသေအချာ မှတ်ထားမှ"

"ဘာလုပ်ဖို့လဲ"

"မမကို မြင်မြင်ချင်း စိတ်ဝင်စားမိလို့"

သူ့စကားကြောင့် သူမ မျက်နှာတစ်ခုလုံး ရက်သွေးရောင်ဖြန်းပြီး နီမြန်းသွားသည်။

"ဒါ ကျွန်မရဲ့ ကားပေါ်မှာနော်၊ ရှင်က ဓာတ်ခုံပေါ်မှာ ထင်ပြီး ပြောချင်ရာ လျှောက်ပြော နေတာလား"

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်က မမကို တကယ်စိတ်ဝင်စားနေလို့ပါ"

သူ့စကားကြောင့် သူမလှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ . . . ရှင် ဘယ်လိုလူလဲ၊ ရှင့်ကို ကျွန်မ ဘယ်လို နားလည်ရမှာလဲ၊ ရှင်နဲ့ ကျွန်မ တွေ့ခဲ့ကြတာ တစ်ရက် တောင် မပြည့်သေးဘူး"

"ဟုတ်ကဲ့ . . . မမပြောတာ မှန်ပါတယ်၊ ကျွန်တော် နဲ့ မမတွေ့ခဲ့ကြတာ တစ်ရက်တောင် မပြည့်သေးပေမယ့် မမကို ကျွန်တော်စိတ်ဝင်စားနေမိတာ အမှန်ပါပဲ၊ မနက်ဖြန် မနက် ဒီလိုအချိန်ဆိုရင် မမတို့ မြို့ကနေ ကျွန်တော် အခြား တစ်မြို့ကို သွားရတော့မှာ သေချာတယ်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောသင့်ပြောထိုက်တဲ့ စကားကို ဖွင့် ပြောသင့်တယ်လို့ နားလည်မိတယ်လေ၊ ဒါကြောင့်ပြောခဲ့မိ တာပါ မမ"

သူ့မျက်နှာက တည်ငြိမ်နေသလို သူ့အသံက လေး နက်နေ၏။

သို့သော် ဇင်မီ သူ့ကို မယုံနိုင်ပါ . . .

သူက နာမည်ကြီးမင်းသားတစ်ယောက်မို့ မိန်းကလေး မြင်တိုင်း ရည်းစားစကားပြောတတ်သူများလား . . .

"မမကို ကျွန်တော် တကယ်စိတ်ဝင်စားတယ်"

"ရှင်က နာမည်ကြီးမင်းသားမို့ မိန်းကလေးမြင်တိုင်း အခွင့်အရေးယူပြီး ပြောနေတာများလား"





"သည်လို ထင်ရင်မှားမှာပေါ့ မမရာ၊ ကျွန်တော့် ဘဝမှာ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ခဲ့ဖူးဘူး။ မမကို မြင်မှ စိတ်ဝင်စားခဲ့မိတယ်၊ ညက ကျွန်တော် ပွဲကရင်း ပွဲခင်းထဲမှာ မမကို ရှာနေခဲ့မိတယ်လေ၊ ရင်ထဲမှာ မမ အချိန်တိုင်းရှိနေတယ်၊ စွဲမိရွေဘဝင်လေ"

"ရှင်က မင်းသားပီပီ အပြောတကယ်ကောင်းတယ် နော်၊ ကျွန်မ မယုံနိုင်တာတော့ ဝမ်းနည်းပါတယ်ရှင်"

သူမ ခပ်လျောင်လျောင်ပြောလိုက်သောကြောင့် သူ့ မျက်နှာတစ်ခုလုံး နီမြန်းသွားသည်။

"ကျွန်တော် တကယ်ပြောနေတာပါမမ၊ ကျွန်တော့် ဘဝမှာ မမကို ပထမဦးဆုံး စိတ်ဝင်စားခဲ့မိတာ အမှန်ပါ မမ"

သူမ ဘာမှ မပြောဘဲ ကားပြတင်းမှတဆင့် ရှုမျှော်ခင်းများကို ငေးမောကြည့်ရှုနေမိ၏။

"ကျွန်တော် နားလည်ပါတယ်မမ၊ မမကမိန်းမသား ဆိုတော့လည်း ကျွန်တော့်ကို မယုံနိုင်တာ အပြစ်တင်စရာ မရှိပါဘူး၊ ဒါပေမယ့် အချိန်က စကားပြောပါလိမ့်မယ်၊ မမ ကို ကျွန်တော် အမြဲဆက်သွယ်မယ်လေ"

သူ့အသံက စိတ်လှုပ်ရှားမှုကြောင့် အနည်းငယ်တုန် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခြံကျယ်ကြီးရှေ့ ရောက်တော့ ဖင်မိ ပြောလိုက်၏။

"ကဲ ကားရပ်လိုက်တော့၊ ဒါ ကျွန်မတို့ ခြံကျယ်ကြီးပဲ"

ကြီးမားကျယ်ဝန်း၍ ပန်းမာန်နှင့် သစ်ပင်တွေ စုံလင်အောင် ဖူးပွင့်ဝေဆာနေသည့် သူမတို့ ခြံကျယ်ကြီးကို ကြည့်ပြီး သူ အံ့သြတွေဝေနေသည်။

"ကဲ မင်းသား အိမ်ထဲဝင်လည်ပါဦးလား"

"ဟုတ်ကဲ့ ခုလိုပြောဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နောက်တစ်ခေါက်မှပဲ လာခဲ့မယ်နော်၊ အခု ခရီးဆက်ရဦးမယ်"

"ရေနံချောင်းကိုလား"

"ဟုတ်တယ်"

"ကြုံရာကားနဲ့ပေါ့"

"ဟုတ်ကဲ့"

"ဒါဖြင့် ဘိုင့် ဘိုင်"

မင်းသား ကားပေါ်မှ ဆင်းလိုက်၏။ ပြီးတော့ သူ့ရှပ်အင်္ကျီအိတ်ထဲအသာနှိုက်လိုက်သည်။ ကဒ်ပြားလေးတစ်ခု ဖြစ်သည်။





"ဒါ ကျွန်တော့် NAME CARD လေးပါ မမ၊ ဖုန်းနံပါတ်တွေ ရေးထားတယ်နော်"

ကဒ်ပြားလေးကို သူမထံ လှမ်းပေးရင်း သူ ပြောလိုက်သည်။

"မင်းသားက ဖုန်းနှစ်လုံး၊ သုံးလုံးနဲ့ပါလား၊ သူဌေးပဲ၊ ဒါပေမယ့် ဖုန်းဆက်ရင် ဆယ်လူလာကိုပဲ ဆက်မယ်"

"အိုကေ မမ ဘိုင့်ဘိုင်"

ဖင်မိ သူမကားကို ခြံကျယ်ကြီးထဲ မောင်းဝင်လာခဲ့လေသည်။

မင်းသားက သူမကို ငေးကြည့်ပြီး ခြံကျယ်ကြီးရှေ့မှာပင် ကျန်ရစ်ခဲ့သည်။

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

နောက်တစ်ပတ်ခန့်အကြာတွင် ဖင်မီဆေးရုံမှာ အလုပ်ရှုပ်နေစဉ် မင်းသားထံမှ ဖုန်းဝင်လာခဲ့၏။

"ဟယ်လို . . . ဖင်မီပါ"

"မမဖင်မီလား၊ ကျွန်တော် ပြေဦးညိုပါ၊ ကျွန်တော် အခု မန္တလေးက ဆက်နေတာပါ မမ"

"ပြော်"

"မမ ကျွန်တော်တို့မြို့ကို လာလည်ပါလား ခင်ဗျာ"

"ညမှ အိမ်ကို ဖုန်းဆက်လိုက်ပါလား ကိုမင်းသား၊ အခု ကျွန်မ အရေးတကြီးလူနာတွေ ကြည့်နေရလို့ပါ"

"ဆရာဝန်မကြီး အလုပ်ရှုပ်နေတုန်း အနှောင့်အယှက်ပေးသလို ဖြစ်သွားတဲ့အတွက် ဆောရီးပဲနော်၊ ညမှ ဖုန်းဆက်လိုက်မယ်၊ ဖုန်းနံပါတ် ပြောပါဦး"





ဖင်မီက သူမဖုန်းနံပါတ်ကို ပြောပြလိုက်သည်။

"အိုကေ . . . ဘိုင့်ဘိုင်"

သူ ဖုန်းချသွားသည်။

ဖင်မီ အလုပ်ရှုပ်နေရင်း သူ့အကြောင်းကို တွေးတောစဉ်းစားနေမိသည် မဟုတ်ပါလား . . .

ထိုနေ့ည ဖင်မီ သူ့ဖုန်းကို မျှော်နေစဉ်မှာပင် သူ့ထံမှ ဖုန်းသံကို ကြားလိုက်ရသည်။

"ဟယ်လို . . . ဖင်မီပါ"

"မမ ကျွန်တော် အခု ဦးဝိန်တော်တားနားက ဆက်နေတာလေ၊ တစ်ယောက်တည်း စိတ်ကူးယဉ်နေမိတယ် သိလား"

"ဟုတ်လား . . . ဘာတွေများ စိတ်ကူးယဉ်နေသလဲ"

"ပြော် ကျွန်တော့်အနားမှာ ချစ်ရတဲ့ မမ ရှိနေရင် ဘယ်လောက်များ ပျော်စရာကောင်းမလဲလို့ပေါ့"

"ရှင် ဒီစကားမျိုးပြောပြန်ပြီလား"

"မမ"

". . . . ."

"မမ"

"ပြော . . . ပြော"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်မဆိုးပါနဲ့ မမရယ်၊ ကျွန်တော့် အချစ်ကို လက်ခံပါလားဟင်"

"ပေးသေးတယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ လက်ထပ်ဖို့ ဘဝကြင်ဖော်ရွေးတဲ့အခါမှာ ရှင့်လို မင်းသားမျိုး စိတ်ကူးထဲ မရှိဘူး"

"ရက်စက်လိုက်တာ မမရယ်၊ ကျွန်တော့်လို သဘင်သည်ကို အထင်မကြီးဘူးဆိုတဲ့ သဘောမျိုးလားဟင်'

"အထင်ကြီးတာပါ၊ မင်းသားဆိုတော့ ချစ်သူမိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ တွေးပြီး ဒေါသဖြစ်မိဘယ်၊ သဝန်တိုနေရမယ့် အလုပ်၊ စိတ်ရှုပ်ပါတယ်ရှင်"

သူမရင်ထဲရှိသမျှ မထိန်မဝှက် ပြောလိုက်မိ၏။

"ကျွန်တော်က မင်းသားပေမယ့် မျက်နှာမများတတ်ပါဘူး၊ မန္တလေးမှာ ကျွန်တော်တစ်ယောက်တည်းနေတယ်၊ ဦးလေးရဲ့ အမွေအနှစ်တွေ ကျွန်တော့်ကို လွှဲပေးခဲ့လို့ ပစ္စည်းဥစ္စာပြည့်စုံသူပါမမ"

"ကျွန်မ စည်းစိမ်မက်တဲ့ မိန်မမျိုးမဟုတ်ဘူး၊ ရှင်နားလည်ထားပါ"

"ဒါပေမယ့် ကျွန်တော်က တစ်ကောင်ကြွက်၊ တစ်





မျက်နှာမှို အားငယ်မိတယ်၊ မိဘတွေကလဲ မရှိကြတော့ဘူး၊ ကျွန်တော့်ကိုသာ မမ လက်ထပ်ရင် မမအနေနဲ့ ယောက္ခမ၊ ယောင်းမတွေနဲ့ မသင့်တင့်တာတို့၊ စိတ်ရှုပ်တာတို့ မရှိစေရဘူး"

မင်းသားစကားကြောင့် သူမ ကြိတ်ပြီးရယ်နေမိသည်။ အတော်စကားကြောရှည်တဲ့ သူပါလား ...

"မမ"

"ပြော"

"ကျွန်တော့် အချစ်ကို လက်ခံပါနော်"

"ရှင့်အနားမှာ အပျိုတွေ ဝိုင်းဝိုင်းလည်နေတယ် မဟုတ်လား၊ ကျွန်မကို မေ့လိုက်တော့"

"အို သည်လိုမလုပ်ပါနဲ့ မမရယ်၊ ကျွန်တော့် အချစ်ကို ဥပေက္ခာ မပြုလိုက်ပါနဲ့"

"ကျွန်မကို ချစ်ရင် ဇာတ်မကနဲ့တော့"

"ဗျာ"

"ကဲ ရှင်ကြိုက်တာရွေး"

"သည်လိုတော့ အကြပ်မကိုင်ပါနဲ့ မမရယ်၊ မမကိုလည်း လက်ထပ်မယ်၊ ပွဲလည်းကမယ်"

"မရဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အနုပညာကို အထင်သေးလို့လား။ ကျွန်တော် တကယ့်အနုပညာသယ်ပါ"

"အမှန်အတိုင်းပြောရရင် ရှင့်အနုပညာကို ကျွန်မ လေးစားအထင်ကြီးတယ်လေ၊ ဒါပေမယ့် အပျိုချောတွေ ဝိုင်းဝိုင်းလည်နေမှာကိုတော့ သဝန်တိုမိတယ်"

သူမ အမှန်ကို ပြောလိုက်မိသည်။ သူက ဒါကို တစ်မျိုး သဘောပေါက်သွားပုံဖြင့် ...

"သဝန်တိုတယ် ဟုတ်လား မမ၊ ဒါဖြင့် ကျွန်တော့်ကို မမ ... ချစ်နေပြီ ထင်တယ်"

"ဘာ"

"စိတ်မရှိပါနဲ့ မမရယ်"

"ရှင့်ကို ကျွန်မ မချစ်ဘူး။ ရှင်ကိုယ်ရှင် အထင်ကြီး မနေနဲ့"

စကားဆုံးသည်နှင့် သူမ ဖုန်းချပစ်လိုက်သည်။

သူ ပြန်ခေါ်ပေမယ့် မရတော့ပေ။

နောက်တစ်နေ့တွင် ဇင်မှီထံသို့ သူ ပန်းစည်းတွေ ဆက်တိုက်ပို့ပေးခဲ့သည်။

ရောက်သည့်အရပ်မှ နေပြီး ပန်းစည်းကို လူကြုံဖြင့် ပို့ခဲ့သည်။





ကြာတော့ ဇင်မီဘက်မှ ယိမ်းယိုင်လာခဲ့သည်။

သည်လိုနှင့် သူနှင့် ဇင်မီချစ်သူတွေဖြစ်ခဲ့ကြရသည်။

ချစ်မိကြပြန်တော့လည်း မခွဲနိုင် မခွာရက်လောက်အောင် ခံစားခဲ့ကြရသည်။

သူက အခွင့်အရေး ကြုံတိုင်း ဇင်မှီထံ လာတွေ့တတ်သလို ဇင်မီကလည်း သူ့ထံ နေ့စဉ်မပြတ် ဖုန်းဆက်လေ့ရှိသည်။

သည်လိုနှင့် သူတို့ အချစ်သက်တမ်းတစ်နှစ်တိုင် ကြာမြင့်ခဲ့လေသည်။

❑ ✣ ❑


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုနှစ်သင်္ကြန်တွင် ဖင်မီတို့ သူငယ်ချင်းတစ်စု မန္တလေးမြို့သို့ ရောက်လာခဲ့ကြ၏။

သင်္ကြန်ရက်တွင် ဖင်မီတို့ သူငယ်ချင်းတစ်စုနှင့်အတူ သူလည်းပတ်ခဲ့သည်။

အတက်နေ့ညနေတွင် ဖင်မီ့ကို သူက ဦးပိန်တံတားဘက်သို့ နှစ်ယောက်တည်း သွားရန်ခေါ်လာခဲ့သည်။

ဦးပိန်တံတားအနီးရောက်တော့ သူ့ကားကို ရပ်ပြီး ပြောလိုက်သည်။

"မမ . . . ဒီနေရာလေးမှာ အေးအေးဆေးဆေး လေညှင်းခံရင်း စကားပြောကြရအောင်နော်၊ ပြီးမှ ကျွန်တော့်ခြံနဲ့တိုက်ကို အလည်လိုက်ခဲ့ဖို့ ခေါ်သွားမယ်"

"တစ်ယောက်တည်း လိုက်ခဲ့ရမှာလား"





"မမက ကျွန်တော့်သိက္ခာကို မယုံကြည်လို့ အခုလို မေးနေတာလားမမ၊ ကျွန်တော့်သိက္ခာကို ယုံကြည်တယ်ဆိုရင် ကျွန်တော်နဲ့အတူ မမ လိုက်ခဲ့ပါလား . . ."

"ကောင်းပြီလေ . . . ရှင့်ကို ကျွန်မဖွတ်မိုတ်ပြီး ယုံလိုက်ပါ့မယ်"

သူမစကားကြောင့် သူ ကြည်နူးဝမ်းသာစွာ ရယ်မောလိုက်သည်။

"ဦးပိန်တံတားပေါ် လျှောက်ဦးမလား မမ"

"မလျှောက်တော့ပါဘူး"

"ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါတော့ မမရယ်"

"ကျွန်မရဲ့ မိဘတွေကို ရှင်နဲ့ချစ်နေတဲ့အကြောင်း ဖွင့်ပြောဖို့ ရင်လေးနေမိတယ်၊ မိဘတွေက သဘောမှ တူပါ့မလားလို့ တွေးပြီး စိုးရိမ်နေမိတာပါ"

"ဘာဖြစ်လို့လဲ မမ၊ ကျွန်တော်က မင်းသားမို့ သဘောမတူမှာ စိုးရိမ်တာလား"

"ဟုတ်တယ် . . . ရှင်က မင်းသားမို့ ကျွန်မမိဘတွေ သဘောတူမှာ မဟုတ်ဘူး၊ ဒါပေမယ့် အကျိုးအကြောင်းတော့ ပြောကြည့်ပါမယ်"

သူတို့ နာရီဝက်ခန့်စကားပြောနေကြပြီးမှ ပြေနီသို့


www.burmeseclassic.com

www.burmeseclassic.com

က သူ့ကားကို သူ့အိမ်ကြီးရှိရာသို့ မောင်းလာခဲ့သည်။

''မင်းသားဇာတ်က သွားရင် ဘာဖြစ်လို့ ကား မယူသွားတာလဲ''

''ကျွန်တော် ယူသွားဖူးတယ်၊ ဇာတ်အဖွဲ့နဲ့ ကျွန်တော်တသီးတခြားစီ ဖြစ်နေသလိုပဲ၊ လမ်းမှာ စကားပြောဖော်မရှိဘူး၊ စုစုစည်းစည်း သွားကြလာကြ၊ စားကြသောက်ကြတာ ပိုပြီး ကောင်းတယ်လေ၊ ဒါကြောင့် ကားကို ထားခဲ့တာပါ''

သူက မန္တလေးမြို့စွန်ရှိ ခြံကျယ်ကြီးတစ်ခုထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

ပြီးတော့ ခြံကျယ်ကြီးအတွင်းရှိ တစ်ထပ်တိုက်ပုလေးရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

တိုက်ပုပြားပြားလေး ပတ်လည်တွင် လှပဆန်းကျယ်သော ပန်းရောင်စုံများ စိုက်ပျိုးထားတာကို တွေ့ရသည်။

"ခြံထဲဆင်းပြီး ပန်းတွေကြည့်ပါလား မမ၊ ပြီးတော့ ကျွန်တော့် အိမ်ကလေးထဲကို ခဏဖြစ်ဖြစ် ဝင်ကြည့်စေချင်ပါတယ်''

သူမ ကားပေါ်မှ ဆင်းလိုက်သည်။

"လာ . . . မမဇင်မီ အိမ်ကလေးထဲမှာ မမကို ပြစရာ





တွေရှိတယ်''

"ဘာတွေများလဲ''

''မမဇင်မီကို ဘယ်လောက်ချစ်မြတ်နိုးတွယ်တာရတယ်ဆိုတာ ပြချင်လို့ပါ၊ ဒါမှ ကျွန်တော့်ကို ပိုပြီး နားလည်လာမယ် မဟုတ်လား''

"ဟိုတိုက်ကြီးက ဘယ်သူပိုင်တာလဲ''

သူ့တိုက်လေးနှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် နှစ်ထပ်တိုက် တိုက်ဝါကြီးတစ်ခု၊

ထိုတိုက်ကြီးကို လက်ညှိုးထိုး၍ မေးလိုက်ခြင်းဖြစ်သည်။

"အဲဒါ ကျွန်တော့်ဦးလေး ကျွန်တော့်ကို အမွေပေးခဲ့တဲ့ တိုက်ပါမမ''

"ဒါဖြင့် မင်းသားက အတော်ချမ်းသာတာပေါ့''

''ဒီလောက်လဲ မချမ်းသာပါဘူး''

သူက သူမလက်တစ်ဖက်ကို အသာဆုပ်ကိုင်ပြီး တိုက်ကလေးထဲသို့ ဝင်လာခဲ့သည်။

''ကဲ . . . လာမမ၊ မမကို ပြစရာရှိတယ်၊ ဧည့်ခန်းထဲမှာ ခဏထိုင်နေဦးနော်''

သူမကို ဧည့်ခန်းထဲမှာ ထားရစ်ခဲ့ပြီး သူ့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဆွဲလက်စ ပန်းချီကားချပ်လေးနှင့် ဒိုင်ယာရီစာအုပ်ကို ယူပြီး သူမနားသို့ ပြန်ရောက်လာသည်။

"ဒီမှာ ... မမရဲ့ပုံတူပန်းချီကားချပ်၊ ကျွန်တော့်စိတ်ကူးနဲ့ ပုံဖော်ပြီး ဆွဲထားတာ၊ ဒါက မမအကြောင်းတွေ ရေးထားတဲ့ ဒိုင်ယာရီစာအုပ်ပဲ၊ မမအေးအေးဆေးဆေး ဖတ်ကြည့်ရအောင် ယူသွားပါ"

သူမပန်းချီကားချပ်ကို ကြည့်ပြီး အံ့သြနေမိသည်။ ပန်းချီကားက သူ့စိတ်ကူးနှင့် ရေးဆွဲတာ ဖြစ်သော်လည်း သူမမျက်နှာကို ကြည့်ပြီး ဆွဲထားသကဲ့သို့ အသက်ပင်လှသည်။

"ဘာဖြစ်လို့ ဒီလောက်ဟန်ဆောင်နေရတာလဲ၊ မျိုသိပ်ထားရတာလဲ၊ ကျွန်တော့်ကို ချစ်တယ်လို့ ပြောလိုက်စမ်းပါ၊ ပြီးတော့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်စမ်းပါ"

"မင်းသားကို မမချစ်တယ်၊ ဒါပေမယ့် ဘဝချင်းနီးဖို့ဆိုတာကတော့ ကံတရားအပေါ်မှာ မူတည်ပါတယ် မင်းသားရယ်"

သူမ စကားကြောင့် သူ အံ့သြနာကျင်သွားမိပြီး ...

"ဘယ်လိုပြောလိုက်တာလဲ မမ၊ ကံတရားဟုတ်လား၊ တကယ်တော့ ကံတရားဆိုတာ လူအပေါ်မှာ မူတည်ပါတယ် မမရယ်"





"မမရဲ့ မိဘတွေက သဘောတူမှ ရှင့်ကို လက်ထပ်နိုင်မှာ၊ မိဘတွေ သဘောမတူရင် ဘယ်လိုဆုံးဖြတ်ရမလဲ"

"သိကြားမင်း ဖျက်တောင်မပျက်နိုင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ထားလိုက်ပေါ့ မမရယ်"

"ကောင်းပြီ အဲဒီလို ဆုံးဖြတ်နိုင်အောင် မမကြိုးစားမယ်လေ"

ထိုနေ့ညနေက သူ့တိုက်ကလေးထဲတွင် ခေတ္တသာနေပြီး သူငယ်ချင်းများရှိရာသို့ သူမကို ပြန်ပို့ပေးခဲ့သည်။

နောက်တစ်နေ့နံနက် သူမတို့ မကွေးသို့ ပြန်သောအခါ သူက ကားဂိတ်အထိလိုက်ပြီး နှုတ်ဆက်ခဲ့သည်။

ဘာကြောင့်ရယ်မသိ၊ သည်တစ်ခါ လမ်းခွဲခဲ့ရတာ သူ့ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေမိသည် မဟုတ်ပါလား။

မမဖင်မီနဲ့ ဘယ်လောက်ကြာကြာ ဝေးနေကြရဦးမှာပါလိမ့် ...

❑ ✣ ❑


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ထိုနေ့က သူတို့ဇာတ်အဖွဲ့ ကျောက်ပန်းတောင်းမြို့တွင် ရောက်နေခဲ့ကြသည်။

ကျောက်ပန်းတောင်းတွင် စုစုပေါင်းပွဲသုံးညကရမည် ဖြစ်ပြီး၊ ပွဲဒုတိယညတွင် ဇင်မိုကေ မကွေးမှနေ၍ သူ့ထံ ဖုန်းဆက်ခဲ့သည်။

သူမထံ အမြန်ဆုံးပြန်လာပြီး ခေါ်ရန်ဖြစ်သည်။

"မောင် အခုချက်ချင်း ပြန်မလာရင် မနက်ဖြန်မနက် ဆို မမကို အိမ်က လူကြီးတွေ စေ့စပ်ပေးကြတော့မယ်တဲ့၊ ရန်ကုန်က ဒါရိုက်တာ ဦးမြမင်းနဲ့ လက်ထပ်ပေးကြမှာ"

ဇင်မိုအသံက အရေးတကြီး ဖြစ်နေသည်။

"ဒါရိုက်တာ ဦးမြမင်း . . . ဟုတ်လား"

"ဟုတ်တယ်"





"ဘယ်ဇာတ်ကား ရိုက်တဲ့လူလဲ"

"အို . . . မောင်ကလဲကွာ၊ ဒါရိုက်တာဆိုတာ လုပ်ငန်း ဒါရိုက်တာလေ၊ အေရှစ်လုံးကုမ္ပဏီက လုပ်ငန်းရှင်ပါ"

"ဟုတ်လား"

"အေးတိအေးစက် လုပ်မနေပါနဲ့ မောင်၊ သူက သန်ဘက်ခါ နိုင်ငံခြား ခဏသွားရမယ်တဲ့၊ သူ ပြန်လာတာနဲ့ လက်ထပ်ရမှာ၊ မနက်ဖြန် စေ့စပ်ပွဲနေ့"

"မောင် အခုပဲ ထွက်ခဲ့ချင်ပါတယ် မရယ်၊ ဒါပေမယ့် မောင့်ပရိသတ်တွေကို ပစ်ခဲ့ဖို့ ကိစ္စ"

"မောင့်ပရိသတ်ကို မမထက် ပိုပြီး ဦးစားပေးမှာလား မောင်"

"ဒါပေါ့ကွ . . . ဦးစားပေးရမှာပေါ့"

"ဒါဖြင့် . . . ဒါဖြင့် ဇင်မိုဆီ မောင်မလာတော့ဘူးလား"

ဇင်မိုအသံက ငိုသံရောစွက်နေသည်။

"မောင်လာမှာပါ၊ နှစ်ပါးသွားထွက်ပြီးတာနဲ့ မောင်လာခဲ့မယ်၊ ဇာတ်နောက်ပိုင်းကိုတော့ လက်ထောက်မင်းသားနဲ့ လွှဲခဲ့မယ်"

"တကယ်နော်မောင်"

"တကယ်ပါ မမရဲ့၊ နှစ်ပါးသွားကို စောစောပေးထွက်



www.burmeseclassic.com

www.burmeseclassic.com

မယ်လေ၊ မောင့်အချစ်ဇင်မီကို သူများလက်ထဲထည့်လိုက်လို့ ဘယ်ဖြစ်မလဲကွ''

''ဒါဖြင့် ဇင်မီအဆင်သင့်လုပ်ပြီး မကွေးမြသလွန်ဘုရားပေါ်မှာ စောင့်နေမယ်နော်မောင်''

''အိုကေ''

''ဘုရားရင်ပြင်တစ်နေရာက မတို့နှစ်ဦး တွေ့ဆုံနေကျနေရာလေးကို လာခဲ့နော်မောင်''

''စိတ်ချနေမမ၊ မောင်အခုချက်ချင်းတောင် ထွက်လာချင်နေပြီ၊ ဒါပေမယ့် ပရိသတ်ကိုလေးစားရမယ် မဟုတ်လား''

သူ ဖုန်းချလိုက်ပြီး ထိုနေ့ညပွဲကရ မည့် အစီအစဉ်ကို စဉ်းစားရင်း ရင်ခုန်လှုပ်ရှားနေမိသည်။

ထိုနေ့ညက နှစ်ပါးသွားကပြီးသောအခါ သူတစ်ယောက်တည်း ကြုံရာကားဖြင့် လိုက်လာခဲ့သည်။

ကုန်တင်ကားကြီး တစ်စီး၏ ခေါင်မိုးပေါ်တွင် ထိုင်ပြီးလိုက်လာခဲ့ရခြင်းပါ။

ကားက ကုန်တွေပြည့်နေသောကြောင့် သူကလည်းအလျင်စလိုဖြစ်နေသည်မို့ ကားခေါင်မိုးပေါ်တွင် ထိုင်ပြီးလိုက်လာခဲ့မိခြင်းရယ်ပါ။

ရေနံချောင်းအနီးရောက်တော့ ကားက ရုတ်တရက်





ဆောင့်ခုန်ပြီး အနည်းငယ်စောင်းသွားသည်။

သူလည်း ကားပေါ်မှ ပစ်ကျသွားခဲ့၏။

သို့သော် ကားကြီးပေါ်မှ သူကျကျန်ရစ်ခဲ့တာကို တစ်ယောက်မှ မသိရှိကြပေ။

သူ့ခေါင်းကို ဆောင့်မိပြီး သူသတိလစ်သွားခဲ့သည်။

ထိုအဖြစ်အပျက်ကြောင့် သူသည် အတိတ်အကြောင်းအရာအားလုံးကို မေ့လျော့သွားခဲ့၏။

❑ ✣ ❑


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ကဲ . . . ကျွန်တော့်အကြောင်းကတော့ ဒီလောက်ပါပဲ မမ"

"ဒါဖြင့်ရင် . . . အခု ဖင်မီအခြေအနေ အရင်အတိုင်းဟုတ်မဟုတ် ရှင်သွားကြည့်ရတော့မှာပေါ့"

"ဟုတ်ပါတယ် မမယွန်းနု၊ ကျွန်တော်သွားကြည့်ရမယ်၊ ကျွန်တော်ပျောက်နေတဲ့အတွက် မမဖင်မီလဲ စိတ်သောက ရောက်နေရှာမှာပဲ"

"ဖင်မီ ဆီကို ရှင်အမြန်ဆုံးပြန်သင့်ပါတယ်"

"ဟုတ်ကဲ့မမ၊ မမဖင်မီဆီကို ကျွန်တော် ဒီနေ့ပဲ ပြန်တော့မယ်၊ မမဖင်မီနဲ့ တွေ့ပြီးရင် သူ့ကိုပါခေါ်ပြီး မမတို့ဆီအလည်လာခဲ့မယ်နော်"

ပိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့အတွက် ဒီလောက်စိတ်ထဲမထားပါနဲ့၊ ရှင်နဲ့ ဖင်မီ အဆင်ပြေရင် ပြီးတာပဲမဟုတ်လား"

သူက ငိုင်တွေဝေနေပြီးမှ . . .

"မမတို့က ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေပဲ၊ ကျွန်တော် မေ့ပစ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ" ဟုပြောလေသည်။

ထိုနေ့ညနေပြန်ရန် သူနှုတ်ဆက်သည့်အချိန်တွင် ဒေါ်မဥ္စူကာ မျက်ရည်စမ်းစမ်းဖြင့် . . .

"သာဓုကွယ်သာဓု၊ ငါ့သားလေးကျန်းမာချမ်းသာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ကံကြုံတုန်း ငါ့သားလေးနဲ့ တခဏတာ အတူနေခဲ့ကြရပေမယ့် တစ်သက်လုံးမမေ့တော့ပါဘူးကွယ်" ဟုပြောနေသည်။

ဒေါ်မဥ္စူကို ကန်တော့ပြီးမှ သူက ယွန်းခက်နှင့်ယွန်းနုတို့ နှစ်ဦးကို ကန်တော့ရန် လက်အုပ်ချီလိုက်သည်။

ယွန်းခက်က ဘာမှမပြောသော်လည်း ယွန်းနုက လက်ကာပြီး တားဆီးလိုက်၏။ ပြီးတော့ ထိုင်ရာမှထပြေးသွားသည်။

"အို . . . ကျွန်မကို ရှင်ကန်တော့လို့ ဘယ်ဖြစ်မလဲ ကိုစင်ကြယ်ရဲ့၊ ရှင်နဲ့ကျွန်မက အသက်အတူလောက်ရှိလိမ့်





မယ်ထင်တယ်"

ယွန်းနုအကန်တော့မခံသောကြောင့် သူဘာမှမပြောတော့ပေ။

ယွန်းခက်က သူ့ကို ကျန်းမာစေရန် ဆုတောင်းပေးပြီးမှ . . .

"မောင်စင်ကြယ်၊ မင်းရဲ့ အဝတ်အစားတွေ မယူသွားဘူးလား၊ ဘာမှလဲ မပြင်ဆင်ရသေးပါလား" ဟုမေးလိုက်သည်။

"ကျွန်တော်ဘာမှ ယူမသွားပါရစေနဲ့၊ မမတို့ရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ကြီးမားလှပါပြီ"

သူ့အသံက အက်ကွဲ ဆို့နစ်နေသည်။

"လမ်းမှာ ရှင်ဝတ်ဖို့လိုနေမှာပေါ့၊ ပြီးတော့ ဒါတွေအားလုံး စေတနာသန့်သန့်နဲ့ ဝယ်ပေးထားခဲ့တာ မဟုတ်လား၊ ဒါကြောင့် ရှင်ယူသွားလိုက်ပါ ကိုစင်ကြယ်"

"ဒါဖြင့်လဲ တစ်ဝက်ကို ယူသွားမယ်၊ ကျန်တစ်ဝက်ကိုတော့ ထားခဲ့ပါရစေ"

သူက ယွန်းနုစကားကို မငြင်းသာတော့သဖြင့် ဤသို့ပြောလိုက်ခြင်းရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာစားဖို့ မောင်စင်ကြယ်အတွက် ဆီးယိုနဲ့ ကြံသကာလေး ထည့်ပေးလိုက်ကြပါဦး သမီးတို့ရယ်"

ဒေါ်မချုစကားကြားတော့ သူ ပိုပြီးဝမ်းနည်းနေမိသည်။ သူ့အပေါ် သားအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ခဲ့သည့် ဒေါ်မချု၏မေတ္တာစေတနာကို နားလည်နေမိသည် မဟုတ်ပါလား . . .

ယွန်းနုက အဝတ်အိတ်တစ်ခုသဲသို့ သူ့အဝတ်အချို့ကို ယည့်ပြီး သူ့ထံယူလာခဲ့သည်။

"ရော့ . . . ကိုစင်ကြယ်၊ ဒါလေးတွေ ယူသွားလိုက်ပါ၊ ပြီးတော့ ရှင်လမ်းမှာသုံးဖို့ မုန့်ဖိုးနဲ့ လမ်းစရိတ်ပေးလိုက်ဦးမယ်"

ယွန်းနုစကားကြောင့် သူ မျက်မှောင်ကုတ်လိုက်၏။ ပြီးတော့ပြောသည်။

"နေပါစေမမ၊ ကျွန်တော် မယူချင်တော့ဘူး"

ယွန်းနုက ဘာပြောရမှန်းမသိဘဲ ငိုင်တွေသွားသည်။

ယွန်းခက်က စိတ်ထိခိုက် ပေါက်ကွဲသွားသည့် အမူအရာဖြင့် . . .

"အမလေး . . . မောင်စင်ကြယ်ရယ်၊ အရင်တုန်းက ဆိုရင် မမတို့ မုန့်ဖိုးပေးတာနဲ့ ပျော်ရွှင်ခုန်ပေါက်နေတာပဲကွယ်၊ ခုတော့မင်းကိုယ်မင်း နာမည်ကြီးမင်းသားဆိုပြီး ဘဝင်မြင့်သွားပြီပေါ့၊ ကိုယ့်အစ်မတွေကို စိမ်းကားသွားပြီလား"

ယွန်းခက်ငိုသံရောစွက်ပြီး ပြောလိုက်မှပင် သူဘာမှ မပြောပေတော့ဘဲ ယွန်းနုကမ်းပေးသည့် ငွေအချို့ကို သက်ပြင်း ယူလိုက်သည်။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါတော့၊ အားလုံးရဲ့ ကျေးဇူးကို ကျွန်တော် သတိရနေပါ့မယ်"

သူ နှုတ်ဆက်လိုက်သည်။

"ဖင်မိနဲ့ လက်ထပ်ပြီးရင် မမတို့ဆီကို လာလည် ဖြစ်အောင် လာလည်နော် ကိုစင်ကြယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်လာခဲ့ပါ့မယ် မမ"

ယွန်းနုက သူ့ကို အဝေးပြေးကားဂိတ်အထိ လိုက်ပို့ပေးလေသည်။

"ကျွန်တော်ပြန်လာခဲ့မယ်နော် မမ"

ကားထွက်သွားတော့ သူက နှုတ်ဆက်ပြီး လက်ပြသွားသည်။







www.burmeseclassic.com

www.burmeseclassic.com

ကျောက်ရုပ်လေးတစ်ရုပ်လို ငိုင်တွေပြီး ကျန်ရစ်ခဲ့သူက ယွန်းနုရယ်ပါ။

သူ လိုက်ပါသွားသည့် အဝေးပြေးကားကြီး တစ်စစ ဝေးသွားမှပင် ရစ်ဝိုင်းလာသည့် မျက်ရည်များကို လက်ကိုင် ပဝါဖြင့် သုတ်လိုက်သည်။

ဘဝမှာ ခဏတာ ကြုံဆုံခဲ့ရပေမယ့် မမဘေးမှာရှင် ရှိနေခဲ့တဲ့ ပျော်ရွှင်ကြည်နူးစရာအချိန်လေးတွေကို မေ့နိုင်တော့ မှာ မဟုတ်ပါဘူး ကိုစင်ကြယ် ...

❑ ✥ ❑





# အခန်း (၂)

စင်ကြယ်တစ်ယောက်တည်း အဝေးပြေးကားဖြင့် မိတ္ထီလာသို့ ရောက်လာခဲ့သည်။

မိတ္ထီလာမှတဆင့် ကျောက်ပန်းတောင်း၊ ကျောက်ပန်း တောင်းမှတဆင့် မကွေးမြို့သို့ ရောက်လာခဲ့သည်။

မကွေးသို့ ရောက်ရောက်ချင်း ဒေါက်တာဖင်မို့အိမ် သို့ လာခဲ့သည်။

သူ့ကိုမြင်တော့ ဖင်မီ မယုံနိုင်လောက်အောင် အံ့သြ နေလေသည်။

"ဟင် ... မင်းသား၊ ရှင်ပျောက်နေတယ်ဆို၊ ရှင် ပျောက်နေလို့ ရှင်တို့ဇာတ်အဖွဲ့တစ်ခုလုံး သတင်းစာထဲက ကြော်ငြာတာကို လွန်ခဲ့တဲ့ ဆယ်လလောက်က မြင်လိုက်


www.burmeseclassic.com

www.burmeseclassic.com

ရသေးတယ်''

''ဒါတွေနောက်မှပြောပါ မမဇင်မီ၊ အခုကျွန်တော်သိချင်တာက မမဇင်မီအရင်ကအတိုင်းပဲလား''

''ရှင် ဘာကိုဆိုလိုတာလဲ မင်းသား''

''ဟိုလူနဲ့ မမဇင်မီ စေ့စပ်ပြီးပြီလား ... ပြီးတော့ လက်ထပ်လိုက်ပြီလား''

သူ အလျင်စလို မေးလိုက်သည်။

သူ့စကားကို ကြားတော့ ဇင်မီနာကြည်းနေသည့် မျက်ဝန်းများဖြင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

''ရှင် အခုရောက်လာတာ ဒီအကြောင်းကို မေးဖို့သက်သက်ပဲလား။ ဒါဆိုရင်တော့ ကျွန်မမဖြေနိုင်ဘူး''

''ကျွန်တော့်ကိုခွင့်လွှတ်ပါ မမဇင်မီ၊ တကယ်တော့ အဲဒီနေ့က မမဇင်မီဆီလာခဲ့ရင်း ကျွန်တော်ကားပေါ်က ကျကျန် ခဲ့ပြီး အတိတ်မေ့သွားခဲ့တာပါ၊ ဒါကြောင့် အခုမှ သတိရရ ချင်း ပြန်လာခဲ့တာပါ''

သူက အဖြစ်အပျက်အားလုံးကို ဇင်မီနားလည်အောင် ပြောပြလိုက်သည်။

''ဪ ... ဖြစ်မှဖြစ်ရလေ၊ ဇင်မီ့ကြောင့် ရှင်ဒုက္ခ





ရောက်ခဲ့တာပေါ့နော်၊ ဇင်မီစိတ်မကောင်းပါဘူး''

''မမဇင်မီ သိချင်တာတွေ ကျွန်တော်ပြောပြီးပါပြီ၊ ကျွန်တော်သိချင်တဲ့အကြောင်းကိုလဲ မမပြောပြပါဦး''

ဇင်မီက သူ့မျက်နှာကိုကြည့်ပြီး သက်ပြင်းရှိုက်လိုက်၏။

''ဦးမြမင်းနဲ့ မမ စေ့စပ်ပြီးပါပြီ၊ ဒါပေမယ့် လက်မထပ်ရသေးပါဘူး''

''တကယ်ပဲလား ... မမ၊ ကျွန်တော်ဝမ်းသာလိုက်တာဗျာ''

သူ ဝမ်းသာလိုက်လှဲသော အသံဖြင့် ပြောလိုက်မိသည်။

သို့သော် ဇင်မီ့မျက်နှာက ပျော်ရွှင်ဝမ်းသာဟန်မရှိလှဘဲ ဆေးဆိုင်တွေဝေနေသောကြောင့် သူ နားမလည်နိုင်သလို ဖြစ်နေမိသည်။

ဇင်မီ့တစ်ကိုယ်လုံးကို သူ သိမ်းကျုံးပြီး ကြည့်နေမိသည်။

''မယ်ဇင်မီ ကျွန်တော့်ကိုပဲ လက်ထပ်မယ် မဟုတ်လားဟင်''

''မမကို စဉ်းစားခွင့်ပေးပါဦးကွယ်''


www.burmeseclassic.com

www.burmeseclassic.com

ဖင်မှိစကားကြောင့် သူ့ရင်ထဲမှာ စူးရှနာကျင်သွားမိသည်။ သူမနှင့် လက်ထပ်ရန်သူ့ကို အမြန်ဆုံး လာခေါ်ဖို့ပြောခဲ့ဖူးသည့် ချစ်သူက ခုတော့လည်း ပြောင်းလဲနေပြီမဟုတ်ပါလား ...

"ဘာဖြစ်လို့ စဉ်းစားဦးမှာလဲမမ၊ အခုကျွန်တော်မမအနားကို ပြန်ရောက်လာပြီပဲ"

"ဘဝတစ်ခုရဲ့ ပြောင်းလဲခြင်းသဘောတရားတွေကိုမင်းသားနားလည်မှာပါ၊ အဲဒီအချိန်တုန်းက မင်းသားရောက်မလာလို့ မမျှော်လင့်ဘဲ မမစေ့စပ်လိုက်ရတယ်၊ ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ပြီးမှ သူ့ကို ပစ်ထားခဲ့ပြီး ပြန်ရောက်လာတဲ့ ချစ်သူဟောင်းနောက် လိုက်ပြေးဖို့ဆိုတာ သင့်တော်ပါ့မလား"

ဖင်မိတွေးတွေးဆဆ ပြောသည်။

ဖင်မှိမျက်နှာကို ကြည့်ပြီး သူ့ရင်ထဲမှ လှိုက်လှဲဝမ်းနည်းနေမိသည်။

ဖင်မိအတော်ပြောင်းလဲသွားပြီဆိုတာ သူနားလည်နေမိသည်။

ထိုစဉ် ဖင်မိတို့ တိုက်ရှေ့တွင် Land Cruiser CYGNUS ကားတစ်စီး ထိုးရပ်လာသည်။

ကားပေါ်မှ အသက်လေးဆယ်နီးပါးအရွယ်ရှိ လူရည်သန့်တစ်ဦးဆင်းလာသည်။ ပြီးတော့ တိုက်ထဲသို့ ဝင်လာသည်။

"ဖင်မိရေ ... ဒီမှာ ဖင်မိတို့အတွက် ဝယ်လာတဲ့ စားစရာတွေ ယူပါဦးကွာ၊ အန်တီကော ဘယ်သွားသလဲ ဖင်မိ"

သူ့ကို ရုတ်တရက်မမြင်ဘဲ ဖင်မှိကို ရွှန်းရွှန်းဝေသည့် အကြည့်များဖြင့် ကြည့်၍ပြောနေသည့် ဦးမြမင်းကို သူ အကဲခတ် ကြည့်ရှုလိုက်မိသည်။

ဦးမြမင်းက ဖြူဖြူချောချော လူရည်သန့်တစ်ဦးဖြစ်ပြီး ဖင်မိနှင့် ရှေ့သွားနောက်လိုက် ညီလေသည်။

"မေမေအပေါ်ထပ်မှာ ရှိပါတယ်"

ဦးမြမင်းက ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးမှ သူ့ကို သတိပြုမိသွားသည်။

"ဟင် ... သူက ဘယ်သူလဲ"

"ဖင်မှိ မိတ်ဆွေပါ"

"ဖင်မှိမိတ်ဆွေဆိုရင် ကိုကိုနဲ့ မိတ်ဆက်ပေးပြီးလေ







www.burmeseclassic.com

www.burmeseclassic.com



ဇင်မီ''

အပြောချိုနှုတ်ချို၍ သွက်လက်ချက်ချာလှသော ဦးမြမင်းကိုကြည့်ပြီး သူ ဘာလုပ်ရမှန်းမသိ။

ဦးမြမင်းရှေ့တွင် သူ့ကို ဇင်မီ့မိတ်ဆွေပါဟုသာ ပြောခဲ့သည့် သူမကို ဘယ်လိုနားလည်ရမှာပါလိမ့် ...

ဇင်မီက သူနှင့်ဦးမြမင်းကို ရုတ်တရက် မိတ်ဆက် မပေးဘဲကြွေ့မပျက်အောင် ဟန်ဆောင်နေ၏။

ဇင်မီ့အခက်အခဲကို သူက နားလည်သလို ထိုင်ရာမှ ထရပ်လိုက်သည်။

ပြီးတော့ နှုတ်ဆက်လိုက်၏။

''ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး မမဇင်မီ၊ နောက်နေ့မှ ကျွန်တော်လာတွေ့ပါဦးမယ်''

''အိုကေ''

ဇင်မီက သူ့ကို တိုက်ဆင်ဝင်အောက်အထိ လိုက်ပို့ ပေးသည်။

သူ့ရင်ထဲမှာ စူးရှနာကျင်စွာဖြင့် ခေါင်းငိုက်စိုက်ချပြီး ပြန်လာခဲ့သည်။

တစ်နှစ်အတွင်း ပြောင်းလဲသွားခဲ့သည့် သူ့ချစ်သူကို





လက်လွှတ်ဆုံးရှုံးလိုက်ရမှာ နှမြောနေမိသလို သူ့ဘက်ပြန်ပါ လာအောင် အတင်းအကျပ် ဆွဲဆောင်ရမှာလည်း မဝံ့မရဲ ဖြစ်နေမိသည်။

သူ့အနေဖြင့် သူ့ဘက်ပွဲပြန်လည်စုစည်းရန် မန္တလေး သို့ အမြန်ဆုံး ပြန်ချင်နေမိသည်။

ထိုနေ့ညနေ ထမင်းဆိုင်ဝင်ပြီး ညနေစာစားတော့ ငွေရှင်းချိန်တွင် ယွန်းနတ်ကို သတိရနေမိသည်။

ယွန်းနပေးလိုက်သည့် ငွေစက္ကူအသစ်များကို ကြည့်ပြီး ရင်ထဲမှာ ဝမ်းနည်းတမ်းတစွာ ခံစားလိုက်ရ၏။

မမယွန်းနတို့အားလုံး ငါ့အပေါ်မှာ အတော်သဲယောဖြင့် ရှိကြတယ်၊ အခုလိုငါထွက်လာတော့ သူတို့ အားလုံး အောက်မေ့တမ်းတနေကြမှာ အမှန်ပဲ။

သူမတို့နှင့် ခွဲခွာလာခဲ့ရသည့်အကြောင်းကို ပြန်တွေး ပြီး စိတ်ထိခိုက်နာကျင်နေမိသည်။

❑ ✣ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူနေထိုင်သွားခဲ့သည့် အခန်းတံခါးကို တွန်းဖွင့်ပြီး ယွန်းနု ဝင်လာခဲ့သည်။

ဘာလိုလိုနှင့်သူ ပြန်သွားတာ တစ်လခန့်ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား . . .

ထိုရက်များအတွင်း သူမတို့ မိသားစုသုံးယောက်လုံး သူ့ကို အချိန်နှင့်အမျှ သတိရနေမိကြသည်။

သူ့အခန်းထဲသို့ ယွန်းနုဝင်လာခဲ့ပြီး ပြတင်းတံခါးများကို တွန်းဖွင့်လိုက်၏။ ပြီးတော့ အခန်းကိုမျက်လုံးဝေ့ပြီး ကြည့်လိုက်မိသည်။

ခုတင်ခေါင်းရင်း နံရံပေါ်တွင် ချိတ်ဆွဲထားသည့် ဇီးကွက်ရုပ်လေးနှစ်ရုပ်ကို မြင်တွေ့လိုက်ရသည်။

ထိုဇီးကွက်ရုပ်လေးနှစ်ရုပ်ကို ပုဂံမှရန်ကုန်အထိသူယူ





ဆောင်လာခဲ့ပြီး ရန်ကုန်မှတဆင့် တောင်ငူသို့ လိုက်လာရတော့လည်း သူနှင့် ထပ်ချပ်မကွာ ဆောင်လာခဲ့ခြင်း ဖြစ်သည်။

ပုဂံမှာ သူနှင့်တွေ့စဉ်က ယွန်းနုသူ့ကို လက်ဆောင် ပေးခဲ့သည့် ဇီးကွက်ရုပ်လေးနှစ်ခုရယ်ပါ။

သူ အလွန်မြတ်နိုးတန်ဖိုးထားသော ဇီးကွက်ရုပ် နှစ်ခုကို အခုတော့လည်း ထားရစ်ခဲ့လေသည်။

တောင်ငူသို့ ပြန်ရောက်လာသည့်နေ့က အကြောင်း အရာ အချို့ကို ပြန်လည် သတိရနေမိသည်။

◆◆◆ "ဒီအခန်းထဲမှာ နေရမယ်နော်၊ ဒီအခန်းမကြိုက်ရင် ကပ်လျက်အခန်းမှာနေပါ"

"နှစ်ခန်းလုံး နေလို့ရလား"

"မရဘူး"

"စည်းကမ်းရှိရှိ ရှင်ကြိုက်တဲ့ အခန်းတစ်ခန်းထဲမှာပဲ နေခွင့်ရှိတယ်"

"မမကကော ဘယ်မှာနေမှာလဲဟင်"

"ကျွန်မတို့ ညီအစ်မနှစ်ယောက်က အောက်ထပ်မှာ နေကြမယ်"

"ဒါဖြင့် ကျွန်တော်လဲ အောက်ထပ်မှာပဲနေမယ်လေ မမနဲ့ ခပ်နီးနီးနေမှဖြစ်မှာ၊ ဒါမှ မမခိုင်းစရာရှိရင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် ကို အလွယ်တကူ ခေါ်နိုင်မှာပေါ့''
''စကားမရှည်နဲ့ ဒီအခန်းမှာပဲနေရမယ်၊ ရှင့်ကိုလဲ နိုင်းစရာကိစ္စရှိမှာ မဟုတ်ဘူး''
''မမကလဲ ကျွန်တော့်ကို မာန်မဲနေလိုက်တာ၊ ကျွန်တော် ရန်ကုန်ပြန်ချင်လာပြီသိလား''
''ရန်ကုန်ပြန်မယ်ဟုတ်လား၊ ဘရစ်နီကဖြင့် မော်လမြိုင်ဘက် ပို့စ်တင်ကျသွားပြီ၊ ရှင်ဘယ်သူ့ဆီ ပြန်မှာလဲ''
''မမဇင်မီဆီပြန်မှာ''
''လာပြန်ပြီလား ဒီမမဇင်မီ၊ အမြီးအမောက်မတည့် တဲ့ စကားတွေနဲ့ ကျွန်မကိုစိတ်အနှောင့်အယှက် မပေးပါနဲ့''
''ဒါတော့ မမဇင်မီကို သတိရလို့ ပြောတာပဲဗျာ၊ မကျေနပ်ဘူးလား''
''လောလောဆယ်မှာ တိုက်အိမ်ဆောက်မနေနဲ့၊ ရှင့်ဇင်မီက ဘယ်သူမှန်းလဲမသိ၊ ဘယ်ဆီနေမှန်းလဲမသိ၊ ဒါကိုပဲ ဟမ်းတာနေလိုက်တာ''
''ဘယ်ခနတော့ ရှာတွေ့မှာပေါ့ဗျာ၊ အဲဒီတော့မှ မမဇင်မီကို မနာလိုမဖြစ်နဲ့နော်''
''အောင်မာ ... စကားတွေက လွန်လှချည်လား၊





ရှင့်ဇင်မီကို မနာလိုဖြစ်ရအောင် ဘာမို့လဲ၊ ရှင် နော် ... စေတနာနဲ့ ခေါ်လာတာကို မစော်ကားနဲ့''
အတိတ်ကို ပြန်တွေးပြီး သူမတစ်ယောက်တည်း ပြုံး နေမိသည်။
သူမတို့ အနီးတွင် သူမရှိတော့ဘဲ အဝေးကို ထွက်ခွာ သွားပြီဆိုတော့လည်း သူ့အရိပ်တွေက နေရာတိုင်းမှာ ထင်ဟပ်နေတတ်သည်။
နံနက်စောစောအချိန်တိုင်း ခြံထဲတွင် တံမြက်စည်း လှည်းနေတတ်သည့် သူ့ကို မြင်ယောင်နေမိသလို ညနေ ခင်းတိုင်းပန်းပင်တွေ ရေလောင်းပြီး ခြံထဲတွင် တကုပ်ကုပ် အလုပ်ရှုပ်နေတတ်သည့် သူ့ကို မြင်ယောင်နေမိသည်။
''မမအတွက်ပန်း'' ဆိုသည့် အသံကို ကြားယောင် နေမိသလို နေ့စဉ် သူမအတွက် ပန်းခူးပေးတတ်တာကို မေ့ပစ်လို့မရ။ ရက်တွေကြာလာတော့လည်း ရင်ထဲမှာ တမ်းတမိသည်နှင့်အမျှ ပန်းပွင့်လေးတွေကို မကြည့်ချင် မမြင်ချင်လောက်အောင် မျက်နှာလွှဲထားမိသည်။
နေ့စဉ်ဆေးရုံသွားချိန် စက်ဘီးနင်းပြီး လိုက်ပို့တတ် တာတွေ၊ ညနေခင်းသူမ ဆေးရုံမှ ပြန်ချိန်တိုင်းဆေးရုံရှေ့ ရေတမာပင်လေးအောက်တွင် စက်ဘီးလေးရပ်ပြီး စောင့်နေ တတ်သည့် သူ့ပုံရိပ်တွေကို သူမ မျက်လုံးတွေထဲမှ ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်ဘဲ စွဲနေသည်။

သူမသည် ဆေးရုံသွားချိန်တိုင်း သူ့ကို သတိရနေမိသလို ဆေးရုံမှပြန်လာချိန်တိုင်းလည်း သူ့ကို မြင်ယောင်နေမိတတ်၏။

ဘာကြောင့်များသူ့ကို ဒီလောက်တမ်းတနေမိပါလိမ့်ဟု သူမကိုယ် သူမ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ကိုစင်ကြယ် ... ကိုစင်ကြယ် ...

ရှင်ထွက်ခွာသွားမှ ရှင့်ကိုပဲ သတိရနေမိတယ်၊ ဒါဟာ သံယောဇဉ်ထက်ပိုတဲ့ အချစ်တစ်ခုများလား ...

ထိုစဉ်ခပ်ဝေးဝေးမှ ပျံ့လွင့်လာသည့် ထွန်းအိန္ဒြာဗို၏ သီချင်းသံလေးကို ကြားလိုက်ရသည်။

ဒါအချစ်လားကွယ်... ရင်မှာဖန်ဆင်းတယ် သူမသိဘူးလား ... အချစ်ဆုံးသတိရနေ ...နေ့စဉ်တိုင်းလေ ... စိုးမိုးတဲ့အရိပ်တွေ ... လွမ်းတတ်တဲ့ ရင်ကိုတူးဖော် လှည့်ကြည့်တိုင်းလေ ... ဝိုးတဝါးနဲ့ စိတ်အထင်...ဟိုးအဝေးက လှမ်းကြည့်သလိုပဲ ... ဒါဟာအချစ်လား ...တကယ်ပါ ...

သူမမျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေ ရစ်ဝိုင်းလာပြီး သူ့အခန်းထဲမှ လှည့်ထွက်လာခဲ့မိသည်။

သူမ အခန်းထဲရောက်တော့ ဝေမင်းနုံ ရှုံမဟော့ဘွင်





ချိတ်ထားသည့် အနန်းလက်ဖြင့် ပြုလုပ်ထားသည့် ဦးထုပ်လေးများကို တွေ့လိုက်ရသည်။

သူအားလျှင် အနန်းလက်တွေခူးပြီး သူမအတွက်ဟုဆိုကာ ဦးထုပ်လေးတွေ လုပ်ပေးတတ်သည်။

မုန့်ဖိုးရလျှင် စုထားတတ်ပြီး သူမအတွက်ဟုဆိုကာ အနွေးအကျီလေးများ၊ လက်ကိုင်အိတ်လေးများ၊ ဖိနပ်လေးများ ဝယ်ပေးတတ်သည်မို့ သူ ဝယ်ပေးခဲ့သည့် ထိုပစ္စည်းလေးများကို တစ်ခုချင်း ကြည့်နေမိသည်။

သူ ထွက်ခွာသွားသည့်အဖြစ်က တစ်နေ့ထက်တစ်နေ့ တမ်းတခြင်း ဝေဒနာကို တိုးစေသည် မဟုတ်ပါလား ...

"ယွန်းနရေ ... ယွန်းန"

"ဪ ... မမယွန်းခက်"

"ယွန်းန နိုက်ဂျူတီဝင်ဖို့ အချိန်နီးပြီလေ၊ ဆေးရုံ မသွားသေးဘူးလား"

"သွားမယ် မမ"

"ယွန်းနက မောင်စင်ကြယ်ကို အတော်သတိရတယ်နော်၊ မမနဲ့မေမေလဲ သူ့ကို သတိရနေကြတာပဲလေ၊ သူ ပြန်သွားတာ ဘာလိုလိုနဲ့ တစ်လတောင်ရှိပြီ၊ ဘာသတင်းမှ လဲ မကြားရသေးဘူး ငါတို့ကို မေ့သွားပြီထင်တယ်"

သူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာတော့ သူ့ဖာတ်ပွဲပြန်ထူထောင်ဖို့ အလုပ်ရှုပ်နေတယ် ထင်တာပဲ''

''ဟုတ်တယ် . . . ယွန်းနုပြောသလို ဖြစ်နိုင်တယ်''

ယွန်းနုသည် နိုက်ဂျူတီသွားရန် အဝတ်အစားလဲပြီး ပြင်ဆင်နေရင်း သူ့ကို သတိရနေမိသည်။

တစ်ခါတရံ ယွန်းနု နိုက်ဂျူတီကျသည့်အခါတွင် လည်းကောင်း၊ အိမ်ပြန်နောက်ကျသည့်အခါတွင် လည်းကောင်း ညနေစာမစားဘဲ ငုတ်တုတ်ထိုင်စောင့်နေတတ်သည့် သူ့ကို သတိရနေမိခြင်းရယ်ပါ။

ခုတော့လည်း ယွန်းနုကို ဆေးရုံကိုလိုက်ပို့ပေးမည့်သူ တစ်ဦးတစ်ယောက်မှပင် မရှိတော့ပါလား . . .

''ဆေးရုံ သွားတော့မယ် မမ''

ယွန်းခက်ကို နှုတ်ဆက်ပြီး စက်ဘီးလေးယူ၍ ယွန်းနု ထွက်လာခဲ့သည်။

❑❥❑





## အခန်း (၄)

တစ်နှစ်ခန့်အကြာ

ဇာတ်မင်းသားလေး မန္တလေးပြေဦးညီဇာတ်အဖွဲ့ ပုဂံမြို့ ရွှေစည်းခုံဘုရားတွင် ကပြဖျော်ဖြေရန် လော်ရီကားကြီး သုံးစီးဖြင့် ခရီးနှင်လာကြသည်။

အရှေ့ဆုံးကား၏ ကားရှေ့ခန်းတွင် မင်းသားပြေဦးညီ လိုက်ပါလာခဲ့သည်။

သူ့စိတ်အစဉ်သည် အတိတ်ကို ပြန်လည်တွေးတောရင်း ပါလာခဲ့သည်။

သူ စီးလာသည့် ကားက မကွေးမြို့ကို ဖြတ်မောင်းလာသောအခါ ချစ်သူဖြစ်ခဲ့ဖူးသော ဒေါက်တာဇင်မီကို သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အတိတ်အကြောင်းအရာများကို ပြန်လည် သတိရလာခဲ့ပြီးနောက် ဖင်မီထံသို့ သွားရောက်တွေ့ဆုံခဲ့ သည်။

ဖင်မီက သူ့ကိုမြင်တော့ သူမျှော်လင့်ထားသလို ဝမ်း သာလှိုက်လှဲခြင်း မရှိလှပေ။

သူနှင့်ဖင်မီ စကားပြောနေကြစဉ် ဦးမြမင်းရောက်လာ သောကြောင့် သူပြန်လာခဲ့ရသည်။

နောက်တစ်နေ့တွင် ဖင်မီနှင့် သူ တစ်နေရာတွင် ချိန်း၍ ဆွေးနွေးခဲ့ကြသည်။ ထိုအကြောင်းများကို ပြန်လည်စဉ်း စားနေမိ၏။

***"ကျွန်တော်ပြန်လာခဲ့တာ မမဖင်မီနဲ့ လက်ထပ်ကြဖို့ ပဲ၊ ဖြစ်နိုင်ရင် အခုချက်ချင်း လက်ထပ်ချင်တယ် မမဖင်မီ"

ဖင်မီက သက်ပြင်းမောကို ချနေ၏။

"ကျွန်တော်မေးတာ ဖြေပါဦး မမဖင်မီ၊ ကျွန်တော် ထင်နေမိတယ်၊ မမဖင်မီ အတော်ပြောင်းလဲသွားပြီလို့"

ဖင်မီက သူ့မျက်နှာကို စူးစူးရဲရဲကြည့်လိုက်ပြီး လှောင် ပြုံးပြုံးလိုက်၏။

"သိပ်မှန်တာပေါ့ရှင်၊ လူဆိုတာ အချိန်နှင့်အမျှ ပြောင်း လဲတတ်ကြပါတယ်၊ ပြောင်းလဲခြင်းနိယာမသဘောကို ရှင်





လဲ နားလည်သင့်တာပေါ့"

ဖင်မီစကားကြောင့် သူ့ရင်ထဲမှာ စူးနစ်နာကျင်သွားမိ ၏။

"မမဖင်မီ ရင်ထဲမှာ ဘာတွေရှိနေသလဲ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား"

"ကျွန်မကလဲ ပွင့်ပွင့်လင်းလင်းပြောချင်နေတာပါ၊ တကယ်တော့ ရှင့်ကိုကျွန်မ စွဲစွဲလမ်းလမ်း ချစ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ကံကြမ္မာတရားက ရှင်နဲ့ကျွန်မကို ခွဲခဲ့တယ်၊ ရှင် နဲ့ကျွန်မ တစ်နှစ်ကျော်ဝေးကွာခဲ့ကြရတယ်၊ ဒီအချိန်တွေ အတွင်း ဦးမြမင်းနဲ့ကျွန်မ ရင်းနှီးခဲ့ကြတယ်၊ သဘောကောင်း တဲ့ သူ့ကို ခင်မင်ရာကနေ နှစ်သက်ခဲ့တယ်ဆိုပါတော့၊ ပြီး တော့ သူ့ရဲ့ပိုင်ဆိုင်မှုနဲ့ စည်းစိမ်ချမ်းသာတွေကို ကျွန်မ သဘောကျနှစ်ခြိုက်ခဲ့တယ်၊ သူဟာ ကျွန်မရဲ့ဘဝအဖော် မွန်တစ်ယောက် အဖြစ်သင့်ဆုံးပဲလို့ နားလည်ခဲ့မိတယ်လေ"

သူမမျက်နှာကို တွေဝေငြိမ်သက်စွာ သူ ငေးစိုက်ကြည့် နေမိ၏။ ဘယ်ကစပြီး ဘာပြောရမှန်းမသိလောက်အောင် သူ့ရင်ထဲမှာ စူးနစ်နာကျင်စွာ ခံစားနေရသည် မဟုတ်ပါ လား။

"ဒီလောက်ဆို ကျွန်မကို ရှင် နားလည်မှာပါ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ရယ်''

"ဟုတ်ကဲ့ ... ကျွန်တော်သဘောပေါက်ပါပြီ မမ၊ ကျွန်တော်တို့နှစ်ယောက်ကို ခွဲလိုက်တာ ကံကြမ္မာတရား မဟုတ်ပါဘူး၊ မမရဲ့ဂုဏ်မက်တဲ့ ရွေးခြယ်မှုပါပဲ''

စကားဆုံးသည်နှင့် သူ ချာခနဲလှည့်ထွက်လာခဲ့မိသည်။

ဣတ္ထိဝက်နဒီဝက်တဲ့ ...

မိန်းမတွေဟာ အတော်ကြောက် စရာကောင်းပါ လား ...

သူသည် ထိုနေ့နေ့လယ် ကားဖြင့် မန္တလေးသို့ပြန်လာခဲ့သည်။ မန္တလေးရောက်တော့ ဇာတ်ဆရာအိမ်သို့ ဝင်ပြီး အကျိုးအကြောင်း ပြောလိုက်သည်။

"ငါတို့က မင်းပျောက်သွားလို့ သတင်းစာထဲကနေ ကြော်ငြာခဲ့ကြတယ်၊ ဒါပေမယ့် အကြောင်းမထူးခဲ့ဘူး၊ မင်း မရှိတော့ ဇာတ်ခေါင်းကွဲပြီး ဇာတ်အဖွဲ့ဝင်တွေလဲ တခြား ဇာတ်ထဲ လိုက်တဲ့လူလိုက်၊ တခြားအလုပ်လျှောက်လုပ်တဲ့လူ က လုပ်နဲ့ အခုဇာတ်ပြန်ထောင်ဖို့ ငါကြိုးစားရဦးမှာပေါ့ကွာ''

ဇာတ်ဆရာ ဦးလှငွေက ဝမ်းသာဝမ်းနည်းပြောလိုက် သည်။

သုံးလခန့်ကြာသောအခါ သူတို့ဇာတ်အဖွဲ့ ပြန်လည်





စုစည်းမိခဲ့ကြသည်။

ယခုပုဂံမြို့ ရွှေစည်းခုံဘုရားပွဲတွင် ကပြရန် ထွက်လာ ခဲ့ခြင်းမှာ ပြန်လည်စုစည်းခဲ့သည့် သူတို့ဇာတ်ပွဲအချိန်နှစ်ဆယ် မြောက် ဖြစ်သည်။

"ပုဂံမြို့ကိုရောက်တော့မယ်ဗျ၊ မင်းသားဘာတွေ ဒီ လောက်တောင် စဉ်းစားနေရတာလဲ''

ဒရိုင်ဘာအသံကြားလိုက်မှပင် အတွေးစပြတ်သွားရ၏။

"ပုဂံရောက်ရင်ဘုရားတွေစုံအောင် ဖူးရတာပေါ့ဗျာ''

သာယာလှပသည့် ပုဂံမြို့ထဲသို့ ဝင်လာပြီဖြစ်သော ကြောင့် ရှုမောမဆုံးနိုင်သည့် ဘုရားအဆူဆူကို ကြည့်ရှုဖူး မြော်ရင်း သူပြောလိုက်သည်။

"ဘယ်မှာ ရပ်ရမလဲ မင်းသား၊ ဇာတ်ရုံကို အရင်သွား မလား၊ ထမင်းဆိုင် အရင်ဝင်မလား''

"ထမင်းဆိုင် အရင်ဝင်မယ်ဗျာ၊ ဗိုက်ဆာလှပြီ''

ဒရိုင်ဘာက ထမင်းဆိုင်တစ်ဆိုင်ရှေ့သို့ ကားကို မောင်းနှင်လာခဲ့ပြီး ကားကို ရပ်လိုက်သည်။

ထိုဆိုင်က အခြားမဟုတ်၊ ဦးဝကြီး၏ ထမင်းဆိုင် ပင်ဖြစ်လေသည်။

ဇာတ်အဖွဲ့ကားအားလုံး ဦးဝကြီးဆိုင်ရှေ့တွင် ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ကားပေါ်မှ လူတွေအလျှိုအလျှို ဆင်းလာခဲ့ကြသည်။

သူဆိုင်ထဲ လှမ်းဝင်လာခဲ့ပြီး စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ပြီးတော့ ဆိုင်ထဲ မျက်လုံးဝေ့ကြည့်ရင်း မျက်မှောင်ကုတ်သွားမိသည်။

. . . ဒီနေရာကို ငါ ရောက်ဖူးသလိုလိုပဲ . . . ဘယ်တုန်းက ရောက်ဖူးတာပါလိမ့် . . . ဟိုလူဝကြီးကိုလဲ ငါ မြင်ဖူးနေသလိုပဲ . . .

"ညှော်သည့်တွေကို ထမင်းဟင်းတွေချပေးကြစမ်းဟော့"

ဦးဝကြီး၏ ကျယ်လောင်သောအသံကို ကြားလိုက်ရပြီးနောက် ဦးဝကြီးက သူ့ကို မြင်တွေ့သွား၏။

"ဟင် . . . မင်း . . . စင်ကြယ် မဟုတ်လား"

ဦးဝကြီးအမေးကို သူ ရုတ်တရက် မဖြေဘဲ ငေးကြောင်နေမိစဉ် သာဒင်က ကောင်တာထိုင်ရာမှ ထလာပြီး သူ့အနီးတွင် ရပ်လိုက်သည်။ ပြီးတော့ ပြောသည်။

"ဟော့ကောင် . . . စင်ကြယ်၊ မင်းက ဇာတ်အဖွဲ့နဲ့ ပါလာတာကိုး၊ ဒါနဲ့ မင်းကို တို့ဆိုင်ကနေခေါ်သွားတဲ့ ဟိုဆရာငနိမလေးကော ပါမလာခဲ့ဘူးလား"

သူရုတ်တရက် ဘာမှမဖြေ။ သူ့ကို အမြဲလိုလိုရိုက်





မောင်းပုတ်မောင်းလုပ်ခဲ့သော သာဒင်မျက်နှာကို မြင်လိုက်ရတော့ မေ့ပျောက်နေခဲ့သည့် အတိတ်အကြောင်းအရာအချို့ကို ပြန်လည်သတိရလာခဲ့သည်။

သည်ဆိုင်ကလေးတွင် အောက်ခြေသိမ်းအလုပ်သမားကလေးအဖြစ် သူနေထိုင်ခဲ့ဖူးသည် မဟုတ်ပါလား . . .

ပြီးတော့ သူတို့နှိုင်းသမျှ ရိုက်ပုတ်ထုထောင်းသမျှ အံကြိတ်ပြီး ခံခဲ့ရသည်။

ထမင်းချက်အဖြစ်၊ စားပွဲထိုးအဖြစ်၊ အိုးတိုက်သမားအဖြစ် ဘဝမျိုးစုံကျင်လည်ခဲ့ရ၏။

ထမင်းဆိုင်သေား တဲစကော်ပြိတ်အောက်ရှိ သူအိပ်ခဲ့ဖူးသော ကွပ်ပျစ်ဟောင်းလေးကို သတိရပြီး သူထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ပြီးတော့ ထိုကွပ်ပျစ်ဟောင်းလေးရှိရာသို့ ရောက်လာပြီး ရပ်ကြည့်နေမိသည်။

"ဟော့ကောင် . . . စင်ကြယ်၊ တို့မေးတာ ဖြေပါဦးကွ၊ မင်းရဲ့ဆရာဝနိမချောချောလေး ဘယ်မှာ ကျန်ရစ်ခဲ့သလဲ၊ သူက ငါတို့ဆီကနေ မင်းကို ရအောင်ခေါ်သွားတာ၊ ရန်ကုန်မှာ ဆေးကုပေးမလို့တဲ့"

သာဒင်က သူ သိချင်တာကို စိတ်ဝင်တစားမေးနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

“ဟဲ့ ကောင်လေး နင်ရဲ့ အရူးရောဂါပျောက်သွားပြီလား”

ဦးသာဒင်၏ဇနီးက ရင့်ရင့်သီးသီး မေးလိုက်သည်။

“ခင်ဗျားတို့ မင်းသားကို ဘာတွေပြောနေကြတာလဲ၊ ဒါ အရူးမဟုတ်ဘူး၊ နာမည်ကြီး ဇာတ်မင်းသား မန္တလေး မြေဦးညို၊ နားလည်ရဲ့လား”

ဇာတ်ကနဲထရိုက် ဦးလှငွေက စိတ်ဆိုးမာန်ဆိုး ဝင်ပြောလိုက်မှပင် သူတို့မျက်နှာတွေ ရှုံ့တိုးရှုံ့တန်း ဖြစ်သွားကြပြီး ဘာမှ ဆက်မမေးကြတော့ပေ။

သူ နေ့လယ်စာ မစားဖြစ်တော့ဘဲ ဆိုင်ထဲမှ ထွက်လာခဲ့မိသည်။

❑ ❥ ❑





## အခန်း (၅)

ရွှေစည်းခုံစေတီတော်ကြီး၏ ဆီမီးတစ်ထောင်ပူဇော်ပွဲ ည ဖြစ်သည်။

လျှပ်စစ်မီးရောင် ဆီမီးရောင် လပြည့်ညည၏ လရောင်တို့ဖြင့် ရွှေစည်းခုံစေတီတော်သည် ရွှေရောင်တဝင်းဝင်းနှင့် အလွန်ကြည်ညိုဖွယ်သပ္ပာယ်လှန်းလှသည်။

အနောက်စောင်းတန်းကြီးနှင့် ကပ်လျက်ရင်ပြင်တော် တစ်နေရာတွင် သူတစ်ယောက်တည်း ရပ်နေမိသည်။

သူ့အနီးတွင် ထုံးဖြူဖွေးဖွေးနှင့် စေတီနှစ်ဆူကို မြင်လိုက်ရသည်။

“အဲဒါ ခင်ဦးတန် ဘုရားလေ၊ ကျန်စစ်မင်းကြီးရဲ့ မိဖုရားလေးပါးမှာ ခင်ဦးနဲ့ခင်တန်မိဖုရားတွေ ပါဝင်ခဲ့ကြတယ်၊ အဲဒီမိဖုရားနှစ်ပါးနဲ့ သက်ဆိုင်တဲ့ စေတီတွေပေါ့”

အသက်ဆယ်နှစ်ရွယ်ကလေးတစ်ဦးက ဘုရားဖူးအချို့ကို ပြောပြနေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူသည် ခင်ဦးခင်တန်စေတီတို့ကို ဖူးမြော်ကန်တော့လိုက်ပြီး ထိုနေရာလေးမှာပင် ရပ်နေမိသည်။

ထိုစဉ် အသံတစ်သံကို ကြားလိုက်ရပြန်၏။

"အခုကျွန်တော် ပြောပြတာကတော့ ရွှေစည်းခုံစေတီကြီးရဲ့ အုံ့ဖွယ်ကိုးပါးကို ကင်းဝန်မင်းကြီးက စာစပ်ခဲ့တာပါ"

သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

အသက်ဆယ်နှစ်ရွယ် ပုဂံသူလေးတစ်ဦးကို တွေ့ရသည်။

အတိတ်အကြောင်းအရာများကို သူ မှတ်မိလာခဲ့ပါပြီ။

သူကိုယ်တိုင် ပုဂံမှာနေထိုင်ခဲ့စဉ်က သည်ကလေးတွေလိုပင် ရာဇဝင်အကြောင်း ပြောသူလုပ်ခဲ့ဖူးသည် မဟုတ်ပါလား ...

တစ်ဆက်တည်းဆိုသလို သူသည် ယွန်းနုတို့သူငယ်ချင်းတစ်စုကို သတိရလိုက်မိ၏။

သည်နေရာလေးမှာပင် သူမတို့ သူငယ်ချင်းတစ်ခုနှင့် သူ ဆုံတွေ့ခဲ့ကြဖူးသည်။

ထိုအဖြစ်အပျက်ကို သူပြန်လည်တွေးတွေ၍ မှတ်မိလာ၏။

***"အမလေး ဘယ်သူများလဲလို့၊ လက်စသတ်တော့ စိန်ပလိန်တိန်ကိုး"





***"ဪ အစ်မတို့ကလဲ ဒီလူက တကယ့်အရှုးဗျ ဦး ဘုရားကြီးဘေး ထမင်းဆိုင်က ဦးဝကြီးတို့ မွေးစားထားကြတာ၊ ဦးဝကြီးသားက ခိုင်းမကောင်းလို့ဆိုပြီး တစ်ခါတစ်ခါ ရိုက်ရင် သိပ်သနားဖို့ကောင်းတာပဲ"

သူ ဘုရားဆောင်းတန်းရှိရာသို့ လျှောက်လာခဲ့သည်။

ဆောင်းတန်းထဲရောက်တော့ ယွန်းဆိုင်တစ်ဆိုင်ထဲမှ မိန်းကလေးတစ်ယောက်က ပြေးထွက်လာပြီး သူ့ကို နှုတ်ဆက်လိုက်သည်။

"ဟယ် ... ကိုစင်ကြယ်ကြီး၊ ပုဂံကို ပြန်လာလည်တာလား"

ထိုမိန်းကလေးကိုမြင်မြင်ချင်း သူ မှတ်မိပြီး ရယ်လိုက်၏။

"ရှင့်ကို ရန်ကုန်ခေါ်သွားတဲ့ မမကော"

သူ ဘာမှ မဖြေဘဲ ဆက်လျှောက်လာခဲ့သည်။

"ကိုစင်ကြယ် ... ခဏ"

ယွန်းသည်မလေးသူဇာက သူ့လက်တစ်ဖက်ကို ဆွဲထားလိုက်ပြီး "ကိုစင်ကြယ် ... ရန်ကုန်အပြန်လက်ဆောင် ဖီးကွက်ရုပ်လေးတွေ ဝယ်သွားပါဦးလား" ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဇီးကွက်ရုပ်နှစ်ရုပ်ကို ယေယူလိုက်ပြီး တစ်ယောက်တည်း ထွက်လာခဲ့သည်။

***"ဒီဇီးကွက်လေး ကျွန်တော့်ပေးပါလား မမရယ်"

"ကဲ ... ရော့၊ ဒါရှင့်အတွက်လက်ဆောင်"

"တစ်ကောင်ပဲပေးပါ မမ"

"ဇီးကွက်ဆိုတာ တစ်ကောင်တည်း မထားကောင်းဘူး ကိုမင်ကြယ်၊ နှစ်ကောင်တွဲပြီး ထားရတယ်တဲ့၊ ဒါကြောင့် နှစ်ကောင်လုံး ယူသွားပါ"

ယွန်းနှုန့်ပတ်သက်ခဲ့သမျှ အတိတ်အကြောင်းအရာအားလုံးကို သူမှတ်မိခဲ့ပြီဖြစ်သည်။

ထိုနေ့က ယွန်းနှင့် LACQUER WARE များကို မြင်းလှည်းဂိတ်ရှိရာသို့ သယ်ဆောင်ပြီး လိုက်ပို့ပေးခဲ့သည် မဟုတ်ပါလား ...

မြင်းလှည်းပေါ်သို့ ယွန်းပစ္စည်းများကို တင်အပြီးမှာ သူ ပြောခဲ့တာကို သတိရနေမိသည်။

***"မမပေးတဲ့ဇီးကွက်ရုပ်လေး ကျွန်တော်အိပ်တဲ့ ကုတင်ပုစ် ခေါင်းရင်းက ထရံမှာ ချိတ်ထားမယ်"

သူ တစ်ယောက်တည်း ဇာတ်ရုံရှိရာသို့ လမ်းလျှောက်၍ ပြန်လာခဲ့သည်။

သူမနှင့်ပတ်သက်ဆက်နွယ်ခဲ့သည့် အတိတ်အကြောင်းအရာများကို ပြန်လည်သတိရလာသည်နှင့်အမျှ တမ်းတခြင်းဝေဒနာတွေက သူ့ရင်ထဲမှာ နှိပ်စက်နေသည်။

... မမ ...မမ ကျွန်တော့်ပေါ်မှာ သံယောဇဉ်အပြည့်နဲ့ ချစ်ခင်ကြင်နာခဲ့တယ်၊ စာနာခဲ့တယ်။

မမနဲ့ပတ်သက်ဆက်နွယ်ခဲ့တဲ့ အတိတ်အကြောင်းအရာတွေကို ရုတ်တရက် ကျွန်တော်မေ့သွားခဲ့မိတယ်။

ခုမှအားလုံးကို ကျွန်တော် တဖြည်းဖြည်း မှတ်မိစပြုလာခဲ့ပါပြီ ...

သတိရလာသည်နှင့်အမျှ မမကို လွမ်းတယ်၊ ဒီည ကျွန်တော်ပွဲမကချင်တော့ဘူး။ ဒါပေမယ့် သဘင်သည်တစ်ယောက်မို့ ကရပေဦးမည်။

ဒီပွဲတစ်ချီပြီးရင် မမရှိနေတဲ့နေရာကို ကျွန်တော်အရောက်ပြန်လာခဲ့တော့မယ်။

ကျွန်တော်တို့နှစ်ယောက် တစ်သက်လုံး မခွဲမခွာနေကြရတော့မယ်လေ။

ကျွန်တော့်အချစ်ကိုလက်ခံနိုင်ပါ့မလား မမရယ်။

သူတစ်ယောက်တည်း တမ်းတမ်းတတ တွေးတောနေမိသည်။







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ဒေါက်တာယွန်းနုဝတီနှင့် သူငယ်ချင်းတစ်စုတို့သည် ပုဂံမြို့ရှိဘုရားများဖူးရန် ဒုတိယအကြိမ်မြောက်ခရီးထွက်လာခဲ့ကြ၏။

ယခင်တစ်ခေါက်ကလိုပင် စုစုပေါင်းမိန်းကလေး ခြောက်ယောက်ဖြစ်သည်။

ဆရာဝန်မများဖြစ်ကြသည့် ယွန်းနုဝတီ၊ ရွှန်းလဲ့၊ မိုးပြာ၊ ဘရစ်နီ၊ ကေခိုင်နှင့် အိမ်ရှင် ယုယုအေးတို့ ဖြစ်ကြ၏။

သူမတို့အားလုံး မြင်းလှည်းငှားပြီး ဘုရားစုံလျှောက်ဖူးကြရင်း ရွှေဂူကြီးဘုရားရှိရာသို့ ရောက်လာခဲ့ကြသည်။

ဘုရားအနီးတွင် မြင်းလှည်းလေးရပ်ပြီး ဆင်းလာခဲ့ကြသည်။ ပြီးတော့ ယွန်းထည်ပစ္စည်းရောင်းသည့် ဆိုင်တစ်ဆိုင်ထဲ ဝင်ပြီး လိုချင်သည့် ပစ္စည်းများကို ရွေးခြယ်ဝယ်ယူနေကြသည်။





ယွန်းနုသည် ဖီးကွက်ရုပ်ကလေးများကိုမြင်တော့ သူ့ကို သတိရပြီး ရင်ထဲမှာ ထိခိုက်နာကျင်စွာ ခံစားလိုက်ရသည်။

ဖီးကွက်ရုပ်လေးများကို မဝယ်ယူတော့ဘဲ ဘုရားရင်ပြင်တော်ပေါ်သို့ တစ်ယောက်တည်း တက်လာခဲ့မိသည်။

ရွှေဂူကြီးဘုရားသည် စကြံပလ္လင်မြင့်အထက်တွင် တည်ရှိ၍ မြောက်ဘက်သို့ မျက်နှာမူလှည့်နေသည်။ ဘုရားရင်ပြင်တော်ပေါ်ရှိ ထနောင်းပင်ရိပ်အောက်မှာ သူမတစ်ယောက်တည်း ရပ်နေမိသည်။

*"မမ ... ကျွန်တော့်ကို ရန်ကုန်တကယ်ခေါ်သွားမှာလား"*

*"မမ ဒီမှာ မမအတွက် ကျွန်တော့်လက်ဆောင်လေ၊ ချိုးငှက်လေးပါ၊ ဒီငှက်လေးရဲ့ကူသံကိုကြားရတိုင်း ကျွန်တော့် အပေါ်မှာထားတဲ့ မမရဲ့ အမုန်းတရားတွေ ငြိမ်းချမ်းပါစေ"*

ချိုးငှက်လေးဖမ်းပြီး သူမကို လက်ဆောင်ပေးခဲ့သည့် သူ ...

သူမထံမှ လွင့်သွားသည့် လျှာသဘက်ကလေးကို ထနောင်းပင်ကြီးပေါ်တက်ပြီး သက်စွန့်ဆံဖျား ပြန်ယူပေးခဲ့သည့် သူ ...



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းတွေထဲမှာ သူ့ပုံရိပ်တွေကိုသာ စွဲလမ်းမြင်ယောင်နေမိသည်။

✱✱✱ "သည်သဘက်ကလေး ကျွန်တော့်ကို ပေးမှာလား

ဟင်၊ ကျွန်တော်လဲ ခေါင်းပေါင်းလိုနေတာနဲ့အတော်ပဲ၊

မနက် မနက် ချမ်းတဲ့အခါ ခေါင်းပေါင်းပေါင်းရမယ်"

သူ့အကြောင်းများ တွေးနေရာမှ လှည်းလမ်းကလေးရှိရာသို့ သူမငေးမောကြည့်လိုက်မိသည်။

သူမတို့ သူငယ်ချင်းတစ်စုစီးသည့် လှည်းနောက်မှ ပြေးလိုက်လာခဲ့သည့် သူ့ပုံရိပ်တွေကို ပြန်လည်မြင်ယောင်မိပြီး သူမမျက်ဝန်းနှစ်ဖက်တွင် မျက်ရည်များ ရစ်ဝိုင်းလာမိသည်။

ထိုစဉ် သူငယ်ချင်းများ သူမအနီးသို့ ရောက်လာကြသည်။

"ဟယ် ... ယွန်းနုတစ်ယောက်တည်း ငိုနေတယ်တော့၊ ဘာဖြစ်လို့လဲ ... ကိုစင်ကြယ်ကို သတိရလို့လား"

"ဟုတ်တယ် ... ကိုစင်ကြယ်ကို သိပ်သတိရတာပဲ၊ ခုနေများ ကျွန်မတို့နားကို သူရောက်လာရင် သိပ်ပျော်မိမှာပဲလေ"

ယွန်းနု တမ်းတမ်းတတပြောလိုက်မိသည်။







"သူက မင်းသားမဟုတ်လား၊ အခုပုဂံမှာ ဇာတ်အဖွဲ့တွေ ရောက်နေတယ်၊ မန္တလေးမြေဦးညိုဆိုတဲ့ ဇာတ်ရုံကို ငါတွေ့မိသလိုပဲ"

အိမ်ရှင်ယုယုအေးက အမှတ်တမဲ့ ပြောလိုက်သည်။

သူ့စကားကြောင့် ယွန်းနုအံ့ဩသွားသည်းသာပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟင် ... ဟုတ်လား၊ ဒါကြောင့် သူ့ပွဲပြန်ကနေပြီပေါ့"

"သြော် ... ဆန်းကျယ်လိုက်တဲ့ အဖြစ်ပါပဲ၊ နာမည်ကြီးဇာတ်မင်းသားတစ်ယောက်နဲ့မှ ဆုံတွေ့ခဲ့ကြရတဲ့ ဇာတ်လမ်းတစ်ခုပဲနော်" ဟု ရွှန်းငွေ့က ပြောလိုက်သည်။

ဘရစ်နီက ဝမ်းသာပျော်ရွှင်နေသည့် အမူအရာဖြင့်

"ငါမမာမီပြောတာ မှန်နေတာပေါ့၊ သူဟာ မင်းသားမြေဦးညိုနဲ့ ခွဲမရအောင်တူတယ်ဆိုတာလေ၊ အိမ်ပြန်ရောက်မှ မာမီကို ပြောပြရဦးမယ်" ဟုပြောလိုက်သည်။

"ကဲ ... ခဏကြာရင် မင်းသားကို သွားနှုတ်ဆက်ကြရအောင် မကောင်းဘူးလား"ဟု မိုးပြာပြောလိုက်၏။

"ကောင်းတယ်ဟေ့ ... ကောင်းတယ်" ဟု အားလုံးပြိုင်တူအော်လိုက်ကြသည်။

"မင်းသားကို သွားနှုတ်ဆက်ကြဖို့ မလိုတော့ပါဘူး၊ မင်းသားကိုယ်တိုင် မမတို့ရှေ့ကို ရောက်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူမတို့ရှေ့သို့ ရုတ်တရက်ဆိုသလို ဘွားခနဲရောက်လာသည့် သူ့ကိုမြင်တွေ့လိုက်ရသောကြောင့် အားလုံး အံ့ဩသွားကြသည်။

"မမ ယွန်းနု"

သူက ယွန်းနုလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ပြီး လှိုက်လှဲတုန်ရင်နေသည့် အသံဖြင့် ခေါ်လိုက်သည်။

"ကိုစင်ကြယ် . . . ကျွန်မကို တကယ်ပဲ သတိရတယ် နော်"

သူမ ငိုသံမပေါက်အောင် အသံကို ထိန်းပြီးပြောလိုက်သည်။

"သိပ်သတိရတာပေါ့ မမရယ်"

"သတိရရင် ဘာဖြစ်လို့ အလည်မလာတာလဲ ကိုစင်ကြယ်"

"အလည်လာဖို့ မလိုတော့ပါဘူးလေ၊ ကျွန်တော်အပြီးပြန်လာတော့မှာ၊ တစ်သက်လုံး မမတို့နဲ့ နေဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟင် တကယ်လား ကိုစင်ကြယ်၊ မမ ဝမ်းသာလိုက်တာ၊ မေမေနဲ့မမခက်သိရင်လဲ သိပ်ဝမ်းသာကြမှာပဲ"

ယွန်းနုအသံက ဝမ်းသာဝမ်းနည်းဖြင့် လှိုက်တုန်နေသည်။



BURMESE CLASSIC .com



"ကဲ . . . မင်းသားနဲ့မင်းသမီး ဇာတ်ပေါင်းခန်းရောက်ကြပြီ၊ တို့ ရှောင်ပေးမှ ထင်တယ်"

ယုယုအေး စကားအဆုံးတွင် အားလုံး ဘုရားရင်ပြင်တော်ပေါ်မှ ပြေးဆင်းသွားကြလေသည်။

"မမ"

"ကိုစင်ကြယ်"

"မမ ဘဝထဲမှာ တစ်သက်တာထာဝရ နေခွင့်ပေးမှာလား ဟင်"

သူမ မဝံ့မရဲ ခေါင်းညိတ်လိုက်မိ၏။

လွန်ခဲ့သည့် ဆယ်လခန့်က ဇင်မီလက်ထပ်သွားသည့်သတင်းကို သူမ သတင်းစာထဲမှာ ဖတ်လိုက်ရသည်မို့ ဇင်မီအကြောင်းမမေးမြန်းတော့ပါ။

"မမနဲ့ပတ်သက်ဆက်နွယ်ခဲ့တဲ့ အတိတ်ဘဝကို သတိရလာမှ ပိုပြီးတမ်းတရတယ် မမ၊ နေမဝင် အလွမ်းပေါ့"

"မင်းသားပီပီ အပြောတွေ ကောင်းလိုက်တာ"

"မမကိုချစ်တယ်၊ ချစ်တယ်ဆိုတဲ့စကားထက်ပိုပြီး မြတ်နိုးတမ်းတရတယ် မမ၊ မေမေနဲ့ မမယွန်းခက်ကိုလည်း သိပ်အောက်မေ့တာပဲ၊ မနက်ဖြန်ည ပွဲကအပြီး ပွဲချိန်ခဏနားမှာမို့ မမနဲ့အတူ တစ်ပါတည်း ပြန်လိုက်ခဲ့ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနု ပြုံးရွှင်ကြည်နူးစွာ ခေါင်းညိတ်လိုက်မိသည်။

"ဖြေပါဦး မမ၊ ကျွန်တော့်ကို လက်ထပ်ခွင့် ပြုမှာလား ဟင်"

"အိမ်ကို ပြန်လာဖို့ လမ်းပျောက်နေတဲ့ ငှက်ကလေး ရယ် . . . မင်းနဲ့ အိပ်မက်ကလေးကို မမလွမ်းနေခဲ့ရတာ ကြာလှပါပြီကွယ်"

သူမအသံက မြတ်နိုးမှု၊ မျှော်လင့်ခြင်းများစွာဖြင့် သူ့နားထဲမှာ တစ်မျိုး သာယာနေသည် မဟုတ်ပါလား . . .

♪ အိမ်ကိုလွမ်းသော ကြိုးကြာငှက်တို့သည်
အသိုက်ရှိရာမြင့်မားသော တောင်များဆီသို့
နေရောညပါ မနားမနေ ပျံသန်းနေသကဲ့သို့ . . .
ကျွန်ုပ်၏ အလုံးစုံသော ဘဝကို
ယင်း၏ အနန္တအိမ်ဂေဟာဆီသို့ ရေရှု၍
ခရီးနှင်ခွင့်ပေးတော်မူပါ အရှင်မြတ်ဘုရား . . .
(တကိုး)

စာဖတ်ပရိသတ်များအား လေးစားချစ်ခင်
ကျေးဇူးတင်ပါသည်။

စာရေးတဲ့
စုလှမြူ

**စိုးမိုးစာပေ**

www.burmeseclassic.com